# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက် | ၂၀၂၁ ခုနှစ်၊ မေ ၂၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၂၃၆)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် လှိုင်ကော်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ လူနာတစ်ဦးအား အသုံးအဆောင်ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများ၊ မိသားစုများနှင့် တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မေ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် ယနေ့ နံနက်ပိုင်းတွင် လှိုင်ကော်မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ သွားရောက်ကာ တပ်ဖွဲ့ဝင်နှင့် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ▼

## အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်း

နေပြည်တော် မေ ၂၆

ယနေ့မြန်မာစံတော်ချိန် ၄ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ယာစ်" သည် အိန္ဒိယနိုင်ငံ မြောက်ပိုင်းကမ်းခြေကို ဘလာဆောမြို့တောင်ပိုင်း အနီးမှ ဖြတ်ကျော်ခဲ့ပြီး အနောက်မြောက်ဘက်သို့ရွေ့လျားကာ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ် အားလျော့သွားခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ နောက် ၆ နာရီအတွင်း ကုန်းတွင်းမုန်တိုင်းအဖြစ်လည်းကောင်း၊ နောက် ၁၂ နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်လည်းကောင်း တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရပါသည်။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေပါသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်

စာမျက်နှာ ၃ ကော်လံ ၁ ✻




## ယနေ့ ဖတ်စရာ


မိုးသက်လေပြင်းကြောင့် ရွှေသောင်ယံ ကမ်းခြေကားလမ်း သွားလာရန် ခက်ခဲနေ — စာ » ၁၀





အဝေးပြေးယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲမှုဖြင့် ခရီးသွားများအဆင်ပြေပြီး ယာဉ်လိုင်းများလုပ်ငန်းလုပ်ဆောင်မှုမှ ဝင်ငွေတိုးလာ — စာ » ၁၂

ပြည်သူ့အချစ်တော်အနုပညာရှင်တွေ နိုင်ငံရေးရဲ့အသုံးချခံများ မဖြစ်စေလိုပါ ... — ဆောင်းပါး — စာ » ၆

အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်း ယာစ် အိန္ဒိယနိုင်ငံ အရှေ့ပိုင်းကမ်းရိုးတန်းကို ဝင်ရောက်တိုက်ခတ်ရာ ငါးဦးသေဆုံးပြီး လူသန်းချီပြောင်းရွှေ့မှုများပြုလုပ် — နိုင်ငံတကာသတင်း — စာ » ၁၃

# ယဉ်ကျေးမှုပျောက်ကွယ်လျှင်

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတို့တွင် ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းတို့ရှိကြသည်။ ထိုရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများမှာ မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် လူတို့၏ ကာယအား၊ ဉာဏအားတို့မှ ထွက်ပေါ်လာကြခြင်းဖြစ်ပြီး ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရတို့ကို လေ့လာသုံးသပ်ခြင်းအားဖြင့် လူမျိုးတို့၏ အတွေးအခေါ် အဆင့်အတန်း၊ လူနေမှုအဆင့်အတန်းတို့ကို သိမြင်နိုင်သည်။ လူတို့၏ ဓလေ့ထုံးတမ်း၊ အနေအထိုင်၊ အပြောအဆို၊ အဝတ်အစား၊ အသုံးအဆောင်၊ အစားအသောက်၊ ကိုးကွယ်ယုံကြည်မှု၊ စာပေ၊ ဂီတ၊ အနုပညာစသည်တို့အပါအဝင် မထိမကိုင်နိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုများ၊ ထိကိုင်နိုင်သည့် ဒြပ်ရှိယဉ်ကျေးမှုများစသည်တို့မှာ တန်ဖိုးထား၍ ထိန်းသိမ်းကြရမည့် အမျိုးသားရေးအမွေအနှစ်များပင်ဖြစ်သည်။

မြန်မာလူမျိုးတို့မှာ တင့်တယ်သည့် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ ရှိခဲ့သည်။ မြန်မာ့လူနေမှုစနစ်သည် လည်းကောင်း၊ မြန်မာ့လူမှုဆက်ဆံရေးသည်လည်းကောင်း မြန်မာ့ရေမြေပေါ်တွင် ကိုယ်ပိုင်ဟန်ဖြင့် ပေါ်ထွန်းလာခဲ့ပြီး တင့်တယ်ထည်ဝါခဲ့ခြင်းလည်းဖြစ်သည်။ မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ ရိုးရာယဉ်ကျေးမှုထုံးဓလေ့များကို လက်ဆင့်ကမ်း အမွေပေးကာ မပျောက်မပျက်အောင် ထိန်းသိမ်းခဲ့ကြသလို တစ်ခေတ်ပြီးတစ်ခေတ် ဆက်လက်မြှင့်တင်ခဲ့ကြသည်။ ရိုးရာယဉ်ကျေးမှုတို့ကို ပြည့်စုံကြွယ်ဝစေခဲ့သည်။ ဖွံ့ဖြိုးတိုးတက်စေခဲ့သည်။ မြန်မာ့ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှုနှင့်အတူ ဘာသာရေးအဆုံးအမ၊ အတွေးအမြင်များပေါ်တွင် အခြေစိုက်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့ သူ့ကျွန်ဘဝကျရောက်ခဲ့ချိန် တစ်လျှောက်လုံး အမျိုးသားယဉ်ကျေးမှုကို လျစ်လျူရှုပစ်ပယ်ခြင်းခံခဲ့ရသည်။ စာပေနှင့် မှတ်တမ်းအများအပြား ပျက်စီးပျောက်ဆုံးမှု အများအပြားရှိခဲ့သလို အမျိုးသားယဉ်ကျေးမှု အမွေအနှစ် မြောက်မြားစွာတို့ လုယက်ခိုးဝှက်ခံခဲ့ရသည်။ လက်စတုံးဖျက်ဆီးခံခဲ့ရသည်။ သမိုင်းကြောင်းကို လွဲမှားစွာ ပုံဖော်ခံရသလို တစ်မြေတည်းအတူနေခဲ့သူများအကြား သွေးခွဲရန်တိုက်မှု၊ သံသယနှင့် အမုန်းတရားတို့ ပေါ်ပေါက်စေရန် သပ်လျှိုမှုတို့ကိုလည်း ကာလရှည်လျားစွာ ပြုကျင့်ခံခဲ့ရသည်။ နယ်ချဲ့သမားတို့က ၎င်းတို့ ကျူးကျော်သိမ်းပိုက်ခဲ့သည့်နိုင်ငံမှ လူမျိုးတို့၏ ယဉ်ကျေးမှုကို ဖျက်ဆီးခြင်း၊ ဘာသာသာသနာကို နှိမ်ချခြင်း၊ ဓလေ့ထုံးတမ်းအစဉ်အလာတို့ကို ပျောက်ပျက်အောင် ကြံစည်ဆောင်ရွက်ကြခြင်းမှာ ကျူးကျော်ခံရသည့်နိုင်ငံမှ လူမျိုးပျောက်ကွယ်သွားရေးအတွက်ပင် ဖြစ်သည်။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်။ ဓလေ့ထုံးတမ်းတို့ပျောက်ကွယ်လျှင် လူမျိုးပျောက်မည်။ ဘာသာသာသနာတို့ ပျောက်လျှင် လူမျိုးပျောက်မည်ဟူသော ရည်ရွယ်ချက်ဖြင့် စနစ်တကျ ပညာသားပါပါ အမြစ်ကိုတူး၍ ဖျက်ဆီးခြင်းပင်ဖြစ်သည်။

မျက်မှောက်ကာလတွင်လည်း မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် အားလုံးသော မြန်မာလူမျိုးတို့ ပျက်စီးရာ ပျက်စီးကြောင်းကို မျက်နှာစာပေါင်းစုံမှ တိုက်ခိုက်လျက်ရှိကြရာ နည်းပညာခေတ်ဖြစ်သည့်အလျောက် ပိုမို၍ ထိုးဖောက်ဖျက်ဆီးနေကြကြောင်း တွေ့မြင်နိုင်သည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဟူသော အနန္တဂိုဏ်းဝင်တို့သည်လည်းကောင်း၊ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်တို့သည်လည်းကောင်း၊ ရိုးရာယဉ်ကျေးမှုနှင့် အစဉ်အလာတန်ဖိုးများသည်လည်းကောင်း အဓိကပစ်မှတ်ထား ဖျက်ဆီးခံနေကြရသည်ကိုလည်း တွေ့နိုင်သည်။ အမျိုးသားရေး စိတ်ဓာတ်ကိုလည်း လူမျိုးကြီး စိတ်ဓာတ်၊ ဖက်ဆစ်စိတ်ဓာတ်အဖြစ် တလွဲအဓိပ္ပာယ်ဖွင့်ကာ ချိုးနှိမ်နေကြသည်ကိုလည်း တွေ့နိုင်သည်။

နိုင်ငံတိုင်း၊ လူမျိုးတိုင်းတို့တွင် နှုန်းစံတန်ဖိုးတို့ ရှိကြသည်။ မိမိတို့၏ ကိုယ်ပိုင်နှုန်းစံတန်ဖိုးတို့ကို အမြတ်တနိုး ထိန်းသိမ်းစောင့်ရှောက်ကြရသည်။ ပို၍မြင့်မားတိုးတက်အောင်လည်း မြှင့်တင်ကြရသည်။ အပျောက်ခံ၍မရ။ ဖျောက်ဖျက်ပစ်၍မရ။ ယဉ်ကျေးမှုပျောက်ဆုံးပါက နိုင်ငံနှင့် လူမျိုးလည်း တည်တံ့မည် မဟုတ်သည်ကို သိမြင်နားလည်နိုင်ကြပါစေကြောင်း။ ။

# ပင်းတယမြို့နယ် စကြာရတနာစူဠာမုနိစေတီတော်မြတ်ကြီး၏ အရံစေတီတော်နှင့် သဗ္ဗဇယအောင်မင်္ဂလာစေတီတော်မြတ်အား ရွှေထီးတော်တင်လှူခြင်း မင်္ဂလာအခမ်းအနားကျင်းပ

ပင်းတယ မေ ၂၆

**ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် တမဲကျေးရွာအုပ်စုရှိ စကြာရတနာစူဠာမုနိ စေတီတော်မြတ်ကြီး၏ အရံစေတီတော်နှင့် သဗ္ဗဇယအောင်မင်္ဂလာစေတီတော်မြတ်အား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းမင်္ဂလာအခမ်းအနားအား စကြာရတနာစူဠာမုနိဘုရား၌ မေ ၂၅ ရက်(ကဆုန်လပြည့်နေ့) နံနက် ၁၀ နာရီက ကျင်းပသည်။**



ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း မိသားစု၊ ရှမ်းပြည်နယ် လျှပ်စစ် အင်ဂျင်နီယာ ဦးကျော်လှိုင်ဝင်း မိသားစု၊ ဌာနဆိုင်ရာဝန်ထမ်း များက စိန်ဖူးတော်၊ ငှက်မြတ် နားတော်နှင့် ရွှေထီးတော်များအား ပင့်ဆောင်ပြီး စူဠာမုနိစေတီတော် မြတ်ကြီး၏ အရံစေတီတော်များ နှင့် သဗ္ဗဇယအောင်မင်္ဂလာ စေတီတော်မြတ်အား စကြာ တောင်ဆရာတော် အရှင် ပညာ သာမိ၊ ဒေသစီမံ အုပ်ချုပ်ရေး ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် လျှပ်စစ် အင်ဂျင်နီယာတို့က ထီးတော် တင်လှူခဲ့ကြသည်။

ဆက်လက်၍ ကြွရောက်တော် မူလာကြကုန်သော သံဃာတော် အရှင်သူမြတ်များနှင့် ဧည့်ပရိ သတ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ၍ အခမ်းအနား ဖွင့်လှစ်ခဲ့ပြီး မြို့နယ်သံဃနာယကဆရာတော် ဦးစန္ဒောဘာသနှင့် သံဃာတော် များက ပရိတ်တရားတော် ချီးမြှင့် ပေးသည်။ ထို့နောက် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ သံဃာတော်များ အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်းကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

စကြာရတနာ စူဠာမုနိစေတီ တော်မြတ်ကြီးသည် ၂၀၁၃ ခုနှစ် က စတင်တည်ထား ကိုးကွယ်ခဲ့ ရာ အထက်ရွှေထီးတော်၊ စိန်ဖူး တော်၊ ငှက်မြတ်နားတော်မှ ၅၂ပေ၊ အောက်ပစ္စယံမှ အထက်ပစ္စယံ အထိ ပေ ၂၂၀ (၁၀၈ တောင်) ရှိပြီး ရင်ပြင်တော် ပတ်လည် ပေ ၄၀၀၊ အရံစေတီ ပေါင်း ၁၄၀ ရှိပြီး ယခုအခါ အရံစေတီတော် အားလုံး ထီးတော်တင်လှူပြီးစီးခဲ့ ကြောင်းလည်း သိရှိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျောင်းသား/ကျောင်းသူများ၊ မိဘများနှင့် ဆရာများ အထူးသတိပြုလိုက်နာရမည့် အချက် (၆) ချက်

(၁) ကျောင်းသား/ ကျောင်းသူကိုယ်တိုင်ဖြစ်စေ၊ အတူနေမိသားစုဝင်တစ်ဦးဦးဖြစ်စေ နေမကောင်းဖြစ်ခြင်း (ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် COVID-19 ရောဂါသံသယ လက္ခဏာများ) ရှိလျှင်သော်လည်းကောင်း၊ လွန်ခဲ့သည့် (၁၄)ရက်အတွင်း COVID-19 ရောဂါ အတည်ပြုလူနာတစ်ဦးဦး နှင့် နီးကပ်စွာထိတွေ့ခဲ့မှု (Primary Contact) ရှိခဲ့လျှင်သော်လည်း ကောင်း ကျောင်းသို့စေလွှတ်ခြင်း လုံးဝမပြုပါနှင့်။ သက်ဆိုင်ရာကျောင်းသို့ ချက်ချင်း ခွင့်တိုင်ပါ။ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပါ။

(၂) ကျောင်းသို့လာစဉ်၊ ကျောင်းတွင်ရှိနေစဉ်နှင့် ကျောင်းမှအိမ်သို့ ပြန်ချိန်များတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) နှင့် မျက်နှာကာ (Face shield) များ စနစ်တကျ တပ်ဆင်စေရန်နှင့် တပ်ဆင်ထားခြင်း မရှိပါက ကျောင်းအတွင်း လုံးဝ ပေးမဝင်ပါနှင့်။

(၃) တစ်ကိုယ်ရေသုံး အသုံးအဆောင်ပစ္စည်းများ (ဥပမာ- စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည်) ကို တစ်ဦးနှင့် တစ်ဦး မျှဝေသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။

(၄) လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့် ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောစေပါ။

(၅) တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆) ပေ ကွာခြား၍ ခပ်ခွာခွာနေထိုင်ပါ။ နီးနီးကပ်ကပ်နေခြင်း လုံးဝမပြုလုပ်ပါနှင့်။ အချင်းချင်း သတိပေးပါ။

(၆) နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့် နှာခေါင်းကို စနစ်တကျ ဖုံးအုပ်ပါ။ တစ်ရှူး အသုံးပြုပါက အဖုံးပါသော အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျ ပြန်ဆေးပါ။

**ကျန်းမာပျော်ရွှင်ပညာသင်၊ ကြိုတင်တားဆီး ကိုဗစ်နိုင်တီး (COVID-19)**











# မျိုးကောင်းမျိုးသန့်၊ မြေဩဇာနှင့် နည်းပညာများ ထောက်ပံ့ပေး

စားသုံးဆီထုတ်လုပ်မှုနှင့်ပတ်သက်၍ ဆီထွက်သီးနှံများကြိတ်ခွဲရာတွင် အဆင့်မြင့်နည်းပညာများအသုံးပြုနိုင်အောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်းတိုးအောင် ဆောင်ရွက်ပေးရမည့်အပြင် မျိုးကောင်းမျိုးသန့်၊ မြေဩဇာနှင့် နည်းပညာများ ထောက်ပံ့ပေးရန်လိုကြောင်း၊ အထွက်နှုန်းတိုး၍ နည်းပညာမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ စိုက်ပျိုးသည့် တောင်သူများ ဝင်ငွေပိုမိုရရှိမည်ဖြစ်ပြီး လူမှုဘဝ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

▼ ရှေ့ဖုံးမှ

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့ရသည့် အခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များ၊ နယ်မြေအတွင်း လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများ၊ လုံခြုံရေး ဆိုင်ရာ ဆောင်ရွက်ရမည့် အခြေအနေများနှင့် မိသားစုသက်သာချောင်ချိရေး ကိစ္စရပ်များကို အသေးစိတ်မှာကြားကာ တပ်ဖွဲ့ဝင်နှင့်မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လှိုင်ကော်တပ်နယ်ရှိ နယ်မြေခံတပ်မတော် ဆေးရုံသို့ သွားရောက်ကာ ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် နယ်မြေခံပြည်သူလူထုများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုများကို တွေ့ဆုံအားပေးနှစ်သိမ့်ကာ အသုံးအဆောင်ပစ္စည်းများ၊ ထောက်ပံ့ငွေများအား တစ်ဦးချင်း လက်ဝယ်သို့ပေးအပ်ပြီး နယ်မြေခံတပ်မတော် ဆေးရုံတာဝန်ခံသို့ ဆေးရုံတက်ရောက် ကုသလျက်ရှိသော လူနာများအတွက် ဖြည့်စွက်အာဟာရကျွေးမွေးနိုင်ရေး သီးခြားထောက်ပံ့ငွေများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် လှိုင်ကော်မြို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး စုပေါင်းခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများ၊ မိသားစုများနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

**အသေးစိတ်မှာကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လှိုင်ကော်မြို့၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံးရှိ စုပေါင်းခန်းမ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မိသားစုဝင်များနှင့် တွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လက်ရှိဆောင်ရွက်နေမှု အခြေအနေ၊ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များချမှတ်၍ လုပ်ငန်း ဆောင်ရွက်နေမှု၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ လက်ရှိမဲစာရင်းစစ်ဆေးတွေ့ရှိမှုနှင့် နေ့စဉ်သတင်းထုတ်ပြန်နေမှု၊ နိုင်ငံ့ဝန်ထမ်းများလိုက်နာ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ နိုင်ငံတော်အတွင်း ပြည်ထဲရေး ဝန်ကြီးဌာန၏ လက်ရှိ ဆောင်ရွက်နေမှုအခြေအနေ၊ လုံခြုံရေးဆိုင်ရာ ဆောင်ရန်/ ရှောင်ရန် ကိစ္စရပ်များနှင့် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် စည်းလုံးညီညွတ်စွာ လုပ်ငန်းဆောင်ရွက်ကြပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ အသေးစိတ်မှာကြားသည်။

**ငွေကြေးများ ထောက်ပံ့**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဦးစီးဌာနများရှိ မိသားစုများအတွက် အခြေခံစားကုန်ပစ္စည်းများနှင့် ငွေကြေးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

✻ ရှေ့ဖုံးမှ

ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်ပါသည်။

မြန်မာ့ပင်လယ်ပြင်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် (၄၀) မှ (၄၅) မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် (၃၅) မိုင်မှ မိုင် (၄၀) အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၃ ပေမှ ၁၅ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၂ ပေခန့်ရှိနိုင်ပါသည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်ပါသည်။

မိုး/ဇလ

## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၂၆

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ COVID–19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲ ဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် (၁၀) မြို့နယ် အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၄၀ ကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက် ပေးသည်။



တိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်ဆေးရုံမှ ဆေးကုသရေးအဖွဲ့က ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများ COVID–19 ရောဂါနှင့် ပတ်သက်၍ စစ်ဆေးခြင်းများကို ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၇၀၃၈ ဦးကို စစ်ဆေးပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၆

**၂၀၂၁-၂၀၂၂ ပညာသင်နှစ် ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားမုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**ဖဲကြိုးဖြတ် ဖွင့်လှစ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းတို့က ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို အဆိုပါကျောင်းရှိ စိန်မြင်းမိုရ်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းတို့က အမှာစကား ပြောကြားကြသည်။

**နိုင်ငံတော်က အခမဲ့ဖြန့်ဝေ**

ယင်းနောက်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က အခမဲ့ဖြန့်ဝေသည့် ကျောင်းသုံးဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များကိုပေးအပ်ရာ တောင်ကြီးခရိုင်ပညာရေးမှူး ဒေါ်ယဉ်မင်းစုကလည်းကောင်း၊ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ကျောင်းသုံးဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များကို ပေးအပ်ရာ လွိုင်လင်ခရိုင်ပညာရေးမှူး ဒေါက်တာမြင့်မြင့်အေးကလည်းကောင်း လက်ခံရယူသည်။

**လက်ခံရယူကြ**

ဆက်လက်၍ ရှမ်းပြည်နယ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် (၂) ဦးခွန်သိန်းမောင်၊ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် (၃) ဦးစိုင်းလိတ်၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က ကျောင်းသုံးဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များကိုပေးအပ်ရာ သက်ဆိုင်ရာ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်၊ ကျောင်းသားမိဘများက လက်ခံရယူကြသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဧည့်သည်တော်များက ကျောင်းအတွင်း ကျောင်းသားမိဘများ၊ ကျောင်းသားကျောင်းသူများ၏ ကျောင်းအပ်နှံနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများသည် တောင်ကြီးမြို့နယ်ရှိ အမှတ် (၁၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ကျောင်းအုပ်များ၊ ဆရာဆရာမများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး မှာကြားသည်။



**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများသည် တောင်ကြီးတက္ကသိုလ်တွင် အဆင့်မြင့်ပညာရေးမိသားစုများနှင့်လည်းကောင်း၊ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းတွင် အခြေခံပညာရေး မိသားစုများနှင့်လည်းကောင်း ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် ပညာရေး မိသားစုများက တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများ၏ အဆောက်အအုံပိုင်းဆိုင်ရာ၊ သင်ကြားရေးဆိုင်ရာ၊ စီမံရေးရာစသည့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌတို့က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး စိမ်းလန်းသာယာသန့်ရှင်းလှပရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း

**ရန်ကုန် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး စိမ်းလန်းသာယာသန့်ရှင်းလှပရေး လုပ်ငန်းကော်မတီ (၂/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ (၄) ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ စိမ်းလန်းသာယာသန့်ရှင်းလှပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီက ရန်ကုန်တိုင်းဒေသကြီးအတွင်းနှင့် မြို့တော်အတွင်း ရထားလမ်း၊ ခုံးတံတားများ သာယာလှပရေး၊ လမ်းဘေးဝဲ/ယာ ခာတ်မီးတိုင်များ၊ ဆက်သွယ်ရေးတိုင်များ သပ်ရပ်လှပရေး၊ ဆိပ်ကမ်း သာယာလှပရေးများ စသည့် သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

စိမ်းလန်း သာယာလှပရေး လုပ်ငန်းကော်မတီတွင် လုပ်ငန်းကော်မတီ၏ လုပ်ငန်းများအား ကဏ္ဍအလိုက် ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့တွင်း သန့်ရှင်းလှပရေး ဆပ်ကော်မတီ၊ မြို့တော်တွင်း ပန်းခြံများ၊ ကစားကွင်းများ၊ လမ်းဘေးဝဲ/ယာသာယာလှပရေး ဆပ်ကော်မတီ၊ မြို့တွင်းလမ်းများ၊ တံတားများ ကောင်းမွန်ရေး ဆပ်ကော်မတီ၊ ရန်ကုန်မြို့တွင်း ရေပေးဝေရေးနှင့် လှော်ကား ကန်သစ်တော ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ရန်ကုန်မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေး ဆပ်ကော်မတီ၊ ရန်ကုန်မြို့တွင်း အဆောက်အအုံများ သန့်ရှင်းလှပရေးဆပ်ကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်ပြင်ပမြို့နယ်များ သာယာလှပရေး ဆပ်ကော်မတီ၊ ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးစိုက်ခင်းများ စိမ်းလန်းဖွံ့ဖြိုးရေး ဆပ်ကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင် ပြင်ပမြို့နယ်ချင်းဆက် လမ်းတံတားများ ကောင်းမွန်ရေး ဆပ်ကော်မတီ၊ ရန်ကုန်တိုင်းအတွင်း ကျေးရွာများ ဖွံ့ဖြိုးရေးနှင့် သောက်သုံးရေ ရရှိရေး ဆပ်ကော်မတီ၊ ရန်ကုန်တိုင်းအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ရန်ကုန်တိုင်းအတွင်း သစ်တောများ ကြိုးဝိုင်းနှင့် မြို့ပြင်သစ်တောများ ထိန်းသိမ်းတိုးချဲ့ရေး ဆပ်ကော်မတီ၊ ရန်ကုန်မြို့တော်အတွင်း ရထားလမ်း၊ ခုံးတံတားများ သာယာလှပရေး ဆပ်ကော်မတီ၊ လမ်းဘေးဝဲ/ယာ ခာတ်မီးတိုင်များ၊ဆက်သွယ်ရေးတိုင်များ သပ်ရပ်လှပရေး ဆပ်ကော်မတီနှင့် ရန်ကုန်မြို့တော် ဆိပ်ကမ်းသာယာရေး ဆပ်ကော်မတီဟူ၍ သက်ဆိုင်ရာ ဆပ်ကော်မတီများ ဖွဲ့စည်းပြီး မိမိဆပ်ကော်မတီအလိုက် ဆောင်ရွက်ချက်များအား စိမ်းလန်းသာယာသန့်ရှင်းလှပရေးလုပ်ငန်းကော်မတီသို့ ပေးပို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေ က ဆွေးနွေးပြောကြားပြီး တက်ရောက်လာသော ဆပ်ကော်မတီများမှ တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

နေပြည်တော် မေ ၂၆

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၌ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံတပ်မတော်သားများနှင့် မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းသန့်ရှင်းရေး လုပ်ငန်းများ စုပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဥတ္တရသီရိ မြို့နယ်နှင့်၊ ရခိုင်ပြည်နယ် စစ်တွေမြို့တို့ရှိ အခြေခံပညာကျောင်းများ၌ ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဖောက်လုပ်ပေးခြင်း၊ စာသင်ဆောင်အတွင်း၊ အပြင်သန့်ရှင်းရေး ပြုလုပ်ပေးခြင်းနှင့် သင်ထောက်ကူပစ္စည်းများ ပြန်လည်ပြုပြင်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများအား တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲတက်ရောက်

**နေပြည်တော် မေ ၂၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်တိုင်းဒေသကြီး၊ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့်အတူ ယမန်နေ့ ညနေ ၄ နာရီခွဲတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမရှေ့၌ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများက ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ အထောက်အထား အပြည့်အစုံဖြင့် လာရောက်လျှောက်ထားသူများကို နေ့ချင်းပြီးဆောင်ရွက်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား (၆၀) ကို ကာယကံရှင်တစ်ဦးချင်းထံ ပေးအပ်သည်။




### ပန်းခင်းစီမံချက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကနောင်ခန်းမအတွင်းကျင်းပသည့် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

### စနစ်တကျ ကိုင်တွယ်ထိန်းသိမ်း

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသား တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပန်းခင်းစီမံချက်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အိမ်ထောင်စု လူဦးရေ စာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက် အထိ ၁၈ လကြာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပန်းခင်းစီမံချက်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရသည့်အတွက် ပြည်သူများအနေဖြင့် လိုအပ်သော အထောက်အထားများ မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းဆောင်ရွက်ပေးကြရန်နှင့် ရရှိပြီးသော အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ရန်ကုန်တိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စ အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်း ၁၀စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၀ တို့ကို ပြည်သူတစ်ဦးချင်းထံ ပေးအပ်ကြရာ(ဓာတ်ပုံ) ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ယင်းနောက် ပန်းခင်းစီမံချက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကနောင် အစည်းအဝေးခန်းမတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဌာနမှ ဆောင်ရွက်လျက်ရှိသည့် ပန်းခင်းစီမံချက်နှင့် ပတ်သက်သည့် အချက်အလက်များ၊ ဒေသအာဏာပိုင်များနှင့် ဆက်စပ်ဌာနများမှ ပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုသည့်အချက်များ၊ လုပ်ငန်းအောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများ ကို ရှင်းလင်းပြောကြားသည်။

### ညှိနှိုင်းဆောင်ရွက်

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ဆက်စပ်ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်နေမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှုဖြစ်ပွားခဲ့သည့် စက်ရုံများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံဆွေးနွေး

**ရန်ကုန် မေ ၂၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသန်းအောင် ကျော်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှုဖြစ်ပွားခဲ့သည့် စက်ရုံများမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး ပွဲကိုယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပသည်။ **(ဓာတ်ပုံ)**



အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် (၃) ဦးအောင်သန်းဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှုဖြစ်ပွားခဲ့သည့် စက်ရုံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က လုပ်ငန်းရှင်များ တင်ပြထားသည့် အခွန်ဆိုင်ရာကိစ္စ၊ လူမှုဖူလုံရေးကိစ္စ၊ အာမခံရရှိရေးကိစ္စ၊ လုပ်ငန်းများပြန်လည် လည်ပတ်နိုင်ရေးအတွက် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရရှိရေးကိစ္စ၊ ဗီဇာကိစ္စ၊ လျှပ်စစ်မီတာကိစ္စ၊ ဆိပ်ကမ်းများတွင် ရောက်ရှိနေသည့် ကွန်တိန်နာများ အချိန်မီ ထုတ်ယူနိုင်ရေးကိစ္စ၊ မှုခင်း သက်သေခံပစ္စည်းများ ထုတ်ယူနိုင်ရေးကိစ္စ၊ မီးလောင်ပစ္စည်းများ ဆယ်တင်ရေးကိစ္စ၊ စက်ရုံများ ပြန်လည်လည်ပတ်နိုင်ရန် မြန်မာနိုင်ငံသား မြေပိုင်ရှင်များကို ကူညီပေးရေးကိစ္စရပ်များကို ယနေ့ ဆွေးနွေးပွဲတွင် ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို ချက်ချင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနေသည့် မီးလောင်သွားသည့် စက်ရုံများ အမြန်ဆုံး ပြန်လည် လည်ပတ်နိုင်ရန် အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် (၃) ဦးအောင်သန်းဦးက စက်ရုံများမှ မီးလောင်ပစ္စည်း ဆယ်တင်ရေးကိစ္စများကို အမြန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဦးမျိုးခိုင်ဦးက ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှုဖြစ်ပွားခဲ့သည့် စက်ရုံများမှ တင်ပြထားသည့် အခက်အခဲများကို ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် (၃) ဦးအောင်သန်းဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြေရှင်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့အချစ်တော်အနုပညာရှင်တွေ နိုင်ငံရေးရဲ့အသုံးချခံများ မဖြစ်စေလိုပါ …

**နေခြည်သွေး**

“ရွှေဘ.. မလာနဲ့.. အရှေ့မှာ မင်းကို စောင့်နေတယ်….”။

“ကိုင်းကွာ…ပြောနေလျက်သားနဲ့ ခံနေရပြီ..”။

### စေတနာအပြည့်နဲ့ ချစ်ခင်

အထက်ပါ စကားစုကို ငယ်ငယ်က အဘိုးအဘွားတွေက ပြောပြလို့ ရယ်မောခဲ့ရဖူးပါတယ်။ ဇာတ်ထုပ်ထဲက ရွှေဘကို လူဆိုးတွေက ရှေ့နားမှာ စောင့်နေကြတယ်ဆိုတာ ပရိသတ်က အားမလိုအားမရဖြစ်ပြီး သတိလှမ်းပေးတဲ့အသံပဲ ဖြစ်ပါတယ်။ ပြည်သူတွေဟာ အနုပညာရှင်တွေ ဖန်တီးတဲ့ ဇာတ်လမ်းထဲမှာတောင် သူတို့ရဲ့ အချစ်တော်တွေကို အနာမခံစေလိုတဲ့ စေတနာအပြည့်နဲ့ ချစ်ခင်ကြသူတွေဆိုတာကို မြင်တွေ့ရပါတယ်။

လက်ရှိကာလမှာ နိုင်ငံရေးအခြေအနေ အကူးအပြောင်းတစ်ရပ်ကို ဖြတ်သန်းလာခဲ့တာ သုံးလတာကာလကို ကျော်ဖြတ်လာခဲ့ပါပြီ။ အချို့သောအနုပညာရှင်တွေဟာ နိုင်ငံရေးအခြေအနေထဲမှာ တဝဲလည်လည်နဲ့ရောက်ရှိလာခဲ့ပြီး ရှောင်တိမ်းသူက ရှောင်တိမ်း၊ ထိန်းသိမ်းခံရသူတွေက ထိန်းသိမ်းခံရနဲ့ စတဲ့အကြောင်းအရာတွေကို မြင်ရတာပြည်သူတစ်ဦးအနေနဲ့ အတော်ပဲ စိတ်မကောင်းဖြစ်ရပါတယ်။ အနုပညာရှင်တွေအနေနဲ့ ကိုယ်ကျွမ်းကျင်ရာလိမ္မာရာ အနုပညာဖန်တီးမှုအတတ်မှာ ကျွမ်းကျင်ကြသူတွေဖြစ်ပေမယ့် သူတို့မရင်းနှီးတဲ့ နိုင်ငံရေးကြိုးဝိုင်းအတွင်းမှာတော့ လူပုဂ္ဂိုလ်မင်တဲ့စိတ်နဲ့ ထွက်ပေါ်လာခဲ့ရသူတွေလို့ပဲ ဆိုပါရစေ။

နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးလှုပ်ရှားသူတွေနဲ့ အနုပညာရှင်တွေအကြား ပထမဆုံး စုစည်းဆက်နွယ်လာခဲ့တာကတော့ ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်းကာလတွေ ဖြစ်ပါတယ်။ တိတိကျကျပြောရရင် NLD ပါတီအနေနဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြိုကာလမှာ အနုပညာရှင်တွေကို ပါတီအောင်နိုင်ရေးအတွက် ပစ်မှတ်ထားစည်းရုံးခဲ့တာကို မြင်တွေ့ရပါတယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာနဲ့ ဒီဇင်ဘာလတို့မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ကို ဂီတလောကသား ၅၀ ကျော်၊ ရုပ်ရှင်အသိုင်းအဝိုင်းက မင်းသား၊ မင်းသမီး၊ ဒါရိုက်တာ စတဲ့ရိုက်ကူးရေးအဖွဲ့သား ၁၀၀ ကျော်တို့ သွားရောက် တွေ့ဆုံခဲ့ရာကနေ စခဲ့တာပဲဖြစ်ပါတယ်။ အဲဒီလို တွေ့ဆုံမှုအပြီးမှာ အနုပညာရှင်တွေကို အခုလို တလေးတစားဖိတ်ကြားတွေ့ဆုံခဲ့တာမျိုး တစ်ခါမှ မကြုံခဲ့ဖူးတဲ့အတွက် ပီတိဖြစ်နေကြသံတွေကိုလည်း အဲဒီအချိန်ကတင်ဆက်တဲ့ သတင်းအချို့မှာ ကြားသိခဲ့ရဖူးပါတယ်။

### အနုပညာရှင်တွေကို စည်းရုံး

နိုင်ငံရေးသမားတွေနဲ့ အနုပညာရှင်တွေအကြား အခုလိုပေါင်းစည်းမှုဟာ နိုင်ငံတကာမှာလည်း ရှိခဲ့ပါတယ်။ ထင်ရှားတဲ့အနုပညာရှင်တွေရဲ့ Star Power ကို အသုံးချပြီး နိုင်ငံရေးသမားတွေက နိုင်ငံရေးသြဇာပိုမိုကြီးထွားအောင် အသုံးချကြတာမျိုးကို မကြာခဏမြင်တွေ့ရပါတယ်။ အနုပညာရှင်တွေရဲ့ ဦးဆောင်အားက ပြည်သူတွေကို တစ်ဦးချင်းတိုက်ရိုက်စည်းရုံးတာထက် အဆပေါင်းများစွာမြန်ဆန်တဲ့အတွက် အနုပညာရှင်တွေကို စည်းရုံးတတ်ကြပါတယ်။

> ✤ **အနုပညာရှင်တွေအနေနဲ့ နိုင်ငံရေးနဲ့ ပတ်သက်လာတဲ့အခါ အတော်လေး သတိထားဆောင်ရွက်ဖို့တော့ လိုပါတယ်။ ဘာကြောင့်လဲဆိုရင် အနုပညာရှင်တွေနဲ့ပတ်သက်လာရင် ပြည်သူတွေရဲ့ ခံစားမှုကလည်း အထွတ်အထိပ်ကိုရောက်တတ်တဲ့ ပြည်တွင်း၊ ပြည်ပသာဓကတွေ ရှိနေလို့ပဲဖြစ်ပါတယ်။ သာမန်အနုပညာရှင်မပြောနဲ့ ဂရိတ်ဦးဖိုးစိန်လို နာမည်ကျော် သဘင်ပညာရှင်ကြီးတောင် စကားတစ်ခွန်းမှားလိုက်တာနဲ့ပတ်သက်ပြီး အတော်လေးတောင်းပန်ရတဲ့အခြေအနေအထိ ရောက်ခဲ့ရဖူးပါတယ်**

အနုပညာရှင်တွေအနေနဲ့ နိုင်ငံရေးနဲ့ ပတ်သက်လာတဲ့အခါ အတော်လေးသတိထားဆောင်ရွက်ဖို့တော့ လိုပါတယ်။ ဘာကြောင့်လဲဆိုရင် အနုပညာရှင်တွေနဲ့ပတ်သက်လာရင် ပြည်သူတွေရဲ့ ခံစားမှုကလည်း အထွတ်အထိပ်ကိုရောက်တတ်တဲ့ ပြည်တွင်း၊ ပြည်ပသာဓကတွေ ရှိနေလို့ပဲဖြစ်ပါတယ်။ သာမန်အနုပညာရှင်မပြောနဲ့ ဂရိတ်ဦးဖိုးစိန်လို နာမည်ကျော် သဘင်ပညာရှင်ကြီးတောင် စကားတစ်ခွန်းမှားလိုက်တာနဲ့ ပတ်သက်ပြီး အတော်လေးတောင်းပန်ရတဲ့အခြေအနေအထိ ရောက်ခဲ့ရဖူးပါတယ်။

အမျိုးသားနေ့ရဲ့ ရှေ့ဦးသမိုင်းအစကာလ မန္တလေး သကျသီဟဘုရားအတွင်း သပိတ်စခန်းဖွင့်ထားတဲ့ ကျောင်းသားတွေကို မြို့မိမြို့ဖတွေက စားရေးအတွက် တာဝန်ယူကြတဲ့အချိန်မှာ ဦးဖိုးစိန်ထံကိုလည်း အလှူခံထွက်ကြပါသတဲ့။ ဦးဖိုးစိန်က “မင်းတို့သူပုန်တွေအတွက် ဘာဖြစ်လို့ အလှူငွေထည့်ရမှာလဲ”လို့ ပြောလိုက်သတဲ့။ အဲဒီဂယက်ဟာ ကျောင်းသားတွေ၊ မြို့ခံတွေနဲ့ ပရိသတ်အားလုံးဆီကို ပျံ့နှံ့သွားတဲ့အခါ “ဖိုးစိန်ကို မကြည့်ကြနဲ့”ဆိုတဲ့ စကားသံတွေနဲ့ ယနေ့ခေတ် Social Punishment လုပ်သလို Boycott လုပ်ခံရပါသတဲ့။ တဖြည်းဖြည်းနဲ့တစ်နိုင်ငံလုံးက ပါဝင်လာတဲ့အတွက် နောက်ဆုံးမှာ သူကိုယ်တိုင်လည်း သတင်းစာတွေကနေ တစ်ဆင့်တောင်းပန်ရသလို ဆရာကြီးသခင်ကိုယ်တော်မှိုင်းတောင် မနေနိုင်ဘဲ ဝင်တောင်းပန်ပေးရတဲ့အထိ ဖြစ်ခဲ့ရဖူးပါတယ်။

### ပုံဖော်ပေးခဲ့တဲ့ နိုင်ငံရေးဖြစ်

လွတ်လပ်ရေးရရှိဖို့ ကြိုးပမ်းခဲ့ကြရာမှာလည်း အနုပညာရှင်တွေဟာ ပြည်သူတွေအတွက် တစ်ထောင့်တစ်နေရာက ကြိုးပမ်းပေးခဲ့ကြသူတွေလည်း ဖြစ်ပါတယ်။ ဥပမာပြောရရင် အင်္ဂလိပ်တို့ဆုတ်ခွာပြီး ဂျပန်တို့ဝင်ရောက်လာချိန် ဂျပန်ခေတ်မှာ ဘီအိုင်အေနဲ့ ဂျပန်တပ်တွေလက်တွဲပြီး အင်္ဂလိပ်ကို တိုက်ထုတ်တဲ့ ဇာတ်ဝင်ခန်းတွေ၊ အမျိုးသားရေးလှုံ့ဆော်တဲ့ ဇာတ်ကွက်တွေကို ထည့်သွင်းရိုက်ကူးခဲ့ကြတယ်လို့ မှတ်သားရပါတယ်။ ဂျပန်ခေတ်ပြဇာတ်တွေထဲက ဆရာရွှေတိုင်ညွန့်ရေးသားတဲ့ တို့ဗမာတွေ အစွမ်းပြကြမည် အာဇာနည်ပီပီဆိုတဲ့ သီချင်းဟာ ယနေ့တိုင် မြန်မာလူမျိုးတို့ရဲ့ ရဲစွမ်းသတ္တိကို ဖော်ကျူးခဲ့တဲ့သီချင်း ဖြစ်ပါတယ်။ အဲဒါဟာ အနုပညာသမားတွေရဲ့ သူတို့တတ်စွမ်းတဲ့ဘက်ကနေ ပုံဖော်ပေးခဲ့တဲ့ နိုင်ငံရေးဖြစ်ပါတယ်။

> ✦ **အနုပညာရှင်တွေဟာ ခံစားချက်ကို သဏ္ဍာန်လုပ်သရုပ်တူအောင် လုပ်ဆောင်ကြရတဲ့အတွက် ခံစားမှုစွမ်းအားကလည်း မြင့်မားသူတွေဖြစ်ပါတယ်။ သို့သော် ခံစားမှုနောက်မှာ ဆင်ခြင်တုံတရား၊ ပကတိအခြေအနေတွေကိုလည်း ထည့်သွင်းစဉ်းစားလုပ်ဆောင်ဖို့တော့ လိုအပ်ပါတယ်။ မိမိရဲ့ ခံစားချက်နဲ့ နှုတ်ထွက်စကားတိုင်းဟာ ပြည်သူကိုအဆိပ်အတောက်ဖြစ်စေတာ၊ နိုင်ငံကို မတည်မငြိမ်ဖြစ်စေတာနဲ့ အပြစ်မဲ့ပြည်သူတွေကို ထိခိုက်စေတာမျိုးတွေ မဖြစ်စေဖို့လည်း အနုပညာရှင်တွေက ထိန်းသိမ်းပေးကြဖို့လိုပါတယ်**

### တလွဲအသုံးမချ စေလို

ပြည်သူတွေရဲ့ စိတ်နှလုံးကိုသိမ်းပိုက်ထားတဲ့ အနုပညာရှင်တစ်ယောက်ချင်းစီတိုင်းမှာ သူတို့ကို အားပေးထောက်ခံတဲ့ ပရိသတ်တွေရှိပါတယ်။ အနုပညာကို Soft Power လို့ တင်စားကြပါတယ်။ ပရိသတ်တွေဟာ သူတို့ချစ်ခင်မြတ်နိုးတဲ့အနုပညာရှင်တွေရဲ့ ဝတ်ဆင်ပုံတွေကိုသဘောကျပြီး လိုက်ဝတ်ကြတယ်၊ အနုပညာရှင်တွေဖန်တီးတဲ့ ဇာတ်ရုပ်တွေကို သဘောကျပြီး အတုယူကြတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီထက်ပိုပြီး အနုပညာရှင်တွေရဲ့ နှုတ်ထွက်စကားတစ်လုံးချင်းစီတိုင်းကို စိတ်ဝင်စားစွာနဲ့ နားထောင်ကြတယ်။ လိုက်ပါခံစားတတ်ကြပါတယ်။ ဒါကြောင့် Soft



ပြည်သူ့အချစ်တော် ရုပ်ရှင်မင်းသားကြီး ရွှေဘ

Power လို့ တင်စားကြတာပါ။ အနုပညာရှင်တွေရဲ့ လူထုအပေါ်လွှမ်းမိုးနိုင်မှုဟာ သတင်းစာတွေ၊ လူမှုကွန်ရက်ပေါ်က သတင်းစကားတွေထက် ပိုပြီး မြန်ဆန်ထိရောက်ပါတယ်။ ဒါကို တလွဲအသုံးမချစေလိုပါဘူး။

အနုပညာရှင်တွေဟာ ခံစားချက်ကို သဏ္ဍာန်လုပ်သရုပ်တူအောင် လုပ်ဆောင်ကြရတဲ့အတွက် ခံစားမှုစွမ်းအားကလည်း မြင့်မားသူတွေဖြစ်ပါတယ်။ သို့သော် ခံစားမှုနောက်မှာ ဆင်ခြင်တုံတရား၊ ပကတိအခြေအနေတွေကိုလည်း ထည့်သွင်းစဉ်းစားလုပ်ဆောင်ဖို့တော့ လိုအပ်ပါတယ်။ မိမိရဲ့ ခံစားချက်နဲ့ နှုတ်ထွက်စကားတိုင်းဟာ ပြည်သူကိုအဆိပ်အတောက်ဖြစ်စေတာ၊ နိုင်ငံကို မတည်မငြိမ် ဖြစ်စေတာနဲ့ အပြစ်မဲ့ပြည်သူတွေကို ထိခိုက်စေတာမျိုးတွေ မဖြစ်စေဖို့လည်း အနုပညာရှင်တွေက ထိန်းသိမ်းပေးကြဖို့လိုပါတယ်။

အနုပညာရှင်တွေဟာ လက်ရှိနိုင်ငံရေး အခြေအနေတွေအပေါ် ဘက်ပေါင်းစုံက လေ့လာသုံးသပ်ကြည့်ကြပြီး နိုင်ငံနဲ့ပြည်သူ အထိခိုက်အနည်းဆုံးနဲ့ ပြည်သူတွေအားလုံးမျှော်လင့်တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီကျင့်သုံးနိုင်ဖို့အတွက် အကောင်းဆုံးရွေးချယ်မှုကို ရွေးချယ်အားပေးကြရဖို့ လိုအပ်ပါတယ်။ တစ်ပါတီအတွက်၊ လူတစ်စုအတွက် ဆောင်ရွက်တာမျိုးထက် နိုင်ငံအတွက်၊ လူမျိုးအတွက် အကောင်းဆုံးအဖြေထုတ်ပေးနိုင်မယ့် နည်းလမ်းမျိုးကိုသာ ရွေးချယ်ပေးကြဖို့ ပြည်သူတွေက မျှော်လင့်နေမယ်လို့ ယုံကြည်ပါတယ်။

### တိုင်းပြည်အတွက် အသုံးချပေးပါ

လက်ရှိမှာ နိုင်ငံတော်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူထားရပါတယ်။ အဓိကရည်မှန်းချက်ပန်းတိုင်တွေကို ချမှတ်ပြီး ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြူးအောင်နဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်၊ ကိုဗစ်ကြောင့် ယိုင်နဲ့ခဲ့ရတဲ့လူမှုစီးပွားဘဝတွေ ပြန်လည်နာလန်ထူလာအောင် ကြိုးပမ်းနေချိန်မှာ အနုပညာရှင်တွေအနေနဲ့လည်း တစ်တပ်တစ်အားပါဝင်ကြဖို့ လိုအပ်နေချိန်လည်း ဖြစ်ပါတယ်။ မိမိတို့ရဲ့ အနုပညာအရည်အသွေးတွေကို မြှင့်တင်ပြီး ပြည်သူတွေ အေးချမ်းလုံခြုံစေဖို့၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ပူးပေါင်းအားဖြည့်ပါဝင်ခြင်းကနေ မိမိတို့ရဲ့ Soft Power တွေကို တိုင်းပြည်အတွက် အသုံးချပေးပါလို့ ပြည်သူတစ်ဦးအနေနဲ့ တောင်းဆိုလိုက်ပါရစေ။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပြည်ပဈေးကွက်ရှိနေသည့် အရည်အသွေးမြင့် စပါးမျိုးများ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မည်

**နေပြည်တော် မေ ၂၆**

တောင်သူများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကန်ထရိုက်လယ်ယာစနစ်တိုးချဲ့လုပ်ကိုင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနယူး ရောစိုက်ပျိုးရေးကုမ္ပဏီလီမိတက်မှ ဦးစိုးလင်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် မြန်မာနယူးရောစိုက်ပျိုးရေးကုမ္ပဏီလီမိတက်က ဝယ်ယူဈေးကွက် အာမခံချက်ရှိပြီးဖြစ်သော တန်ဖိုးမြင့်စပါးမျိုးများကို စနစ်ကျမျိုးစေ့မှတ်ပုံတင်ခြင်း၊ မျိုးကောင်း မျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းအပါအဝင် တောင်သူများနှင့် အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ ရေဝတီတိုင်းဒေသကြီး၌ ၂၀၂၀ ပြည့်နှစ် နွေစပါးရာသီတွင်ကေတစ်သောင်းခန့်၊ နေပြည်တော်ရှိ မြို့နယ်ငါးခုနှင့် ရမည်းသင်းမြို့နယ်များ၌ မိုးစပါးကေ နှစ်ထောင်ကျော် စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ၂၀၂၁ ခုနှစ် နွေစပါးရာသီတွင် တောင်ငူ၊ အုတ်တွင်း၊ ဖြူးမြို့နယ်များ၌ ကေ ၄၅၀၀ စိုက်ပျိုး ထုတ်လုပ်ခဲ့ပြီး သတ်မှတ်ဈေးနှုန်းများဖြင့် ပြန်လည်ဝယ်ယူကာ လာမည့်စိုက်ပျိုးရာသီများတွင် အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ပြည်ပဝယ်လိုအား ဈေးကွက်ရှိနေသည့် တန်ဖိုးမြင့် စပါးမျိုးများ တိုးချဲ့ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မေ ၂၆**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီး ဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော် လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ညောင်ရွှေ မြို့၊ ဟိုပုံးမြို့၊ ဆီဆိုင်မြို့၊ ကလောမြို့နှင့် ဖယ်ခုံမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အတူပူးပေါင်း၍ ကျန်းမာရေး စစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာ (၅) နှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) မူကြမ်းရေးဆွဲခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၆**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၅)နှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) မူကြမ်းရေးဆွဲခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅)နှစ်စီမံကိန်းနှင့်စပ်လျဉ်းသည့် မသန်စွမ်း မှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးသည် အဓိကလိုအပ်ပါကြောင်း၊ မသန်စွမ်းသူများကို ထိထိရောက်ရောက် ထောက်ပံ့ရန်အတွက် မဟာဗျူဟာ (၅) နှစ် စီမံကိန်း အချောသပ်ရေးဆွဲရမည်ဖြစ်ပါကြောင်း၊ မဟာဗျူဟာ (၅)နှစ် စီမံကိန်း အချောသတ်ရေးဆွဲနိုင်ရေးအတွက်လည်း ညှိနှိုင်းအစည်းအဝေးများကျင်းပ၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မဟာဗျူဟာ(၅)နှစ်စီမံကိန်းသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၏ အခြေခံမူ(၈)ချက်ပေါ်မူတည်၍ ရေးဆွဲထားသည့်အတွက် နိုင်ငံတကာက လက်ခံထားသည့် အခြေခံမူရှိပြီးဖြစ်ပါကြောင်း၊ မဟာဗျူဟာ(၅)နှစ် စီမံကိန်းအတည်ပြု ပြဋ္ဌာန်းပြီးပါက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း ထည့်သွင်းရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ ညွှန်ကြားရေးမှူးက ရေးဆွဲထားသော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၅) နှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) နှင့်စပ်လျဉ်း၍ အခန်း (၆) ခန်းဖြစ်သော ကျန်းမာရေး၊ ပညာရေး၊ လုပ်ငန်းနှင့် အလုပ်အကိုင်၊ လူမှု ကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့်အခြားအရေးပေါ် အခြေအနေများ၊ အလွယ်တကူ လက်လှမ်းမီ ရယူအသုံးပြုနိုင်မှု ကဏ္ဍများအလိုက် ချိတ်ဆက်ထားသည့် ASEAN Enabling Master Plan (2025)၊ Myanmar Sustainable Development Plan (MSDP)၊ အင်ချွန်းမဟာဗျူဟာနှင့် ဝန်ကြီးဌာနများမှ ရေးဆွဲပြဋ္ဌာန်းထားသည့် မူဝါဒ၊ မဟာဗျူဟာ၊ စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက် လာကြသူများက ဖြည့်စွက် အကြံပြုဆွေးနွေးကြသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေး (ဘက)ကျောင်းအားလုံး ယခုပညာသင်နှစ်တွင် ပြန်လည်ဖွင့်လှစ်မည်

ရန်ကုန် မေ ၂၆

**နိုင်ငံတစ်ဝန်း လာမည့် ဇွန် ၁ ရက်တွင် စတင်သင်ကြားပေးမည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေး (ဘက) ကျောင်းများ အားလုံး ကိုဗစ်-၁၉ ကပ်ရောဂါ ကြိုတင်ကာကွယ်ရေးစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌက ပြောကြားသည်။**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် မြင်သာမြို့ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ ဆရာတော်ကြီးများထံမှ ရန်ကုန်တိုင်းဒေသကြီး တိုင်းပညာရေးမှူးအဖွဲ့မှ ဩဝါဒခံယူခြင်းနှင့် ပညာရေးဆိုင်ရာများ လျှောက်ထားခြင်း အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာသာမိ (မဟာသဒ္ဓမ္မ ဇောတိကဓဇ) က လာမည့် ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများ အားလုံးပြန်လည်ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ကြောင်း မိန့်ကြားခဲ့ခြင်း ဖြစ်သည်။

**နှိုးဆော်ပေးထား**

"လာမယ့် ပညာသင်နှစ်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိတဲ့ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းတွေအားလုံး ပြန်လည်ဖွင့်လှစ်သင်ကြား ပေးသွားမှာပါ။ ဘုန်းဘုန်းတို့ အနေနဲ့လည်း ဘက ကျောင်းအားလုံးကိုပြန်လည်ဖွင့်လှစ်ဖို့ ညွှန်ကြားနှိုးဆော်ပေးထားပြီးပါပြီ။ စဖွင့်လို့ နှစ်ပတ်လောက်ဆိုရင်ပဲ ဘက ကျောင်းတွေအားလုံး အဖွဲ့နဲ့သွားရောက်စစ်ဆေးမှုတွေ လုပ်ဆောင်သွားမှာပါ။ အဓိက လိုအပ်တာကတော့ အေးချမ်းစွာ ပညာသင်ကြားနိုင်ဖို့ သက်ဆိုင်ရာအနေနဲ့ တစ်ဖက်တစ်လမ်းက စောင့်ရှောက်ပေးသွားဖို့ပဲ အရေးကြီးပါတယ်။ နိုင်ငံတော်အနေနဲ့လည်း လိုအပ်တာတွေ ထောက်ပံ့တယ်ဆိုတော့ အဆင်ပြေပါတယ်။ အခုလည်း ဘကကျောင်းတွေကို စာအုပ်၊ ခဲတံကအစ ပညာရေးထောက်ပံ့ပစ္စည်းတွေရော၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကြိုတင်ကာကွယ်ရေး ဆိုင်ရာပစ္စည်းတွေပါ ထောက်ပံ့ပေးထားလို့ ရောက်နေပါပြီ။ အဲဒီအတွက်လည်း သက်ဆိုင်ရာတာဝန်ရှိသူတွေကို ကျေးဇူးအထူးတင်ပါတယ်" ဟု ဒုတိယဥက္ကဋ္ဌက ဆက်လက်မိန့်ကြားခဲ့သည်။



ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် မြင်သာမြို့ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို တွေ့ရစဉ်။

**အထောက်အပံ့ပြု**

မြန်မာနိုင်ငံတွင် ဘုန်းတော်ကြီးသင်ပညာရေး(ဘက)ကျောင်းများကို ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် စတင်ခဲ့ပြီး အင်းဝ၊ ပင်းယ၊ ကုန်းဘောင်၊ ရတနာပုံခေတ်များမှာလည်းထွန်းကားခဲ့ကာ လူပုဂ္ဂိုလ်နှင့် ရဟန်းသံဃာ အကျော်အမော်များစွာ ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။ အင်္ဂလိပ်ခေတ်တွင် ဘကကျောင်း ၄၆၁၉ ကျောင်းရှိခဲ့ပြီး လွတ်လပ်ရေးရပြီး ဖဆပလခေတ်တွင် ကျောင်းပေါင်း ၅၅၂၅ ကျောင်းအထိ ထွန်းကားခဲ့ပြီး နောက်ပိုင်း အနှစ် ၂၀ ဝန်းကျင်တွင် ဘုန်းတော်ကြီး သင်ပညာရေး ကျောင်းများ တိမ်မြုပ်သွားခဲ့သည်။ ယင်းနောက် ပြီးခဲ့သော ၁၉၉၃-၉၄ ပညာသင်နှစ်မှ စတင်ကာ နိုင်ငံတော် အကြီးအကဲများ၏ ပြန်လည်ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနနှင့် ဘုန်းတော်ကြီးကျောင်း ဆရာတော်များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံတွင် ဘက ပညာရေးသင်ကျောင်းများပြန်လည်အသက်ဝင်လာခဲ့ခြင်း ဖြစ်သည်။ ဘုန်းတော်ကြီးသင် ပညာရေး (ဘက)ကျောင်းများကို မြန်မာနိုင်ငံတွင် စတင်ဖွင့်လှစ်ပေးခဲ့ကြသော ရည်ရွယ်ချက်မှာ စာမတတ်သူပပျောက်ရေး၊ အနာဂတ်မျိုးဆက်သစ်လူငယ်များ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ အမျိုးဘာသာ၊ သာသနာထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ယဉ်ကျေးမှုထုံးစံများ မပျောက်ပျက်ရေးစသည်တို့ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော မျိုးဆက်သစ်များ၏ အရည်အချင်း ပြည့်ဝမှု အနာဂတ်မြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ပညာမြင့်မှ လူမျိုးတင့်စေမည် စသည့် ရည်မှန်းချက်များကိုရှေးရှုနေသော နိုင်ငံတော်၏ ပညာရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ နေ၍ ဘုန်းတော်ကြီးသင် ပညာရေး (ဘက)ကျောင်းများက အထောက်အပံ့ပြုလျက်ရှိသည်။

**ဖွင့်လှစ်သင်ကြား**

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်း ဘုန်းတော်ကြီးသင် ပညာရေး (ဘက) ကျောင်းများမှာ စုစုပေါင်း ၁၅၀၀ ကျော်ရှိပြီး ကျောင်းသားကျောင်းသူ သုံးသိန်းကျော် ပညာသင်ကြားဆည်းပူးလျက်ရှိသည်။ ရန်ကုန်တိုင်း ဒေသကြီးအနေဖြင့် ဘုန်းတော်ကြီးသင် ပညာရေး ကျောင်း မူလတန်းအဆင့် ၁၃၁ ကျောင်း၊ မူလွန်အဆင့် ၈၉ ကျောင်း၊ အလယ်တန်းအဆင့် ၂၂၉ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကျောင်းသား ကျောင်းသူပေါင်း ခုနစ်သောင်းခုနစ်ထောင်ကျော်အထိရှိကာ သင်ကြားပြသပေးလျက်ရှိသော ဆရာ ဆရာမများမှာလည်း ၂၄၀၀ ကျော်ရှိကြောင်း သိရသည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

## မြိတ်ခရိုင်အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**နေပြည်တော် မေ ၂၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကွပ်ကဲမှုအောက်ရှိ မြိတ်မြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်ပွဲကို မေ ၂၄ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်အဆင့် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြိတ်တောင်ကျေးရွာ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးယဉ်ထွေးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက ပြည်သူများ တစ်ဦးချင်းလက်ဝယ်သို့အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြသည်။

အခမ်းအနားတွင် အိမ်ထောင်စုလူဦးရေစာရင်း ၁၃၉၀ နှင့် နိုင်ငံသားစိစစ်ရေးကတ် ၅၈၅ ကတ်အား ပြည်သူများ လက်ဝယ်အရောက် ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## ၂၀၂၁ ခုနှစ်အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**ရန်ကုန် မေ ၂၆**

တောင်သူလယ်သမားဦးကြီးများအတွက် နိုင်ငံတော်မှ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးသည့် ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများတွင် ယနေ့မှစ၍ ထုတ်ချေးနေပြီဖြစ်ကြောင်း၊ ချေးငွေပမာဏမှာ တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းနှင့် အတိုးနှုန်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်း ဖြစ်သည်။

ယနေ့ နံနက်ပိုင်းတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူသည် ရန်ကုန်တိုင်းဒေသကြီးမန်နေဂျာနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင်ဘဏ်ခွဲနှင့် ကျောက်တန်းမြို့နယ်ဘဏ်ခွဲများ၏ မိုးချေးငွေထုတ်ချေးပေးနေမှုကိုလည်းကောင်း၊ ချေးငွေလာရောက်ထုတ်ယူသူ တောင်သူဦးကြီးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ချေးငွေထုတ်ချေးပေးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ယခင်နှစ် ၂၀၂၀ မိုးချေးငွေပြေကျေစွာ ပေးဆပ်ပြီးသူ တောင်သူဦးကြီးများသို့ ဦးစွာထုတ်ချေးလျက်ရှိပြီး ချေးငွေထုတ်ချေးနေစဉ် ကာလအတွင်း လာရောက်ပေးဆပ်သူ တောင်သူဦးကြီးများကိုလည်း ချေးငွေပေးဆပ်မှုကိုလက်ခံ၍ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း။

၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်အထိ ဆက်လက်ထုတ်ချေးသွားမည်ဖြစ်သဖြင့် ချေးငွေရယူလိုသူ တောင်သူလယ်သမားဦးကြီးများအနေဖြင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သို့ ဆက်သွယ်ဆောင်ရွက်ကြရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်တွင် ၂၀၂၁ မိုးစိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေး

**နေပြည်တော် မေ ၂၆**

နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံစေရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု အထောက်အကူဖြစ်စေရေးအတွက် ၂၀၂၁ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မိုးစပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် လည်းကောင်း၊ အခြား သီးနှံတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် လည်းကောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲ လေးခုက ယနေ့မှစ၍ ထုတ်ချေးပေးလျက်ရှိသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပျဉ်းမနားမြို့နယ်ဘဏ်ခွဲမှ ၂၀၂၁ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများထံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ထုတ်ချေးပေးလျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုကို တိုင်းမန်နေဂျာနှင့် တာဝန်ရှိသူများက စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ရေတာရှည်မြို့နယ်တွင် တောင်သူလယ်သမားများအား ၂၀၂၁ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ပေး

**ရေတာရှည် မေ ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မှ မိုးစပါးစိုက်ပျိုးမည့် တောင်သူလယ်သမားများအား ၂၀၂၁ မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကို မေ ၂၆ ရက်က စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

"မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကို မေ ၂၆ ရက်က စပြီးတော့ နတ်တောင်ကျေးရွာအုပ်စုမှာရှိတဲ့ တောင်သူ ၁၈ ဦး၏ လယ်ယာမြေ ၁၃၇ ဧကအတွက် ငွေကျပ်သိန်း ၂၀၅ ဒသမ ၅၀ ထုတ်ချေးပေးသွားမှာဖြစ်ပြီး တောင်သူတွေအနေနဲ့ ၂၀၂၀ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေနဲ့ ကိုဗစ်-၁၉ အထူးချေးငွေတွေကို အမြန်ပြန်ပေးဆပ်ဖို့ လိုအပ်ကာ ချေးငွေဆပ်ပြီးသော တောင်သူများကို စိုက်ပျိုးချိန်အမီ ချေးငွေများ ပြန်လည်ထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်" ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးဝေလင်းက ပြောသည်။

ရေတာရှည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ၂၀၂၁ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ရေတာရှည်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၈ အုပ်စုရှိ တောင်သူ ၉၆၀၀ ၏ လယ်ယာမြေဧက ၅၀၀၀၀ အတွက် ငွေကျပ် ၇၅၀၀၀ ဒသမ ၀၀ သိန်းခန့် ထုတ်ချေးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## စစ်တွေမြို့၌ ၂၀၂၁ ခုနှစ်မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**စစ်တွေ မေ ၂၆**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်ဘဏ်ခွဲ၊ စစ်တွေမြို့မှ တောင်သူဦးကြီးများအား ၂၀၂၁ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများပေးခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ယနေ့နံနက်ပိုင်းက ထုတ်ချေးပေးလျက်ရှိသည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်းအခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရခိုင်ပြည်နယ် ဘဏ်ခွဲမန်နေဂျာ ဦးအေးသိန်းက ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၆ ရက်မှစတင်ကာ စက်တင်ဘာ ၃၀ ရက်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် တောင်သူလယ်သမားကြီးများကလည်း သီးနှံပေါ်ချိန်တွင် ချေးငွေများအချိန်မီပြေကျေစွာပေးဆပ်ပြီး နောက်ချေးငွေသစ်ထပ်မံရယူခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ပေးကြစေလိုကြောင်းပြောကြားကာ ခရိုင်ဘဏ်ခွဲမန်နေဂျာ ဦးရထွန်းက ချေးငွေများ ထုတ်ချေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စစ်တွေမြို့နယ် သင်္ဂနက်ကျေးရွာအုပ်စု ဘဏ်အတွင်းရေးမှူးက ချေးငွေများထုတ်ချေးခြင်းအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် ခရိုင်ဘဏ်ခွဲမန်နေဂျာနှင့်ဝန်ထမ်းများက တောင်သူများအား ချေးငွေများ ထုတ်ချေးပေးကြသည်။

အဆိုပါချေးငွေထုတ်ချေးရာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်ဘဏ်ခွဲ၊ စစ်တွေမြို့အနေဖြင့် သင်္ဂနက်ကျေးရွာအုပ်စုမှ တောင်သူ ၂၈ ဦးအား လယ်ဧက ၁၂၀ အတွက် ချေးငွေကျပ်သိန်း ၁၈၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာ နေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာ ဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၂၆**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှုလက်ခံခြင်းများကို မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ မေ ၂၄ ရက်နံနက်ပိုင်းမှ စတင်၍ နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ အပ်နှံနိုင်ရေးဆောင်ရွက်ပေးကြသည်။ ကျောင်းနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက်ကိုလည်း သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါကျောင်းများလာရောက်အပ်နှံစဉ် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများ၊ ကျောင်းသုံးစာအုပ်များနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်သည်။

ထို့အပြင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ကုသမှုကာလအတွင်း Qurantine ဆောင်များအဖြစ်အသုံးပြုခဲ့သော စာသင်ဆောင်များကိုလည်း နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများက လိုအပ်သည့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ရွှေတောင်မြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်း မေ ၂၅ ရက် ညနေပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် ရွှေတောင်မြို့နယ်အတွင်းရှိ ညောင်စာရေးကျေးရွာတွင် လူနေအိမ်နှစ်လုံး၊ သရက်တောရပ်ကွက်တွင် လူနေအိမ်နှစ်လုံး၊ ကသစ်တိုင်းကျေးရွာတွင် လူနေအိမ်တစ်လုံး၊ ရှားကျေးရွာတွင် လူနေအိမ် လေးလုံး၊ မကျီးပေါက်ကုန်းကျေးရွာတွင် လူနေအိမ် ငါးလုံး၊ လမိုင်းကျေးရွာတွင် လူနေအိမ် တစ်လုံး၊ သာစီကုန်းကျေးရွာတွင် လူနေအိမ် လေးလုံး စုစုပေါင်းလူနေအိမ် ၁၉ လုံး အမိုးလန်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပြည်တပ်နယ်မှ တပ်မတော်သားများက အမိုးလန်ပျက်စီးသွားသော လူနေအိမ်များကို ပြန်လည်ပြုပြင်ခြင်း၊ အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်းစသည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက အဆိုပါကျေးရွာများသို့ သွားရောက်ကြည့်ရှုအားပေးကာ ညောင်စာရေး ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား ဆွမ်းဆန်တော်နှင့် စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် လေဘေးသင့် အိမ်ထောင်စု ၁၉ စုအတွက် ဆန်နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) **သတင်းစဉ်**

## မိုးသက်လေပြင်းကြောင့် ရွှေသောင်ယံကမ်းခြေကားလမ်းသွားလာရန် ခက်ခဲနေ

**ရန်ကုန် မေ ၂၆**

ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ ကမ်းခြေ ကားလမ်းပိုင်း တစ်လျှောက်တို့တွင် မေ ၂၆ ရက်က ပင်လယ်ရေလှိုင်းများ ရိုက်ခတ်၍ ကျောက်တုံးများနှင့် အမှိုက်သရိုက်များ လမ်းမပေါ်သို့ ကျရောက်လျက်ရှိသည်။

ပင်လယ် ရေထရက်နှင့် အတူ မိုးသက်လေပြင်းအရှိန်ကြောင့် လပြည့်နေ့ဖြစ်သည့် မေ ၂၅ ရက်မှ စတင်ကာ ပင်လယ်ပြင်တွင် သာမန်ထက် ပိုသော လှိုင်းလုံးများဖြစ်ပေါ်လျက်ရှိပြီး ပင်လယ်နှင့် နီးစပ်လျက်ရှိသော ကမ်းခြေကားလမ်းပိုင်းများပေါ်သို့ ရေငန်များဝင်ရောက်ခြင်း၊ ကျောက်တုံးများကျရောက်ခြင်း၊ အမှိုက်သရိုက်များ ကျရောက်ခြင်းတို့ဖြစ်ပေါ်သည့်အတွက် လမ်းသွားလမ်းလာများအတွက် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။

ထို့ပြင် ရုတ်တရက် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပါက ဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအား ဘေးလွတ်ရာ တောင်ကုန်းများပေါ်သို့ မိသားစုများအလိုက် ပြောင်းရွှေ့နေထိုင်လျက် ရှိကြကြောင်းလည်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# နိုင်ငံတော်ပိုင်ရုပ်ရှင်ရုံ ရွှေပြည်တော်(ပုသိမ်)ရုပ်ရှင်ရုံ၏ တာဝန်နှင့်ဝတ္တရား လွှဲပြောင်းခြင်းစာချုပ် ချုပ်ဆို



ပုသိမ် မေ ၂၆

**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် နိုင်ငံတော်ပိုင်ရုပ်ရှင်ရုံ ရွှေပြည်တော်(ပုသိမ်)တို့၏ တာဝန်နှင့် ဝတ္တရားလွှဲပြောင်းခြင်းစာချုပ် ချုပ်ဆိုခြင်းကို မေ ၂၆ ရက် မွန်းလွဲ ၁ နာရီက ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဦးရဲမြင့်နှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်နှင့် တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင် ဦးသိန်းနိုင်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အခြား ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ပိုင်ရုပ်ရှင်ရုံများနှင့် ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီး ဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ နိုင်ငံတော်ပိုင် ရုပ်ရှင်ရုံတစ်ရုံ ပုဂ္ဂလိကကို အပြီး အပိုင်ရောင်းချခဲ့သည့် ရုပ်ရှင်ရုံများ၏ ပြသခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် စည်းကမ်းသတ်မှတ်ချက် (Condition) ပါ ရုပ်ရှင်ရုံ ၁၀ ရုံ တို့ကို ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်း လုပ်ငန်းများကို ယခင် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုတစ်ကြိမ်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်အရ နိုင်ငံတော်ပိုင်ရုပ်ရှင်ရုံများနှင့် ပတ်သက်ပြီး ပြန်ကြားရေး ဝန်ကြီးဌာန၏ တာဝန်ဝတ္တရားများနှင့် တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီများ၏ တာဝန်ဝတ္တရားများကို ဖြည့်စွက်သတ်မှတ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီသို့ နိုင်ငံပိုင်ရုပ်ရှင်ရုံ၏ တာဝန်/ ဝတ္တရားများကို ထပ်မံလွှဲပြောင်း စာချုပ်ချုပ်ဆိုခြင်းဖြစ်ကြောင်း၊ ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊ ရုပ်ရှင်ပြသခြင်းလုပ်ငန်း မဆောင်ရွက်နိုင်သည့် ရုပ်ရှင်ရုံများကိုလည်း စိစစ်အရေးယူ ဆောင်ရွက်ခြင်း လုပ်ငန်းများကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံပိုင်ရုပ်ရှင်ရုံ လွှဲပြောင်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံပိုင်ရုပ်ရှင်ရုံ ရွှေပြည်တော် (ပုသိမ်) နှင့် ပတ်သက်၍ သဘောတူညီချက် စာချုပ်ကို တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကောင်စီအဖွဲ့ဝင် (၃) ဦးအုန်းမြင့်နှင့် ရုပ်ရှင်ရုံလုပ်ငန်း နှစ်ရှည်ငှားရမ်းသူ ဦးတင်ဦးထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ ရုံးလုပ်ငန်းများ၊ ရုံးလုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများကိုအားပေးစကားပြောကြားကြောင်း သိရသည်။

**သတင်း/ဓာတ်ပုံ မောင်မောင်မြင့် (ပြန်/ဆက်)**

---

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင် ဖတ်ရှုစောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ၊ လုံလောက်စွာ ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံ ဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှကာကွယ်ရန် တိရစ္ဆာန်များကိုအကာအကွယ်ရှိသောခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ် ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ် ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန် အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

# ဒီရေတော သဘာဝရေပြင်သို့ ရေငန်ပုစွန်သားပေါက်နှင့် မျိုးပုစွန်များ မျိုးစိုက်ထည့်

**တနင်္သာရီ မတ် ၂၆**

တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မေ ၂၅ ရက်က တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကျောက်နီမော်ကျေးရွာအနီး ဒီရေတော သဘာဝရေပြင်သို့ ပုစွန်သားပေါက်များနှင့် မျိုးပုစွန်များ မျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်အောင်၊ လောင်းလုံးမြို့နယ် ငါးမျိုးစိုက်ထည့်ရေး ကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်များဖြစ်သော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်း၊ လဝကဦးစီးမှူး (အဖွဲ့ခေါင်းဆောင်) ဒေါ်အေးအေးသောင်း၊ စီမံကိန်းဦးစီးမှူး (အဖွဲ့ဝင်) ဦးတိုးလွင်၊ စိုက်ပျိုးရေးဦးစီးမှူး(အဖွဲ့ဝင်) ဦးသန်းအောင်၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူး(အတွင်းရေးမှူး)နှင့် ဒေသခံရေလုပ်သားများသည် ဝမော်ရေငန်ပုစွန်သားပေါက်စခန်းမှ ရေငန်ပုစွန်သားပေါက်ကောင်ရေ ၁ ဒသမ ၂ သန်း၊ ပြင်သာလိပ်နှစ်ကောင်(Tag ရိုက်ပြီး)နှင့် မျိုးပုစွန်ကောင်ရေ ၃၀ တို့အား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲ တင်သွင်းခွင့်နှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံက မူဝါဒပြင်ဆင်

နေပြည်တော် မေ ၂၆

**ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲ တင်သွင်းခွင့်နှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံ အစိုးရ၏ နိုင်ငံခြားကုန်သွယ်မှု မူဝါဒပြင်ဆင်ချက်ကို မေ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။**

အိန္ဒိယနိုင်ငံ အစိုးရသည် ၂၀၁၅-၂၀၂၀ နိုင်ငံခြားကုန်သွယ်မှု မူဝါဒအရ ပဲစင်းငုံ (Tur/ Pigeon Pea, HS Code 0713 60 00)၊ ပဲတီစိမ်း [Moong (Beans of the SPP Vigna Radiata (L) Wilczek) HS Code 0713 31 90)] နှင့် မတ်ပဲ ([Beans of the SPP Vigna Mungo (L.) Hepper] HS Codes 0713 31 10) တို့ကို ၂၀၁၇ ခုနှစ် မှစတင်၍ ကန့်သတ်တင်သွင်း ကုန်စည်အဖြစ် သတ်မှတ်ကာ နှစ်စဉ်ခွဲတမ်း ပမာဏဖြင့် တင်သွင်းခွင့် ပြုခဲ့သည်။

ယခုအခါ အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ မေ ၁၅ ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ အမှတ် S.O. 1858(E) အရ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲတို့ကို ကန့်သတ်ကုန်စည်အဖြစ်မှ လွတ်လပ်စွာ တင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ ဖြေလျှော့ပြောင်းလဲ သတ်မှတ်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်အရ အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ မတ် ၁၉ ရက်တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ S.O.1266(E) အရ ၂၀၂၁ - ၂၀၂၂ ခုနှစ်အတွက် ပဲစင်းငုံနှင့် ပဲတီစိမ်း တင်သွင်းခွင့် ပမာဏ သတ်မှတ်ချက်ထုတ်ပြန်မှုနှင့် မတ် ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ S.O. 1372(E) အရ ၂၀၂၁ - ၂၀၂၂ ခုနှစ်အတွက် မတ်ပဲတင်သွင်းခွင့် ပမာဏသတ်မှတ်ချက် ထုတ်ပြန်မှုတို့ကို ယခုထပ်မံထုတ်ပြန်သည့် အမိန့်ကြော်ငြာစာဖြင့် အစားထိုး ပြင်ဆင်မည်ဖြစ်သည်။

ထို့ကြောင့် ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲတို့ကို တင်သွင်းရန်အတွက် Bill of Lading ထုတ်ပေးခြင်းကို အောက်တိုဘာ ၃၁ ရက်နောက်ဆုံးထား ဆောင်ရွက်ရန်နှင့် တင်သွင်းလာသည့် ကုန်စည်များအား ဆိပ်ကမ်းရှင်းလင်းခြင်းကို နိုဝင်ဘာ ၃၀ ရက်အတွင်း အပြီး လုပ်ဆောင်ရန် အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက အသိပေးထားကြောင်း အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။

**မောင်ဓနု**

# အဝေးပြေးယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲမှုဖြင့် ခရီးသွားများအဆင်ပြေပြီး ယာဉ်လိုင်းများလုပ်ငန်းလုပ်ဆောင်မှုမှ ဝင်ငွေတိုးလာ

**ရန်ကုန် မေ ၂၆**

ရန်ကုန်မြို့မှ မြန်မာပြည်တစ်ဝန်းသို့ ခရီးသွားလာမှု ပွင့်လန်းလာလျက်ရှိရာ မေလဆန်းမှစ၍ ခရီးသွားလာမှုတိုးလာသောကြောင့် အောင်မင်္ဂလာအဝေးပြေးမှယာဉ်လိုင်းများတိုးချဲ့ပြေးဆွဲပေးမှုဖြင့် အများပြည်သူခရီးသွားလာမှု အဆင်ပြေလျက်ရှိပြီး ယာဉ်လိုင်းများ လုပ်ငန်းလုပ်ဆောင်မှုမှ ဝင်ငွေတိုးပြီး လူမှုစီးပွားကဏ္ဍမှာလည်း အဆင်ပြေလာကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ခရီးသွားအများဆုံး ပို့ဆောင်ရာ အောင်မင်္ဂလာအဝေးပြေးကားဝင်းနှင့် ဒဂုံ-ဧရာ ကားဝင်းတို့တွင် ဧပြီလကုန်ပိုင်းမှစ၍ ခရီးသွားကဏ္ဍ ပြန်လည်ဦးမော့ခဲ့ပြီး ရုံးပိတ်ရက်တို့တွင် ခရီးသွားများလာရာမှ မေလဆန်းတွင် နေ့စဉ်ခရီးသွား တိုးလာသောကြောင့် ရန်ကုန်မြို့၏ခရီးသွားကဏ္ဍနှင့်ကုန်စည်စီးဆင်းမှု သွက်လက်လာလျက်ရှိသည်။ "ခရီးသွားတိုးလာတာနဲ့အမျှ ယာဉ်အစီးရေတိုးချဲ့ပြေးဆွဲနေပါတယ်။ ရုံးပိတ်ရက်သွားလာမှုများရာကနေ အခု နေ့စဉ်ခရီးသွားတိုးလာတာတွေ့ရတယ်။ သွားလာမှုအဆင်ပြေတော့ ခရီးသွားများလာတဲ့အတွက် ယာဉ်လိုင်းတွေလည်း အဆင်ပြေလာတယ်။ ကမ္ဘာ့ကပ်ရောဂါကာလဖြစ်တဲ့အတွက် ယာဉ်လိုင်းတွေကို ကျန်းမာရေးဦးစီးဌာနက ညွှန်ကြားချက်နဲ့အညီပြေးဆွဲဖို့မကြာခဏသတိပေးနေရပါတယ်။ ခရီးသွားတွေ နှာခေါင်းစည်းတပ်ပြီးမှကားပေါ်တက်ခွင့်ပြုဖို့၊ လက်ဆေးဖို့လည်းပါတယ်။ ခရီးသွားကဏ္ဍမှာ ကိုဗစ်နဲ့ပတ်သက်ပြီး လျော့လို့မရဘူး။ ထပ်ဖြစ်လာရင်ယာဉ်လိုင်းတွေ ရပ်နိုင်တာကြောင့် ကြပ်မတ်ဆောင်ရွက်နေပါတယ်။ အားလုံးဝိုင်းဝန်းမှလည်း အောင်မြင်မှာပါ။ ချောမွေ့စွာ ခရီးသွားလာနိုင်မှုအပေါ် ဝမ်းသာပါတယ်။ ခရီးသွားမှုများလေယာဉ်လိုင်းတွေရဲ့လူမှုစီးပွားလည်း အဆင်ပြေပြီးဘက်စုံအကျိုးရှိ စေမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီဝင် ဦးဘမြင့်က ပြောသည်။



အောင်မင်္ဂလာအဝေးပြေးဝင်းသို့ ဝင်ရောက်လာသော အဝေးပြေးယာဉ်တစ်စီးကို တွေ့ရစဉ်။

ရန်ကုန်မြို့မှနိုင်ငံတစ်ဝန်းသို့ အဝေးပြေးယာဉ်လိုင်းပေါင်း ၁၆၉ လိုင်းပြေးဆွဲခဲ့ပြီး ယခုအပတ်အတွင်း တစ်ရက်လျှင် ဧရာဝတီတိုင်းဒေသကြီးမှ အပကျန်သော တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ အောင်မင်္ဂလာအဝေးပြေးကားဝင်းတွင် ယာဉ်လိုင်း ၁၀၇ လိုင်းမှ ယာဉ်အစီးရေ ၂၃၅ စီးနှင့် ခရီးသွား ၂၉၀၀ ကျော်ကို ဝန်ဆောင်မှုပေးလျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးသို့ ပြေးဆွဲသော ဒဂုံ-ဧရာ အဝေးပြေးကားဝင်းတွင် ယာဉ်လိုင်းပေါင်း ၆၂ လိုင်းမှ ယာဉ်အစီးရေ ၁၁၆ စီးဖြင့်ခရီးသွား ၁၁၀၀ ကျော်ကို နေ့စဉ်ဝန်ဆောင်မှုပေးလျက်ရှိရာ တစ်ရက်လျှင် ရန်ကုန်မြို့မှပြည်သူ ၄၀၀၀ ကျော် ခရီးသွားလာလျက်ရှိ၍ လပိုင်းအတွင်း ခရီးသွားကဏ္ဍတိုးလာလျက်ရှိသည်။

ရန်ကုန်မြို့မှ နိုင်ငံတစ်ဝန်းသို့ ပြေးဆွဲသော အဝေးပြေးယာဉ်လိုင်းပေါင်း ၃၈၆ လိုင်းရှိပြီး အောင်မင်္ဂလာအဝေးပြေးတွင် ယာဉ်လိုင်းပေါင်း ၂၆၃ လိုင်းနှင့် ဒဂုံ-ဧရာအဝေးပြေးတွင် ယာဉ်လိုင်းပေါင်း ၁၂၃ လိုင်းတို့မှ ယာဉ်အစီးရေ ၃၇၉၅ စီးရှိသည်။ ပြန်လည် ဦးမော့လာသော ရန်ကုန်မြို့၏ ခရီးသွားကဏ္ဍတွင် မေလနောက်ဆုံးပတ်၌ တန်ဆာကုန်ပစ္စည်းနှင့် ခရီးသည်ပို့ဆောင်ရေး ပြန်လည်တိုးတက်လျက်ရှိပြီး ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ စီးနင်းရသောကြောင့် ယာဉ်စီးခ နှစ်ဆနီးပါးဖြင့် ပြေးဆွဲပေးလျက်ရှိကာ ခရီးသွားတိုးတက်လာမှုနှင့်အညီ အဝေးပြေးယာဉ်လိုင်း တိုးချဲ့ပြေးဆွဲမှုဖြင့် ယာဉ်လိုင်းတို့၏လူမှုစီးပွားကဏ္ဍယခင်ထက်အဆင်ပြေလာသည်။

**ညိမ်းသူ၊ ဓာတ်ပုံ - ကနူး**



## နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲ ကျင်းပ

**ဒေးဒရဲ မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်အတွင်းရှိ ကျောင်းသားလူငယ်များ နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဗလငါးတန်ဖွံ့ဖြိုးလာစေရန်နှင့် ရပ်ကွက်ပေါင်းစုံ၊ ကျောင်းပေါင်းစုံမှ ထူးချွန်ထက်မြက်သော လူငယ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာနက ကြီးမှူးကျင်းပသော နွေရာသီ အခြေခံအားကစား သင်တန်းဆင်းပွဲကို ယမန်နေ့က မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။ဆက်လက်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးမွန်မြတ်သူစိုးက အားကစားနည်းစနစ်များကို သင်ကြားပေးခဲ့သည့် သင်တန်းနည်းပြများအား အမှတ်တရ လက်ဆောင်များ ပေးအပ်ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ မြန်မာ့သိုင်း၊ ဘော်လီဘောနှင့် တင်းနစ် စသည့် အားကစားနည်း ငါးမျိုးတွင် ထူးချွန်ဆု ရရှိသည့် သင်တန်းသား၊ သင်တန်းသူ ၁၉ ဦးအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မယ်စဲ့မြို့နယ်တွင် စာဖတ်ဝိုင်း ကျင်းပ

**မယ်စဲ့ မေ ၂၆**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)၊ အမျိုးသမီးများအဖွဲ့ (Women Club) တို့ ပူးပေါင်း၍ စာရေးဆရာချစ်နိုင် (စိတ်ပညာ) ရေးသားသည့် လူငယ်နဲ့အခွင့်အလမ်း စာအုပ်ဖြင့် စာဖတ်ဝိုင်းပြုလုပ်ခြင်းကို ယမန်နေ့ ညနေ ၃ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောဝတ်ရည်က စာဖတ်ဝိုင်းများ ပြုလုပ်ခြင်းဖြင့် စာပေချစ်မြတ်နိုးသူများအချင်းချင်း တစ်ဦး၏ အတွေးအမြင်များ၊ ရသများကို ဖလှယ်ခွင့်ရရှိကြောင်း၊ မြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်ကို ကိုဗစ်-၁၉ စည်းကမ်းချက်၊ လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးနေပြီဖြစ်သည့်အတွက် သုတ/ရသ စာအုပ်များ ငှားရမ်းဖတ်ရှုနိုင်ကြောင်းနှင့် ဖွဲ့စည်းထားသည့် အသင်းအဖွဲ့များနှင့်အတူ စာဖတ်သူများအကြိုက် စာအုပ်များနှင့် လစဉ် စာဖတ်ဝိုင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စောဝတ်ရည်က စာရေးဆရာချစ်နိုင် (စိတ်ပညာ) ရေးသားသည့် လူငယ်နဲ့အခွင့်အလမ်း စာအုပ်မှ အဆိုးနဲ့အကောင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအဖွဲ့ဝင် ကိုငြိမ်းထက်အောင်က လူ့တန်ဖိုး ခေါင်းစဉ်ဖြင့် လည်းကောင်း ဦးဆောင်ဆွေးနွေးရာ Women Club အဖွဲ့ဝင် ဒေါ်မို့မို့ဌေးက ဦးဆောင်ဆွေးနွေးသွားသည့် အကြောင်းအရာများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရန် တာပေါင်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်

**နတ်တလင်း မေ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အနောက်ခြမ်းတောင်ညိုချောင်းအတွင်း ဇီးပင်ကွေ့အုပ်စု သူဌေးကုန်းရေတံခါး တည်ဆောက်ထားရာတွင် ချောင်းဘေးရှိ လယ်ယာများ တာပေါင်ကျိုးကျမှုကြောင့် နှစ်စဉ်ရေကြီးရေလျှံမှုများဖြစ်ခဲ့သဖြင့် စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။



မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဌာနမှ ရေထိန်းတံခါး၏ အထက်ပိုင်း ပေ ၂၅၀၀ နှင့် အောက်ပိုင်းပေ ၂၅၀၀ ကို အကျယ် ၁၂ ပေ၊ ငါးပေအမြင့်ဖြင့် ထပ်ဆင့်တာပေါင်ဖို့ခြင်းလုပ်ငန်းကို မေလဆန်းတွင် ပြီးစီးသွားပြီဖြစ်သည်။ နှစ်စဉ်အထက်ပိုင်းက မြစ်ရေကြီးခြင်း၊ မိုးရွာသွန်းမှုများခြင်းတို့ကြောင့် ချောင်းဘေးရှိကျေးရွာများနှင့် ပြည်သူများရေဘေးဒဏ်ခံရပြီး စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ လာမည့်မိုးရာသီတွင် ရေဘေးဒဏ်ကာကွယ်မှုရစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း တာပေါင်ဖို့လုပ်ငန်းကိုလည်း တာပွန်မြို့ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများက ဝိုင်းဝန်းကြီးကြပ်ဆောင်ရွက်ကြကြောင်း၊ ထပ်ဆင့်တာပေါင်ဖို့ပေးခြင်းဖြင့် ကွင်းအမှတ်၂၂၄ တွင် ဧက ၃၀၀ ခန့်နှင့်ကွင်းအမှတ်၂၂၁တွင် ဧက ၃၀၀ ခန့် စုစုပေါင်းဧက ၆၀၀ ရေဘေးကလွတ်၍ တောင်သူများအနေဖြင့် စိုက်ပျိုးသီးနှံများ၏ ရလဒ်အကျိုးကို အပြည့်အဝခံစားနိုင်တော့မည်ဖြစ်ကြောင်း ဒေသနေပြည်သူများလည်း ရေကြီးရေလျှံမှုဘေးဒုက္ခက ကင်းလွတ်မည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

**တင်မြင့် (နတ်တလင်း)**

# အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်း ယာစ် အိန္ဒိယနိုင်ငံ အရှေ့ပိုင်းကမ်းရိုးတန်းကို ဝင်ရောက်တိုက်ခတ်ရာ ငါးဦးသေဆုံးပြီး လူသန်းချီပြောင်းရွှေ့မှုများပြုလုပ်

**နယူးဒေလီ မေ ၂၆**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းပြည်နယ်များဖြစ်သည့် အနောက်ဘင်္ဂလားနှင့် ဩဒိသပြည်နယ်၏ ပင်လယ်ကမ်းရိုးတန်းဒေသများသို့ အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်း ယာစ် ဝင်ရောက်တိုက်ခတ်ပြီးနောက် လူငါးဦး သေဆုံးခဲ့ကြောင်း ပြည်တွင်းမီဒီယာများတွင် သတင်းဖော်ပြထားသည်။

ဆိုင်ကလုန်းမုန်တိုင်းသည် တစ်နာရီလျှင် လေတိုက်နှုန်း ၁၃၀-၁၄၀ ကီလိုမီတာအထိ တိုက်ခတ်ခဲ့သည်။ မုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီးနောက် ယင်းမုန်တိုင်းသည် မြောက်-အနောက်မြောက်ဘက်ယွန်းယွန်းသို့ ဆက်လက်ရွေ့လျားသွားပြီးနောက်ထပ်ခြောက်နာရီအတွင်း တဖြည်းဖြည်း အင်အားလျော့နည်းသွားနိုင်ခြေရှိကြောင်း အိန္ဒိယမိုးလေဝသဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အနောက်ဘင်္ဂလားပြည်နယ် ဒီဂါမြို့တွင် လူနှစ်ဦးသေဆုံးကြောင်း သတင်းဖော်ပြထားပြီး တစ်ဦးမှာ အဆောက်အအုံပြိုကျမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး ကျန်တစ်ဦးမှာ ပင်လယ်ထဲသို့ မျောပါသေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်မာမာတာဘာနာဂျီးက ပြောကြားလိုက်သည်။ အနောက်ဘင်္ဂလား၌ လူငယ်တစ်ဦးမုန်တိုင်း ခိုလှုံရာနေရာသို့ ပြောင်းရွှေ့နေစဉ် ရေနစ်သေဆုံးခဲ့ကြောင်း ပြည်တွင်းသတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

ဩဒိသပြည်နယ်တွင် လူနှစ်ဦး သေဆုံးခဲ့ကြောင်း တစ်ဦးမှာ ကီအွန်ဂျာခရိုင် ပန်ချာပလီရွာတွင် သစ်ပင်ပိသေဆုံးခဲ့ခြင်းဖြစ်ကြောင်း နောက်ထပ် အသက် ၁၅ နှစ်အရွယ် ကောင်လေးတစ်ဦး၏ ရုပ်အလောင်းကို မာယာဘန်ခရိုင် ဂျာဂန်နာ့သ်ခွန်သာရွာရှိ ရေကန်တွင်တွေ့ရှိခဲ့ကြောင်း ပြည်တွင်း မီဒီယာများတွင် ဖော်ပြထားသည်။



အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်း ယာစ် ဩဒိသပြည်နယ် ဘာလာဆော့စ်ဒေသသို့ ဝင်ရောက်တိုက်ခတ်ပြီးနောက် အမြစ်မှကျွတ်ထွက်သွားသော သစ်ပင်ကြီးကို စည်ပင်သာယာဝန်ထမ်းများ ရှင်းလင်းရေး လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

မုန်တိုင်းဝင်ရောက်တိုက်ခတ်ရာ ပြည်နယ်နှစ်ခုစလုံးတွင် အပျက်အစီးသတင်းများ ဖော်ပြထားပြီး အနောက်ဘင်္ဂလားပြည်နယ် ဒီဂါရှိ မြေနိမ့်ဒေသများသို့ ပင်လယ်ရေများဝင်ရောက်ခဲ့ပြီး လူနေဒေသများလည်း ပင်လယ်ရေများဖြင့် နစ်မြုပ်လျက်ရှိသလို လူနေအိမ်ခြေနှင့် ယာယီနားခိုရာနေရာ ၂၀၀၀၀ ခန့်လည်း ပျက်စီးခဲ့ကြောင်း သိရသည်။

ဩဒိသအာဏာပိုင်များက မြေနိမ့်ဒေသများမှ ပြည်သူ သန်းထက်ဝက်ကျော်ကို ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ အနောက်ဘင်္ဂလားတွင်လည်း ပြည်သူ ၁ ဒသမ ၁၅ သန်းကို ပင်လယ်ကမ်းခြေဒေသများမှ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ပြည်နယ်နှစ်ခုစလုံးမှ ပြည်နယ်ဝန်ကြီးချုပ်များသည် အခြေအနေများကို အဆက်မပြတ်စောင့်ကြည့်လျက်ရှိပြီး သဘာဝဘေးဒုက္ခစီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ပြန်လည်သုံးသပ်စည်းဝေးပွဲများ ကျင်းပလျက်ရှိကြောင်းသိရသည်။ အိန္ဒိယဗဟို အစိုးရက ရေတပ်တပ်ဖွဲ့ဝင်များနှင့် လေတပ်တပ်ဖွဲ့ဝင်များကို ပြည်နယ်အစိုးရအား လိုအပ်သည်များ ကူညီပေးရန် တိုက်တွန်းနှိုးဆော်ထားသည်။

ဆင်ဟွာ

# ဂျပန်ငါးဖမ်းသင်္ဘော ရုရှားသင်္ဘောနှင့် ဝင်တိုက်မိရာ သုံးဦး သေဆုံး

**တိုကျို မေ ၂၆**

ဂျပန်ငါးဖမ်းသင်္ဘောတစ်စင်းသည် ရုရှားသင်္ဘောတစ်စင်းနှင့် ဂျပန်နိုင်ငံ မြောက်ဘက်စွန်း ဟော့ကိုင်းဒိုးကျွန်းတွင် မေ ၂၆ ရက်က တိုက်မိနစ်မြုပ်ခဲ့ရာ သင်္ဘောအမှုထမ်းသုံးဦး သေဆုံးခဲ့ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။



ရုရှားသင်္ဘောနှင့် တိုက်မိပြီးနောက် တိမ်းမှောက်သွားသော ဂျပန်ငါးဖမ်းသင်္ဘောကို တွေ့ရစဉ်။

ဟော့ကိုင်းဒိုး မွန်ဘတ်စုအခြေစိုက် ငါးမွေးမြူရေးလုပ်ငန်းပိုင် လူငါးဦးပါ ဂျပန်ငါးဖမ်းသင်္ဘောသည် ကဏန်းများဖမ်းယူနေစဉ် ဂျပန်စံတော်ချိန် နံနက် ၆ နာရီတွင် မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားခဲ့သည်။

အလေးချိန် ၆၆၂ တန်ရှိသော ရုရှားသင်္ဘောအာမာပေါ်တွင် သင်္ဘောအမှုထမ်း ၂၃ ဦး ပါသည်။ သေဆုံးသူ သုံးဦးအနက် တစ်ဦးမှာ အသက် ၆၀ ဝန်းကျင်ရှိ အင်ဂျင်နီယာချုပ်တစ်ဦးဖြစ်ပြီး တခြားနှစ်ဦးမှာ အသက် ၃၀ ဝန်းကျင်များဖြစ်ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။

ကျန်ရှိနေသည့်အမှုထမ်းနှစ်ဦးအနက် တစ်ဦးမှာ ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ပြီး တခြားတစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း ပြည်တွင်းမီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။ ဆင်ဟွာ

# ဘင်္ဂလားဒေ့ရှ်တွင် ဆေးကျောင်းသားများကို တရုတ်ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေး

**ဒါကာ မေ ၂၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆေးကျောင်းသားများကို တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုများ မေ ၂၅ ရက်က စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏ ထိပ်တန်းဆေးကောလိပ်လေးခုမှ ဆေးကျောင်းသားပေါင်း ၁၀၀၀ ခန့်ကို တရုတ်နိုင်ငံမှ ဒုတိယအသုတ် ရောက်ရှိလာသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ပထမအကြိမ် ထိုးနှံပေးခဲ့သည်။

မြို့တော်ဒါကာတွင် အခြေစိုက်ထားသော ဆေးကျောင်းများမှ နောက်ဆုံးနှစ်ကျောင်းသားများသည် ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို မေ ၂၅ ရက်က ခံယူခဲ့သည်။

ဘင်္ဂလားဒေ့ရှ် ဆေးဝါးထိန်းချုပ်ရေး အာဏာပိုင်အဖွဲ့က လွန်ခဲ့သည့် ဧပြီလက ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို နိုင်ငံအတွင်း၌ အရေးပေါ်သုံးစွဲခွင့်ပြုခဲ့သည်။

ဆင်ဟွာ

# ထိုင်းနိုင်ငံတွင် ကိုဗစ်ရောဂါဖြင့် သေဆုံးမှုတိုးလာ

**ဗန်ကောက် မေ ၂၆**

ထိုင်းနိုင်ငံတွင် နေ့စဉ် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုတိုးလာလျက်ရှိသလို အိန္ဒိယနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၇ သန်း ကျော်လွန်လာပြီဖြစ်သည်။

ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၄၁ဦး သေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၈၇၃ ဦးအထိ ရောက်ရှိလာကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

ထို့အပြင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၄၅၅ ဦး ရှိကြောင်း ဖော်ပြထားရာ ၎င်းတို့အနက် ၂၄၃၉ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်သည်။ ဆင်ဟွာ

# အိန္ဒိယတွင် ကိုဗစ်ကြောင့် ကလေးငယ် ၅၇၇ ဦးထက်မနည်း မိဘမဲ့ဖြစ်

**နယူးဒေလီ မေ ၂၆**

အိန္ဒိယနိုင်ငံတွင် ဧပြီ ၁ ရက်မှ မေ ၂၅ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ဆက်လက်ဖြစ်ပွားနေစဉ်အတွင်း မိဘများ သေဆုံးခဲ့သဖြင့် ကလေးငယ်ပေါင်း ၅၇၇ ဦးထက်မနည်း မိဘမဲ့ဖြစ်ကုန်ကြောင်း အစိုးရက သတင်းထုတ်ပြန်လိုက်သည်။

ကိုဗစ်-၁၉ ကြောင့် မိဘနှစ်ပါးစလုံး ဆုံးရှုံးခဲ့ရသည့် ကလေးငယ်များအတွက် အတတ်နိုင်ဆုံး ကာကွယ်ထောက်ပံ့စောင့်ရှောက်သွားမည်ဖြစ်ကြောင်း အစိုးရက ပြောကြားလိုက်သည်။

မိဘမဲ့သွားသည့်ကလေးငယ်များတွေ့ရှိပါကလည်း အရေးပေါ်ဖုန်းနံပါတ် သို့မဟုတ် ကလေးစောင့်ရှောက်ရေးကော်မတီ သို့မဟုတ် ရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားပေးရန် နိုင်ငံအတွင်းနေထိုင်ကြကုန်သော နိုင်ငံသားများကို အမျိုးသမီးနှင့် ကလေးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဆမရီတီအီရာနီက တိုက်တွန်းပြောကြားထားသည်။ ဆင်ဟွာ

# အင်ဒိုနီးရှားတွင် ကိုဗစ်ဖြင့် သေဆုံးသူ ငါးသောင်းနီးပါးရောက်ရှိ

**ဂျကာတာ မေ ၂၆**

အင်ဒိုနီးရှားနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၀၃၄ ဦးတိုးလာသောကြောင့် နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၇၉၁၂၂၁ ဦး ရှိလာမှုနှင့်အတူ ကိုဗစ်-၁၉ ကြောင့် ၁၄၄ ဦးထပ်မံသေဆုံးခဲ့ရာ စုစုပေါင်းသေဆုံးသူ ၄၉၇၇၁ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၆ ရက်တွင် သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကင်းစင်သွားသူ ၃၁၈၉ ဦးတိုးလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၁၆၄၅၂၆၃ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ဖော်ပြချက်အရ သိရသည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် နိုင်ငံ၏ပြည်နယ်ပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့လျက်ရှိသည်။ ဆင်ဟွာ

# အပစ်အခတ်ရပ်စဲမှုဖြင့် ပြည်သူတွေရဲ့ အသက်တွေကို ကာကွယ်နိုင်ခဲ့တဲ့ အစ္စရေးနဲ့ ဂါဇာတို့ရဲ့ ပဋိပက္ခ

*လင်းဟန်သစ်*

**လူပေါင်းရာချီသေဆုံးခဲ့တဲ့ တိုက်ခိုက်မှုတွေပြီးနောက်မှာ အစ္စရေးနဲ့ ဂါဇာတို့ဟာ အရှေ့အလယ်ပိုင်းမှာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို စတင်ခဲ့ပါတယ်။ အဲဒီအပစ်အခတ်ရပ်စဲရေးကို မေ ၂၁ ရက်မှာ စတင်ခဲ့ပါတယ်။ ဒီအပစ်အခတ်ရပ်စဲရေးကို ကျိုးပဲ့လွယ်တဲ့ ငြိမ်းချမ်းရေးသဘောတူညီချက်အဖြစ် ပြောဆိုနေကြပါတယ်။**



အပစ်အခတ်ရပ်စဲရေးကို ကြေညာပြီးနောက် ပါလက်စတိုင်းများ ဝမ်းသာပျော်ရွှင်နေကြပုံ။

> **အမေရိကန်ပြည်ထောင်စု၊ ကာတာ၊ အီဂျစ်နဲ့ တခြားအဖွဲ့တွေက အပစ်အခတ်ရပ်စဲရေးကို ရရှိအောင် ကြိုးစားခဲ့သော်လည်း အစပိုင်းမှာ တိုးတက်မှု မရရှိခဲ့ပါဘူး။ နောက်ဆုံးမှာ အလျှော့ပေးလိုက်၊ ညှိနှိုင်းလိုက်နဲ့ပဲ လိုချင်တဲ့ အပစ်အခတ်ရပ်စဲရေးကို ရရှိခဲ့ပါတယ်။ သို့သော်လည်း ဒီအပစ်အခတ်ရပ်စဲရေးဟာ ဘယ်လောက်အထိကြာမလဲဆိုတာကိုတော့ ဘယ်သူမှ မပြောနိုင်သေးပါဘူး**

### စိတ်လှုပ်ရှားစွာနဲ့စောင့်ကြည့်

မေ ၂၁ ရက်က အစ္စရေးတောင်ပိုင်းမှာ အချက်ပေးဥဩဆွဲသံတွေလည်း တိတ်ဆိတ်နေခဲ့ပါတယ်။ ဂါဇာမှာ ဗုံးပေါက်ကွဲသံတွေလည်း မကြားရတော့ဘဲ ဗုံးပေါက်ကွဲသံတွေနေရာမှာ အောင်မြင်မှုအထိမ်းအမှတ်အနေဖြင့် သေနတ်ပစ်ဖောက်သံတွေသာ ကြားနေရပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုရင် အစ္စရေးနဲ့ ဟားမားစ်တို့အကြား အပစ်အခတ်ရပ်စဲရေးစတင်ခဲ့လို့ပဲဖြစ်ပါတယ်။

၁၀ ရက်ကျော်ကြာ တိုက်ခိုက်ခဲ့ပြီး လူ့အသက်ပေါင်း ၂၀၀ ကျော် သေဆုံးစေခဲ့တဲ့ အစ္စရေးနဲ့ ဂါဇာတို့အကြား တိုက်ပွဲတွေလည်း အဆုံးသတ်ခဲ့ပါပြီ။ အီဂျစ်က ကြားဝင်စေ့စပ်ပေးတဲ့ အဲဒီအပစ်ရပ်စဲရေးဟာ နံနက် ၂ နာရီအချိန်မှာ စတင်ခဲ့ပါတယ်။ အပစ်အခတ်ရပ်စဲရေး စတင်ပြီးနောက်မှာ တစ်ဖက်နဲ့တစ်ဖက် ပြည်သူတွေဟာ တကယ် အပစ်အခတ်ရပ် မရပ် စိတ်လှုပ်ရှားစွာနဲ့ စောင့်ကြည့်နေကြပါတယ်။

### မချိုးဖောက်သေး

အရုဏ်တက်ချိန်ရောက်တဲ့အထိ အပစ်အခတ်ရပ်စဲရေး ချိုးဖောက်တာနဲ့ပတ်သက်ပြီး ဖော်ပြချက်မရှိခဲ့ပါဘူး။ သို့သော်လည်း တစ်ဖက်နဲ့တစ်ဖက်အကြား တင်းမာမှုတွေတော့ ဆက်လက်ရှိနေဆဲဖြစ်ပါတယ်။ ဟိုးယခင် အစ္စရေးနဲ့ဟားမားစ်တို့အကြား အပစ်အခတ်ရပ်စဲရေးဟာ ကျိုးပဲ့လွယ်တယ်ဆိုတာကို သက်သေပြခဲ့ပါတယ်။ ဒါကြောင့်မို့ တစ်ဖက်နဲ့တစ်ဖက် ရင်ခုန်စိတ်လှုပ်ရှားစွာနဲ့ စောင့်ကြည့်နေကြပါတယ်။

နှစ်ပေါင်းအတော်ကြာပြီးတဲ့နောက်မှာ အစ္စရေးနဲ့ ပါလက်စတိုင်း ပဋိပက္ခဟာ ဘာဖြစ်လို့ ပြန်လည်ပေါက်ဖွားလာခဲ့တာလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဂါဇာက ပထမဆုံး ဒုံးလက်နက် မပစ်ခတ်မီ ၂၇ ရက်အကြာမှာ ဧပြီ ၁၃ ရက်ညက အစ္စရေးရဲ့အရာရှိ အဖွဲ့တစ်ဖွဲ့ဟာ ဂျေရုဆလင်မှာရှိတဲ့ အက်ဆာဘာသာရေး အဆောက်အအုံထဲသို့ ဝင်ရောက်ခဲ့ကာ ပါလက်စတိုင်းဝတ်ပြုသူတွေကို ဖယ်ရှားလိုက်ပြီး အထွတ်အမြတ်ထားရာ ကြီးမားတဲ့ ထုံးကျောက်တုံးကြီးကို လွှားခနဲခုန်ကျော်လိုက်ပါတယ်။ အဲဒီနောက်မှာ ဘာသာရေး အဆောက်အအုံထိပ်မှာရှိတဲ့ အသံချဲ့စက်ကိုဆက်သွယ်ထားတဲ့ ကေဘယ်လ်ကြိုးတွေကို ဖြတ်လိုက်ပါတယ်။ အဲဒီနေ့ဟာ မွတ်စလင်တွေရဲ့ ဥပုသ်လပထမဆုံးနေ့ဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံအတွက် တိုက်ပွဲဝင်သွားသူတွေကို ဂုဏ်ပြုတဲ့ အစ္စရေးတို့ရဲ့ အထိမ်းအမှတ်နေ့ထူးနေ့မြတ်တစ်နေ့လည်း ဖြစ်ပါတယ်။

အဲဒီကနေအစပြုပြီးဖြစ်ပွားခဲ့တဲ့ တစ်ဖက်နဲ့တစ်ဖက် ပစ်ခတ်မှုတွေဟာ ၁၁ ရက်အထိ ကြာမြင့်ခဲ့ပါတယ်။

### ပြည်သူတွေ ဒုက္ခပင်လယ်ဝေလေလေ

အစ္စရေးတို့နဲ့ ဟားမားစ်တို့အကြား တိုက်ပွဲတွေ ပိုပြီးပြင်းထန်လေလေ ပြည်သူတွေပိုပြီး ဒုက္ခပင်လယ်ဝေလေလေဖြစ်ပါတယ်။

အပြစ်မဲ့ပြည်သူတွေဟာ အစ္စရေးနဲ့ ဟားမားစ်တို့ရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေအောက်မှာ တန်ဖိုးကြီးကြီးပေးဆပ်ခဲ့ရပါတယ်။ အဲဒါတွေကတော့ ပြည်သူတွေရဲ့ အသက်ပဲဖြစ်ပါတယ်။

စစ်ပွဲတွေဖြစ်ပွားတာနဲ့ပတ်သက်ပြီး စစ်ပွဲရဲ့ ဥပဒေဟာ အကြီးအကျယ်လောင်ကျွမ်းတဲ့ ရန်မီးအပေါ် ဘယ်လိုသက်ရောက်မှုရှိသလဲ၊ ဘယ်လိုမျိုး စစ်ရေးဆိုင်ရာအရေးယူမှုတွေဟာ တရားဝင်သလဲ၊ ဘယ်လိုမျိုး စစ်ရာဇဝတ်မှုတွေကို ဘယ်သူတွေက ကျူးလွန်သလဲ ဆိုတဲ့အပေါ် မေးခွန်းတွေ အများကြီးရှိလာပါတယ်။

### နှစ်ဖက်စလုံးက ချိုးဖောက်ကြ

ကျိန်းသေတာကတော့ နှစ်ဖက်စလုံးက အဲဒါတွေကို ချိုးဖောက်ကြတာပဲဖြစ်ပါတယ်။ ဟားမားစ်တို့က အစ္စရေးမြို့တော်တွေနဲ့ မြို့တွေဘက်ကို ဒုံးလက်နက် အလုံးရေ ၃၀၀၀ နီးပါး ပစ်ခတ်ပါတယ်။ ဒါဟာ စစ်ရာဇဝတ်မှုကျူးလွန်တာပဲ ဖြစ်ပါတယ်။ တစ်ဖန် အစ္စရေးတို့ကလည်း အရပ်သားသေဆုံးမှုတွေကိုရှောင်ရှားမယ်လို့ ဘယ်လိုပဲဆိုဆို ဂါဇာကို ပြင်းထန်တဲ့ စစ်မြေပြင်မဖြစ်စေရဘူးလို့ ဘယ်လိုပင်ပြောပြော နောက်ဆုံးတော့ မိသားစုဝင်တွေ အများအပြား သေဆုံးစေခဲ့သလို အဆောက်အအုံတွေကိုလည်း မြေပြင်မှာ ပြားပြားဝပ်စေခဲ့ပါတယ်။ ဒါဟာ အင်အားတွေကို မလျော်မကန် သုံးစွဲခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒါဟာလည်း စစ်ရာဇဝတ်မှုမြောက်တယ်လို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။

တိုက်ပွဲတွေ တစ်ဖက်နဲ့တစ်ဖက် အရှိန်မြင့်နေတဲ့ကြားထဲမှာ တရားဥပဒေကြောင်းအရ ညှိနှိုင်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အစ္စရေးရဲ့ လေကြောင်းတိုက်ခိုက်မှုနဲ့ လက်နက်ကြီးတွေနဲ့ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းတွေ သေဆုံးခဲ့ကြသလို သေဆုံးခဲ့ကြတဲ့အထဲမှာလည်း အမျိုးသမီးနဲ့ ကလေးငယ် ၉၃ ဦးပါဝင်ပါတယ်။

တခြားတစ်ဖက်မှာလည်း ဟားမားစ်တို့ရဲ့ အစ္စရေးမြို့တွေအပေါ် ဒုံးကျည်မိုးတွေရွာချခဲ့တဲ့အတွက် ကလေးငယ်နှစ်ဦးအပါအဝင် အတော်များများ သေဆုံးခဲ့ကြပါတယ်။ တစ်ဖက်နဲ့ တစ်ဖက် ဒီလိုသာ တင်းမာမှုတွေ ဆက်လက်မြင့်တက်နေပြီး ညှိနှိုင်းလို့မရဘူးဆိုရင်တော့ သွေးမြေကျမှုတွေဟာ ဆုံးခန်းတိုင်တော့မှာ မဟုတ်ပါဘူး။

### ဆွေးနွေးအဖြေရှာခဲ့

ဒီအရေးကိုကြုံတွေ့လို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆွေးနွေးပွဲမှာ အဖြေရှာခဲ့ကြတာဖြစ်ပါတယ်။ သို့သော်လည်း ပြေလည်အောင် အဖြေမရှာနိုင်ခဲ့ပါဘူး။ အဲဒီလိုနဲ့ အစ္စရေးတို့ရဲ့ လေကြောင်းတိုက်ခိုက်မှုတွေဟာ ဒုတိယအပတ်ထဲမှာ ပြန်လည်စတင်ခဲ့ပါတယ်။

အစ္စရေးနဲ့ ဂါဇာတို့ရဲ့ ပဋိပက္ခဟာ သီတင်းပတ်နှစ်ပတ်ထဲကို ဝင်ရောက်လာတဲ့အခါမှာတော့ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ဂါဇာမှာဖြစ်ပွားနေတဲ့ အစ္စရေးနဲ့ ပါလက်စတိုင်းတို့ရဲ့ အကြမ်းဖက်မှုတွေဟာ ပြီးဆုံးမယ့် အရိပ်အယောင်မတွေ့ရသေးဘူးလို့ ပြောပါတယ်။

### ဘာမဆိုလုပ်မှာပဲ

ပြန်လည်ထိန်းသိမ်းဖို့နဲ့ ငြိမ်သက်သွားဖို့ဆိုရင် ဘာမဆိုလုပ်မှာပဲလို့ နေတန်ယာဟုကပြောခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စု၊ ကာတာ၊ အီဂျစ်နဲ့ တခြားအဖွဲ့တွေက အပစ်အခတ်ရပ်စဲရေးကို ရရှိအောင် ကြိုးစားခဲ့သော်လည်း အစပိုင်းမှာ တိုးတက်မှု မရရှိခဲ့ပါဘူး။ နောက်ဆုံးမှာ အလျှော့ပေးလိုက်၊ ညှိနှိုင်းလိုက်နဲ့ပဲ လိုချင်တဲ့ အပစ်အခတ်ရပ်စဲရေးကို ရရှိခဲ့ပါတယ်။ သို့သော်လည်း ဒီအပစ်အခတ်ရပ်စဲရေးဟာ ဘယ်လောက်အထိကြာမလဲဆိုတာကိုတော့ ဘယ်သူမှ မပြောနိုင်သေးပါဘူး။

### ရရှိခဲ့တဲ့ အပစ်အခတ်ရပ်စဲရေးကို ထိန်းသိမ်းနိုင်မလား

အခုတော့ ရရှိထားတဲ့ အပစ်အခတ်ရပ်စဲရေးဘယ်လောက်တောင် သက်ဆိုးရှည်နေမလဲဆိုတာကို တစ်ဖက်နဲ့ တစ်ဖက်က ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့်နေကြရပါတယ်။ အခုလို တစ်ဖက်နဲ့တစ်ဖက် အပစ်အခတ်ရပ်စဲရေးရရှိခဲ့တာလည်း ကောင်းမွန်တဲ့ ကိစ္စတစ်ခုပါပဲ။ ဒီလိုမှ မဟုတ်ရင် တစ်ဖက်နဲ့တစ်ဖက် အမုန်းတရားတွေကြားမှာ ပြည်သူတွေက မြေစာပင်ဖြစ်သွားရမှာပဲ ဖြစ်ပါတယ်။ ။

**ကိုးကား - နယူးယော့ခ်တိုင်းမ်**

# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

## (၂၆–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၅–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၁၂၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၁၄,၆၇၈) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၃၁၈) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၂၆၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၆–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၂၈၀) ခု | (၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၄၃) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅) ခု | – |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၅၅) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁၃၆) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၃) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၇) ခု | (၈) ဦး |
| စုစုပေါင်း | (၁,၁၂၉) ခု | (၂၂) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၂၆-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၉၄၇၃၅၁ | ၂၇၆၀၆၄၄၂ | ၆၀၅၂၀၉ |
| ၂။ | အိန္ဒိယ | ၂၇၁၅၇၇၉၅ | ၂၄၃၅၀၈၁၆ | ၃၁၁၄၂၁ |
| ၃။ | ဘရာဇီး | ၁၆၁၉၅၉၈၁ | ၁၄၆၄၈၃၃၂ | ၄၅၂၂၄ |
| ၄။ | ပြင်သစ် | ၅၆၀၉၀၅၀ | ၅၂၄၆၂၈ | ၁၀၈၈၇၉ |
| ၅။ | တူရကီ | ၅၂၀၃၃၈၅ | ၅၀၄၅၅၀၈ | ၄၆၆၂၁ |
| ၆။ | ရုရှား | ၅၀၂၆၁၆၈ | ၄၆၄၂၀၉၀ | ၁၁၉၆၀၀ |
| ၇။ | ဗြိတိန် | ၄၄၆၇၃၁၀ | ၃၄၀၅၉၇၁ | ၁၂၇၇၃၉ |
| ၈။ | အီတလီ | ၄၁၉၇၈၉၂ | ၃၈၀၄၂၄၆ | ၁၂၅၅၀၁ |
| ၉။ | ဂျာမနီ | ၃၆၆၂၅၆၈ | ၃၄၃၈၈၀၀ | ၈၈၀၆၁ |
| ၁၀။ | စပိန် | ၃၆၅၂၈၇၉ | ၃၄၀၂၂၅၈ | ၇၉၈၀၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၆ – ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၉၁၂၂၁ | ၁၆၄၅၂၆၃ | ၄၉၇၇၁ |
| ဖိလစ်ပိုင် | ၁၁၉၃၉၇၆ | ၁၁၂၇၇၇၀ | ၂၀၁၆၉ |
| မလေးရှား | ၅၃၃၃၆၇ | ၄၆၄၇၂၇ | ၂၄၃၂ |
| မြန်မာ | ၁၄၃၃၁၈ | ၁၃၂၂၆၄ | ၃၂၁၆ |
| ထိုင်း | ၁၃၇၈၉၄ | ၉၁၇၆၅ | ၈၇၃ |
| စင်ကာပူ | ၆၁၉၁၆ | ၆၁၃၂၉ | ၃၂ |
| ကမ္ဘောဒီးယား | ၂၆၉၈၉ | ၁၉၇၇၂ | ၁၉၀ |
| ဗီယက်နမ် | ၆၀၈၆ | ၂၈၅၃ | ၄၅ |
| လာအို | ၁၈၈၃ | ၁၁၈၀ | ၂ |
| ဘရူနိုင်း | ၂၄၀ | ၂၂၈ | ၃ |

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

**ကျေးရွာတင် ဝမ်းမြောက်**

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒီးမော့ဆိုနှင့် မိုးပြဲမြို့တို့ရှိ ရဲစခန်းများအား လက်နက်ကိုင်သောင်းကျန်းသူနှင့် အကြမ်းဖက်ဆူပူသောင်းကျန်းသည့်အဖွဲ့များက လူနေအိမ်များ၊ အုပ်ချုပ်မှုအဆောက်အအုံများနှင့် ဘာသာရေးအဆောက်အအုံများကို အကာအကွယ်ပြု၍ လာရောက်တိုက်ခိုက်

နေပြည်တော် မေ ၂၆

ကယားပြည်နယ် ဖရူဆိုမြို့နယ်အတွင်း လုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ဧပြီ ၃၀ ရက်၌ ဖရူဆိုမြို့ရှောင်လမ်းဆုံတွင် တွေ့ရှိရသည့် မသင်္ကာဖွယ်ရာ အမျိုးသား ၇၄ ဦးတို့အား လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုထံတွင် သင်တန်းတက်ရောက်ခဲ့သည့် အထောက်အထားများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ပြည်နယ်အတွင်း လိုအပ်သည့် လုံခြုံရေးဆိုင်ရာ စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများကိုလည်း လက်နက်ကိုင်ဆူပူမှုများနှင့်ပတ်သက်၍ အားပေးခြင်း၊ ကူညီခြင်းများ မပြုလုပ်ဘဲ အေးချမ်းစွာနေထိုင်ရန် သတိပေးခဲ့သည်။

### ပြန်လည်ဆုတ်ခွာသွား

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြို့၊ ရွာ လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ် မေ ၂၁ ရက် ညနေ ၃ နာရီခန့်တွင် ဒီးမော့ဆိုမြို့ရှိ မြို့မရဲစခန်းအား လက်နက်ကိုင်သောင်းကျန်းသူနှင့် အကြမ်းဖက်ဆူပူသောင်းကျန်းသည့် ပူးပေါင်းအဖွဲ့များက ရဲစခန်း၏အရှေ့ဘက်ရှိထေရဝါဒတောင်တန်းသာသနာပြု ဘုန်းကြီးကျောင်းအတွင်းမှတစ်ဆင့် လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ လက်နက်ကိုင်သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

ထို့ပြင် ဘောလခဲမြို့နယ်ရှိ နမ့်ဖဲရဲကင်းစခန်းကို လက်နက်ကိုင်သောင်းကျန်းသူအင်အား ၃၀ ခန့်က ရဲကင်းစခန်း၏ အရှေ့ဘက်နှင့် တောင်ဘက်တို့ရှိ လူနေရပ်ကွက်များအတွင်းမှတစ်ဆင့် လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရသည်။

### အင်အားချင်းမမျှ

မေ ၂၃ ရက် နံနက်ပိုင်းတွင်လည်း ဖယ်ခုံမြို့နယ် မိုးပြဲရဲကင်းစခန်းအား လက်နက်ကိုင်သောင်းကျန်းသူနှင့် အကြမ်းဖက်ဆူပူသောင်းကျန်းသည့်အဖွဲ့ပူးပေါင်းအင်အား ၇၀ ခန့်က ရဲစခန်း၏တောင်ဘက်နှင့် အနောက်တောင်ဘက်တို့ရှိ ပွဲကုန်းရပ်ကွက်နှင့် ပေါ်ဦးရပ်ကွက်တို့ရှိ လူနေအိမ်တိုက်များအပေါ်မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်စီးနင်း တိုက်ခိုက်ခဲ့သည့်အပြင် မိုးပြဲဆည်အတွင်းမှလည်း စက်လှေသုံးစင်းဖြင့် လာရောက်၍ ဝိုင်းပတ်ပိတ်ဆို့တိုက်ခိုက်ခဲ့သည်။ လွိုင်ကော်မြို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ကူပစ်ကူပေးနိုင်ရေး မိုးပြဲသို့ ချီတက်ပူးပေါင်းခဲ့သော်လည်း ချီတက်ရာလမ်းကြောင်းတစ်လျှောက်တွင် ဖြတ်တောက်ပိတ်ဆို့ တိုက်ခိုက်ခြင်းများ လုပ်ဆောင်ခဲ့သောကြောင့် မိုးပြဲစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အင်အားချင်းမမျှသဖြင့် စခန်းအားစွန့်ခွာခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ကျဆုံးခဲ့ကြောင်းနှင့်အချို့ပျောက်ဆုံးခဲ့ကြောင်း သိရှိရသည်။

တစ်ချိန်တည်းတွင် မိုးပြဲမြို့၏ အရှေ့ဘက် ကီလိုမီတာ ၂၅၀၀ ခန့်အကွာရှိ ဝါရီကောခူလုံခြုံရေးပူးပေါင်းစခန်းကိုလည်း လက်နက်ကိုင်သောင်းကျန်းသူနှင့် အကြမ်းဖက်ဆူပူသောင်းကျန်းသည့် ပူးပေါင်းအဖွဲ့က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မိုးပြဲသို့ စစ်ကူသွားရောက်ခဲ့ပြီး လွိုင်ကော်သို့ ပြန်လည်ချီတက်လာသည့် နယ်မြေခံတပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များကိုလည်း လွိုင်ကော်-ဒီးမော့ဆိုသွားကားလမ်းဘေးရှိ လူနေအိမ်များ၊ လမ်းကြားများမှ နှောင့်ယှက်ပစ်ခတ်ခြင်းများ လုပ်ဆောင်ခဲ့သည့်အပြင် နွားလပို့လမ်းဆုံအနီးသို့အရောက်၌ ကယန်းသာယာရွာအတွင်းမှ လက်နက်ကိုင်သောင်းကျန်းသူများက လူနေအိမ်များကို အကာအကွယ်ပြု၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်နှောင့်ယှက်ဟန့်တားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ လက်နက်ကိုင်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ဖြစ်စဉ်တွင် ကယန်းသာယာရွာရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းအတွင်းမှ ၎င်းတို့ အသုံးပြုပစ်ခတ်ခဲ့သည့် ၆၀ မမ ကျည်ခွံများ၊ အေကေ -၄၇၊ အမ်- ၁၆ ကျည်ခွံများနှင့် လက်နက်ကိုင်သောင်းကျန်းသူအင်အား ၁၀၀ ခန့် အခြေပြုနေထိုင်ခဲ့သည် အသုံးအဆောင်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

မေ ၂၃ ရက် ညနေပိုင်းတွင် ဒီးမော့ဆိုမြို့မရဲစခန်းအား လက်နက်ကိုင်သောင်းကျန်းသူနှင့် အကြမ်းဖက်ဆူပူသောင်းကျန်းသည့်ပူးပေါင်းအဖွဲ့က ရဲစခန်း၏ မြောက်ဘက်ရှိ ဆေးရုံ၊ အရှေ့ဘက်ရှိ အထက်တန်းကျောင်း၊ တောင်ဘက်ရှိ ဘုန်းကြီးကျောင်း၊ အနောက်ဘက်ရှိ ဘောလုံးကွင်း၊ ပညာရေးမှူးရုံးတို့အတွင်းမှ လူနေရပ်ကွက်အား အကာအကွယ်ပြု၍ ဝိုင်းပတ်ပိတ်ဆို့လာခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြံ့ကြံ့ခံ ပြန်လည်ခုခံတိုက်ခိုက်နိုင်ခဲ့သည်။




ဒီးမော့ဆိုမြို့မရဲစခန်းအား လက်နက်ကိုင်သောင်းကျန်းသူနှင့် ဆူပူသောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက လူနေအိမ်များ၊ အုပ်ချုပ်မှုအဆောက်အအုံများနှင့် ဘာသာရေးအဆောက်အအုံများကို အကာအကွယ်ပြု၍ လာရောက်တိုက်ခိုက်မှုဖြစ်စဉ်ပြပုံ။

မေ ၂၅ ရက် နံနက်ပိုင်းတွင်လည်း လက်နက်ကိုင်သောင်းကျန်းသူအင်အား ၂၀၀ ခန့်က ဒီးမော့ဆိုမြို့မရဲစခန်းအား လူနေအိမ်များ၊ အုပ်ချုပ်ရေးအဆောက်အအုံများ၊ဘာသာရေးအဆောက်အအုံများကို အကာအကွယ်ပြု၍ အင်အားအလုံးအရင်းဖြင့် ထပ်မံလာရောက် ဝိုင်းပတ်ပိတ်ဆို့တိုက်ခိုက်လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံတိုက်ခိုက်ခဲ့မှုကြောင့် လက်နက်ကိုင်သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

### လက်နက်များ သိမ်းဆည်းရမိ

ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရပြီး အချို့ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ပြောက်ကျားယူနီဖောင်းဝတ်လက်နက်ကိုင်သောင်းကျန်းသူ အလောင်းများနှင့် အေကေ - ၄၇၊ အမ် -၁၆ အမျိုးအစား လက်နက်အချို့နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ထိုသို့ လာရောက်ပစ်ခတ်စဉ် ဒီးမော့ဆိုမြို့မရဲစခန်းသို့ စစ်ကူပေးရန်လာရောက်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုလည်း လက်နက်ကိုင်သောင်းကျန်းသူနှင့် အကြမ်းဖက်ဆူပူသောင်းကျန်းသည့် ပူးပေါင်းအဖွဲ့က ၆ မိုင်ရွာအနီးနှင့် ငွေတောင်ဆည်တာပေါင်ပေါ်မှ နေရာယူပိတ်ဆို့ဟန့်တား၍ လမ်းဘေးဝဲ၊ ယာ လူနေအိမ်များအတွင်းမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်လာသဖြင့် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ အဆိုပါ ဒီးမော့ဆိုမြို့မရဲစခန်း ပတ်ဝန်းကျင်တစ်ဝိုက်၌ ယနေ့ညနေပိုင်းတွင် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ဘုန်းကြီးကျောင်းခြံစည်းရိုးနှင့် လူနေအဆောက်အအုံများအကြားတွင် လက်နက်ကိုင်သောင်းကျန်းသူသုံးဦး၏ အလောင်းအား အမ်-၂၂ မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ ဘီအေ-၆၃ တစ်လက်၊ လက်လုပ်မိုင်းလေးလုံး၊ ဒီတိုနေတာ ၁၀ ခု၊ ဆက်စပ်ပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

### ပြန်လည်ခုခံတိုက်ခိုက်

လက်နက်ကိုင်သောင်းကျန်းသူနှင့် အကြမ်းဖက်ဆူပူသောင်းကျန်းသည့် ပူးပေါင်းအဖွဲ့များသည် လူနေအိမ်များ၊ အုပ်ချုပ်မှုအဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများကို အကာအကွယ်ပြု၍ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မြို့၊ ရွာ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိ လာရောက်တိုက်ခိုက်ခဲ့ကာ မြို့တွင်းတိုက်ပွဲအသွင် လုပ်ဆောင်လာခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြို့တွင်းတိုက်ပွဲ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း(ROE) ပါ မိမိကိုယ်ကိုယ်ခုခံပိုင်ခွင့် စည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီသာ ပြန်လည်ခုခံတိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ အကြမ်းဖက်သူများ ဝင်ရောက်နေထိုင်လှုပ်ရှားမှုမရှိစေရေး နေ့ညမပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသော ပြည်သူများအနေဖြင့်လည်း ပါဝင်ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အကြမ်းဖက်မှုများကို အားပေးသူများနှင့် ပါဝင်ကျူးလွန်သူများအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၆

ထူးခြားသည့် နေ့အပူချိန်များမှာ စစ်ကိုင်းမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ မင်းကင်းမြို့၊ မန္တလေးမြို့၊ မြင်းခြံမြို့၊ တံတားဦး(လေကြောင်းမိုးလေဝသ)နှင့် မြောက်ဦးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၁၀၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

**မိုး/ဇလ**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၆

**မြန်မာနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်စုံစမ်းဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သမားများ၏ လက်နက်၊ ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိလျက်ရှိသည်။**



ပခုက္ကူမြို့ ဆူပူအကြမ်းဖက်မှုမှ ဘိုဘိုမင်း၊ လဲ့ယဉ်မြင့်၊ ထက်ထက်ဝေတို့အား သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းများနှင့်အတူ တွေ့ရစဉ်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ မေ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကမ္မမြို့ အမှတ်(၂)ရပ်ကွက်နေ ဦးစံငြိမ်း ပိုင်ဆိုင်သည့် ကြက်ခြံအဟောင်းအား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကြက်ခြံအဟောင်း၌ ပဲခူးမြို့ နန်းတော်ရာ ရပ်ကွက်နေ ဘိုဘိုမင်း (၃၅)နှစ် (ဘ) ဦးသောင်းအေး၊ ပခုက္ကူမြို့ အမှတ်(၄)ရပ်ကွက် သီရိဂေဟာလမ်းနေ မလဲ့ယဉ်မြင့် (၂၆)နှစ် (သူနာပြု) (ဘ) ဦးကံမြင့်နှင့် မထက်ထက်ဝေ (၁၉)နှစ် (သူနာပြုသင်တန်း ဒုတိယနှစ်)တို့ သုံးဦးအား လက်လုပ်မိုင်း ၁၂ လုံး၊ ဓားလေးချောင်း၊ ဒေါက်ဖြင့် ဆင်ထားသော လက်လုပ်မီးရှို့ဒုံးနှစ်ခု၊ အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၊ ဆိုင်ကယ်ငါးစီး၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် အခြားဆက်စပ်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အဆိုပါကြက်ခြံပိုင်ရှင်အား ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်လှာကျေးရွာရှိ ရန်ကင်းတောင်ဘုန်းကြီးကျောင်းအား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံနှင့် သိမ်အတွင်းမှ ချောင်းဆုံမြို့ အမှတ်(၁)ရပ်ကွက်နေ မင်းကိုကိုလတ် (၂၀)နှစ် (ဘ) ဦးရဲမြတ်ဆွေနှင့် တော်ကပူးကျေးရွာနေ ဇော်မင်းဦး (ခ)တက်ပု (၄၀) နှစ်တို့ နှစ်ဦးနှင့်အတူ လက်လုပ်သေနတ် တစ်လက်၊ လက်လုပ်မိုင်း နှစ်လုံး၊ အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ဖမ်းဆီးရမိ**

အလားတူ ည ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၃)ရပ်ကွက် အိမ်အမှတ်(မ/၇၀၇)အား လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်အတွင်းမှ စန်းနိုင်ထွေး(၃၅)နှစ် (ဘ)ဦးအောင်စိန်ပါ အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦးတို့အား လက်ပစ်ဗုံး နှစ်လုံး၊ ကီးပတ်ဖုန်းဖြင့် ချိတ်ဆက်ပြုလုပ်ထားသည့် ချိန်ကိုက်လက်လုပ်မိုင်း တစ်လုံး၊ ဓာတ်ဘူးဖြင့် ပြုလုပ်ထားသည့် ချိန်ကိုက်လက်လုပ်မိုင်း တစ်လုံး၊ ပွိုင့် ၂၂ ကျည် ၂၇ တောင့်၊ အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ချောင်းဆုံမြို့နယ် ဆူပူအကြမ်းဖက်မှုမှ ဇော်မင်းဦး(ခ) တက်ပု၊ မင်းကိုကိုလတ်တို့အား အသုံးပြုသည့် လက်နက်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အလားတူ ည ၈ နာရီ မိနစ် ၂၀ တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၉) ရပ်ကွက် အမှတ်(၁၉၉)နေ ရဲကျော်၏နေအိမ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ လေသေနတ်တစ်လက်၊ လက်လုပ်သေနတ်တစ်လက်၊ အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ ည ၁၁ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် မုံရွာ-မန္တလေး ကားလမ်းမကြီးဘေးရှိ ရွှေယုန်သူ စားသောက်ဆိုင်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေခဲ့ရာ ဆိုင်ရှင်ဖြစ်သူ အောင်ကိုလင်းနှင့်အတူ နေအိမ်အတွင်းမှ လက်လုပ်သေနတ် တစ်လက်၊ အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အလားတူ မေ ၂၆ ရက် နံနက် ၆ နာရီတွင် ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက်နေ နေမင်းအောင်(ခ) မင်းသားကြီး(၅၀)နှစ် (ဘ)ဦးအောင်ခ၏ နေအိမ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရ သွားရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ နေမင်းအောင်(ခ) မင်းသားကြီးပါ အမျိုးသားသုံးဦးနှင့် အမျိုးသမီးသုံးဦးတို့အား တွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ အဆိုပါနေအိမ်အတွင်းမှ ပစ္စတိုသေနတ် နှစ်လက်၊ ၎င်းကျည် ၁၉ တောင့်၊ သေနတ်ထည့်သည့်အိတ် နှစ်လုံး၊ အသံတိတ်ပြောင်း တစ်ခု၊ ကီးပတ်ဖုန်း ခုနစ်လုံး၊ လက်ကိုင်ဖုန်း ကိုးလုံးနှင့် နေအိမ်ခြံဝင်းအတွင်းမှ မော်တော်ယာဉ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူ**

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သို့ဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

*※ကျောဖုံးမှ*

ပြီးခဲ့သည့် တနင်္ဂနွေနေ့က လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ပဲလေ့စ်အသင်းသည် ဟော့ဆန်၏ နေရာကို ဖရန့်လမ်းပတ်၊ ဟိုဝီနှင့် စတိဗ်ကူပါတို့ထဲမှ တစ်ဦးဦးဖြင့် အစားထိုးဖွယ်ရှိနေသည်။ ပဲလေ့စ်အသင်းမှ ကစားသမား ၁၅ ဦးသည် လာမည့်လတွင် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်သည်။ ထို့ကြောင့် ပဲလေ့စ်အသင်းအနေဖြင့် မည်သည့်နည်းပြကို ခန့်အပ်သည်ဖြစ်စေ အသင်းမှ ကစားသမားအများစု အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာဖွယ်ရှိနေသောကြောင့် အသင်းကို ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်ရန်ရှိနေသည်။

အဲဗာတန်အသင်းသည် ဇာဟာကို ၂၀၁၉ ခုနှစ်ကတည်းက ခေါ်ယူရန် စိတ်ဝင်စားနေပြီး အိုင်ဗရီကို့စ် ကစားသမားအတွက် နှစ်ကြိမ်ကမ်းလှမ်းမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဇာဟာအတွက် ဒုတိယအကြိမ်ကမ်းလှမ်းမှုတွင် ငွေသား ပေါင်သန်း ၇၀ အပြင် ဆန့်တိုဆန်နှင့် ဂျိမ်းစ်မက္ကာသီတို့ကိုပါ အလိုက်ပေး ကမ်းလှမ်းခဲ့သော်လည်း ပဲလေ့စ်အသင်းက ပယ်ချခဲ့သည်။ အသက် ၂၈ နှစ်အရွယ်ရှိ ဇာဟာနှင့် ပဲလေ့စ်အသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ နှစ်နှစ် ကျန်ရှိနေသေးသော်လည်း အဆိုပါ ကစားသမားအနေဖြင့် စာချုပ်သစ်ချုပ်ဆိုဖွယ်မရှိကြောင်း သိရသည်။ အဆိုပါ ကစားသမားကို ခေါ်ယူမည့် အသင်းများအနေဖြင့် ပေါင်သန်း ၄၀ ဝန်းကျင်ဖြင့် ခေါ်ယူရရှိနိုင်ကြောင်း သိရသည်။

စပါးအသင်းသည် အသင်းမှ အားထားရသည့် တိုက်စစ်မှူး ဟယ်ရီကိန်းထွက်ခွာသွားပါက အဆိုပါကစားသမား၏ နေရာကို ဇာဟာဖြင့် အစားထိုးရန် ချိန်ရွယ်နေခြင်းဖြစ်သည်။ ဟယ်ရီကိန်းသည် အသင်းမှ ထွက်ခွာတော့မည်ဟု သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်ထားသူဖြစ်သည်။ ဇာဟာသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ပဲလေ့စ်အသင်းအတွက် ပွဲ ၃၀ ကစားထားပြီး ၁၁ ဂိုး သွင်းယူပေးထားသည်။

**အောင်ဇော်**

*❖ကျောဖုံးမှ*

တချို့ကျတော့လည်း ပြင်ပမှာ အိမ်ရှိတယ်။ ဒါပေမယ့် ဝန်ထမ်းအိမ်ရာတော့ မရဘူး။ ဒီလူတွေတော့ ဦးစားပေးထဲ မပါဘူးပေါ့။ ရန်ကုန်တိုင်းဒေသကြီးမှာတော့ အိမ်ရှိတယ်။ ဥပမာ ရန်ကုန်မြို့နဲ့ အလွန်အလှမ်းဝေးတဲ့ ကွမ်းခြံကုန်း၊ ကော့မှူး၊ ဆိပ်ကြီးခနောင်တို၊ ခရမ်း သုံးခွ၊ တွံတေး၊ ထန်းတပင်၊ တိုက်ကြီး၊ ရွှေပြည်သာ၊ လှည်းကူး၊ လှိုင်သာယာ၊ မှော်ဘီစတဲ့နေရာတွေမှာ အိမ်ရှိပြီး အခု အလုပ်ဆင်းနေတဲ့ ရန်ကုန်မြို့ထဲမှာနဲ့ အလွန်ဝေးနေရင်တော့ သီးခြားစဉ်းစားပေးပါမယ်။ ရန်ကုန်တိုင်းမှာ တာဝန်ထမ်းဆောင်ရင်း အခြားနယ်တွေကို ပြောင်းသွားရင်တော့ အခန်းကနေ ဖယ်ပေးရပါမယ်။ ဌာနကနေ စည်းကမ်းမလိုက်နာလို့ အိမ်ခန်းကနေ ဖယ်ရှားခြင်းခံထားသော ဝန်ထမ်းများကို အိမ်ခန်းမပေးပါဘူး”ဟု မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာန မြန္မာ၀န်ထမ်းအငှား အိမ်ရာစီမံခန့်ခွဲရေးကော်မတီမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ထိုနိုင်ငံ့ဂုဏ်ထမ်း အငှားအိမ်ရာတွင် ရှစ်ခန်းတွဲ ငါးထပ်တိုက် ၁၄ လုံး ဆောက်ထားပြီးအခန်းအကျယ် ၄၃၆ စတုရန်းပေရှိသော အိမ်ခန်း ၄၄၈ ခန်းနှင့် အကျယ် ၉၅၀ စတုရန်းပေကျယ်သော အိမ်ခန်း ၂၈ ခန်းပါဝင်ကာ အိမ်ခန်းပေါင်း ၄၇၆ ခန်းရှိကြောင်း သိရသည်။ ဝန်ထမ်းများအနေဖြင့် မိသားစုလေးဦးမှ ငါးဦးအထိ နေနိုင်မည်ဖြစ်သည်။ အဆိုပါနိုင်ငံ့ဂုဏ်ထမ်းအငှားအိမ်ရာအတွက် အိမ်လခသည် အမှုထမ်းအနေဖြင့် ဂုဏ်ထမ်းလစာ၏ ၃ ရာခိုင်နှုန်း၊ အရာထမ်းအနေဖြင့် လစာ၏ ၅ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။ အခန်းတိုင်းတွင် မီတာတစ်လုံးစီ တပ်ဆင်ပေးထားပြီး မီတာသုံးစွဲခ၊ စည်ပင်အမှိုက်ခွန်၊ ရေမီတာခများကို မိမိအစီအစဉ်အတိုင်း ပေးရမည်ဖြစ်သည်။ ထို့အပြင် အိမ်ရာဝင်း လုံခြုံရေးအတွက် စရိတ်များကို နေထိုင်သူများက မျှခံသောစနစ်ဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အငှားအိမ်ရာ လျှောက်ထားလိုသော ဂုဏ်ထမ်းများသည် မိမိ၏ ဆောင်ရွက်နေသော သက်ဆိုင်ရာဌာန၏ ထောက်ခံချက် လျှောက်လွှာများ စုစည်းပြီးမှ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာန (ရန်ကုန်)ရုံးသို့ ပေးပို့လျှောက်ထားရမည် ဖြစ်သည်။ ထိုမှတစ်ဆင့် အငှားအိမ်ရာအတွက် ဖွဲ့စည်းထားသော ကော်မတီမှ လျှောက်လွှာများတွင် ချမှတ်ထားသောမူများနှင့် ကိုက်ညီမှုရှိ/မရှိ ပြန်လည်စိစစ်ကာ ရှိရင်းအခန်းအရေအတွက်နှင့် လျှောက်ထားသူဦးရေ မျှမမျှ ပြန်လည်စိစစ်ကာ အငှားအိမ်ရာများ အငှားချပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာန (ရန်ကုန်)ရုံးမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

# လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းစေရန်ရည်ရွယ်ပြီး မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီးဖြန့်ချိသူကို ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၆**

လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းစွာ နေထိုင်လိုသော မိဘပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုရှိစေရေးအတွက် နေ့/ညမပျက် လုံခြုံရေး ဆောင်ရွက်လျက်ရှိရာ အဖျက်အမှောင့် ဆောင်ရွက်လိုသူများက အဆိုပါ လှုပ်ရှားမှုများအပေါ် ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းစေရန် ရည်ရွယ်ပြီး မဟုတ်မမှန် သတင်းများ လုပ်ကြံဖန်တီးထုတ်လွှင့်ခြင်းများကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မေ ၂၄ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်အတွင်း လုံခြုံရေး ဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များက စက်ဆန်းရပ်ကွက် New Day ဆီဆိုင်ရှေ့၌ ကိုဝင်းဒီ(ယာပုံ)(ဘ) ဦးသောင်းမောင် အပါအဝင် အမျိုးသား ခုနစ်ဦး စီးနင်းလာသည့် မော်တော်ယာဉ်ကို စစ်ဆေး၍ ကိုဝင်းဒီ၏ I Phone 12 Promax လက်ကိုင်ဖုန်းအား သိမ်းဆည်းယူဆောင်သွားကြောင်း လုပ်ကြံစွပ်စွဲ သတင်းဖြန့်ချိမှု ဖြစ်ပွားခဲ့သည်။



ဖြစ်စဉ်အား စိစစ်ရာ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ဗိုလ်စောနောင်လမ်း အမှတ် (၈) ရပ်ကွက် အိမ်အမှတ်(၄၇)နေ ကိုဝင်းဒီ (ဘ) ဦးသောင်းမောင်သည် မေ ၂၄ ရက် ညပိုင်းတွင် ၎င်း၏ သူငယ်ချင်း ခြောက်ဦးနှင့်အတူ ပုဇွန်တောင်မြို့နယ်အတွင်းရှိ စားသောက်ဆိုင်တစ်ခုသို့ မော်တော်ယာဉ်ဖြင့် သွားရောက်စားသောက်ခဲ့ပြီး ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် ကြက်/ဘဲဈေးဘက်သို့ မောင်းနှင်ထွက်ခွာလာခဲ့ရာ စက်ဆန်းရပ်ကွက် New Day ခတ်ဆီဆိုင်နေရာသို့ အရောက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့၏ မော်တော်ယာဉ်ကို စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး မသင်္ကာဖွယ် မတွေ့ရှိသဖြင့် ၎င်းတို့အား ဆက်လက်ထွက်ခွာစေခဲ့ကြောင်း၊ ထို့နောက် ၎င်းတို့အဖွဲ့သည် ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ကောမက်ဟိုတယ်၌ ညအိပ်အခြေပြုရောက်ရှိခဲ့စဉ် ကိုဝင်းဒီ ကိုင်ဆောင်သော I Phone 12 Promax လက်ကိုင်ဖုန်းမှာ ပျောက်ဆုံးသွားကြောင်း၊ အဆိုပါ ပျောက်ဆုံးမှုအပေါ် အကြောင်းပြု၍ ကိုဝင်းဒီက ၎င်း၏ လက်ကိုင်ဖုန်းပျောက်ဆုံးမှုအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့၏ မော်တော်ယာဉ်ကို တားဆီးစစ်ဆေးစဉ် ၎င်းအား ရိုက်နှက်၍ အဆိုပါဖုန်းကို သိမ်းဆည်းယူဆောင်သွားခဲ့ခြင်းဖြစ်သည်ဟု မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာ ထိခိုက်နစ်နာစေရန် သတင်းများ ဖြန့်ချိခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

အဆိုပါ လုပ်ကြံဖန်တီးသူကို တရားဥပဒေနှင့်အညီ ထိရောက်စွာ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တရားမဝင်အကောက်ခွန်မဲ့ တင်သွင်းရောင်းချခဲ့သည့် မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၆**

နိုင်ငံတော်အတွင်း တရားမဝင် အကောက်ခွန်မဲ့ တင်သွင်းလာသော တရားမဝင် မော်တော်ဆိုင်ကယ်များကို ရောင်းချလျက်ရှိသည့် အရောင်းဆိုင်/အရောင်းပြခန်းများမှ တရားမဝင် အကောက်ခွန်မဲ့ မော်တော်ဆိုင်ကယ်များကို ဖမ်းဆီးအရေးယူနိုင်ရေး အဓိကဦးတည်ပြီး မေလပထမပတ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ တရားမဝင် အကောက်ခွန်မဲ့ မော်တော်ဆိုင်ကယ် ၉၈၇ စီး သိမ်းဆည်းရမိခဲ့ပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အတွင်း ပြစ်မှုကျူးလွန်သူများအနေဖြင့်လည်းကောင်း၊ ပြစ်မှုကျူးလွန်ရန် ကြိုတင်ကြံစည် စီမံသူများအနေဖြင့်လည်းကောင်း တရားမဝင် မော်တော်ယာဉ်များကို တွင်တွင်ကျယ်ကျယ် အသုံးပြု၍ ပြစ်မှုကျူးလွန် ဆောင်ရွက်လာကြကြောင်း ဖော်ထုတ် တွေ့ရှိရခြင်းများကြောင့်လည်းကောင်း၊ တရားမဝင် မော်တော်ယာဉ် အသုံးပြုသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုပါ လိုက်နာမှုမရှိသောကြောင့် ဥပဒေနှင့်အညီ တရားဝင်မော်တော်ယာဉ် အသုံးပြုသွားလာနေသော ပြည်သူလူထုအပေါ် စိတ်အနှောင့်အယှက် ဖြစ်ပေါ်စေခြင်းများကြောင့်လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကိစ္စရပ်များကို ထိခိုက်လာသည့် ဆိုးကျိုးများအရ လည်းကောင်း၊ တရားမဝင် မော်တော်ယာဉ်အသုံးပြုမှုများအား ဖမ်းဆီးနိုင်ရေးအတွက် စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းများကို မေလတတိယပတ်အတွင်းမှစတင်၍ ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ တရားမဝင် မော်တော်ယာဉ် ၃၅ စီး သိမ်းဆည်းရမိခဲ့ပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ တရားမဝင် အကောက်ခွန်မဲ့ မော်တော်ဆိုင်ကယ်များ တင်သွင်းရောင်းချမှုများနှင့် တရားမဝင် မော်တော်ယာဉ် အသုံးပြုခြင်းများအား စစ်ဆေးဖမ်းဆီးခြင်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၂၆**

လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ဝဲချောင်းကျေးရွာ ဖောင်တော်ကျောင်းလမ်းနေ မပန်းအိခိုင်၊ ဖျာပုံမြို့နယ် (၁၅)ရပ်ကွက် (၆)လမ်းနေ ကျော်ကြီး(ခ) ကျော်ကျော်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် မင်းရဲကျော်စွာလမ်းနေ မစုစုကျော်တို့က လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၁၀)ရပ်ကွက် ဆင်ဖြူရှင်လမ်းနေ မောင်--- (၂၂ နှစ်)ကို ဖျာပုံမြို့နယ်တွင် ငါးရွေးအလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ်ရှစ်သောင်းမှ ငွေကျပ် တစ်သိန်းခန့်ရမည်ဟု ပြောဆိုစည်းရုံးပြီး အလုပ်ရုံသို့ ပို့ဆောင်ကာ လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သောင်ကြီးနယ်မြေရဲစခန်း (ပ)၁၀၅၆/၂၀၁၈၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပုဒ်မ ၂၅ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၂၁ ရက်တွင် တရားခံ မပန်းအိခိုင်၊ ကျော်ကြီး(ခ)ကျော်ကျော်နှင့် မစုစုကျော်တို့ကို လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပုဒ်မ ၂၈(ခ)အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဘားအံမြို့နယ် ထူးဂုဏ်ကျေးရွာနေ စိုးသူ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့ ည ၇ နာရီခွဲတွင် မြဝတီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၄) ရပ်ကွက် ကံဆင့်မြိုင်လမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ မနွေးနွေးလွင်ကို စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် စကြာတောင်လမ်းနေ မျိုးကျော်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၇ ပြားကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညပိုင်းတွင် ကူမဲနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်သားမြို့နယ် သာလွန်ကျေးရွာအနီးတွင် မျိုးအောင်မောင်းနှင်လာသော ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် အာကာလင်းထံမှ ဘိန်းမဲ ၅ ဒသမ ၂ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

**နေပြည်တော် မေ ၂၆**

တရားမဝင်ကုန်စည်များ၊ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် မေ ၂၄ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃၅ စီး၊ သွင်းကုန် ၂၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် ၁၉၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် မေ ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၂၀၀ သန်းတန်ဖိုးရှိ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နှင့် ထိုင်းစာတန်းပါ ဆေးဝါးမျိုးစုံ ၂၂ ဖာ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နှင့် ထိုင်းစာတန်းပါ ဆေးဝါးမျိုးစုံ။

# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ် ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်မှ ၁၆ ရက်အထိ နေပြည်တော် ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်၊ သစ်တောဦးစီးဌာန များမှ ပေးပို့လာသော စာရင်းများ အရ တရားမဝင် ကျွန်း ၂၁ ဒသမ ၇၈၅၆ တန်၊ သစ်မာ ၂၅ ဒသမ ၆၂၀၄ တန်၊ အခြား ၁၁၂ ဒသမ ၈၁၉၀ တန် စုစုပေါင်း ၁၆၀ ဒသမ ၂၂၅၁ တန်၊ တရားခံ ၂၇ ဦး၊ ယာဉ်/ယန္တရား ၁၈ စီး ဖမ်းဆီးရမိကြောင်း သိရသည်။

**ညီညီသန်း**
**(နေပြည်တော်)**

## မင်းလှမြို့နယ်ရှိ လှည်းပြင်တင်ကွန်ကရစ်တံတားတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**မင်းလှ မေ ၂၆**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မင်းလှချောင်းကို ဖြတ်၍ တည်ဆောက်ခဲ့သော လှည်းပြင်တင် ကွန်ကရစ်တံတားမှာ ရာနှုန်းပြည့် ပြီးပြီဖြစ်၍ ကျေးလက်နေပြည်သူများအား အသုံးပြုခွင့်ပေးလိုက်ပြီ ဖြစ်သည်။

လှည်းပြင်တင်တံတား တည်နေရာမှာ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် လှည်းပြင်တင်ကျေးရွာ၌ဖြစ်ပြီး အလျားပေ ၁၂၀ ရှိ ကွန်ကရစ်တံတား ဖြစ်သည်။ တံတားအောက်ခြေမှာ အုတ်မြစ်ခံ၊ တံတားအပေါ်ထည်မှာ သံကူကွန်ကရစ် ရက်မ၊ သံကူကွန်ကရစ် ကြမ်းခင်းဖြစ်ပြီး တံတားအရှည် ၃၆ ဒသမ ၅၇ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၅ ဒသမ ၄၉ မီတာ၊ လူသွားလမ်း အကျယ် တစ်ဖက်လျှင် ၀ ဒသမ ၃ မီတာ၊ ရေလမ်းကင်းလွတ် အကျယ် ၆ ဒသမ ၁ မီတာ၊ ရေလမ်းကင်းလွတ်အမြင့် တစ်မီတာ၊ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၃၆ တန်နှင့် စီမံကိန်းတန်ဖိုးမှာ ငွေကျပ်သန်းပေါင်း ၂၅၆ ဒသမ ၁၀၀ ဖြစ်သည်။

လှည်းပြင်တင်တံတားသည် ၁၉၉၉ ခုနှစ်က ကျေးရွာမှ ကိုယ့်အားကိုယ်ကိုး သစ်သားဖြင့် ဆောက်လုပ်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် မြို့နယ်၏ ပံ့ပိုးငွေကျပ် သုံးသိန်းဖြင့် ဘေလီသံပေါင်တံတား အရှည် ၁၁၂ ပေ အကျယ် ၁၂ပေကို တည်ဆောက်ခဲ့သည်။ ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ကွန်ကရစ်တံတား ပေ ၁၂၀ ကို တည်ဆောက်ပေးခြင်းဖြစ်သည်။

ထိုသို့ လှည်းပြင်တင် ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးပြီဖြစ်၍ အဆိုပါ ဒေသရှိ ကျေးရွာဒေသခံများ လွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်သည်။

**ခရမ်းစိုးမြင့်**






## မန့်ဟီးရိုးမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်လက်ခံခြင်းများ ဆောင်ရွက်လျက်ရှိ

**မန့်ဟီးရိုး မေ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မန့်ဟီးရိုးမြို့အတွင်းရှိ အခြေခံပညာကျောင်းများတွင် မေ ၂၄ရက်မှ စတင်၍ ကျောင်းအပ်နှံမှုကို လက်ခံ ဆောင်ရွက်နေပြီဖြစ်သည်။

၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေ ၂၄ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားပြီး ကျောင်းအပ်လက်ခံခြင်းများကို နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျောင်းအပ်နှံလာသည့် ကျောင်းသားမိဘများထံမှ မည်သည့်အခကြေးငွေမှ ကောက်ခံမှုမရှိကြောင်း၊ ကျောင်းများကိုလည်း ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ကျောင်းတက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်မှုများနှင့်အညီ မကြာခဏ လက်ဆေးနိုင်ရန် စီစဉ်ထားခြင်း၊ ကျောင်းသားတစ်ဦးလျှင် ပြန်လည်အသုံးပြုနိုင်သည့် ပါးစပ် နှာခေါင်းစည်းများ၊မျက်နှာအကာနှင့် ကျောင်းသုံး ဖတ်စာအုပ်များအပြင် ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်တို့ကိုလည်း အခမဲ့ ဖြန့်ဝေမည်ဖြစ်ကြောင်း သိရသည်။

မန့်ဟီးရိုးမြို့တွင် အထက်တန်းကျောင်းတစ်ကျောင်းနှင့် မူလတန်းကျောင်း ရှစ်ကျောင်း စုစုပေါင်းကျောင်း ကိုးကျောင်းရှိကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးတင့်ထံမှ သိရသည်။

**စန္ဒာ(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၅- ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၆၈၂၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၁၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၄၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉.၅၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၁၃၀၀ | ၁၁၆၉၀၀၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၅၃၈ | ၁၈၈၃၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၁၁၅ | ၂၁၈၅၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၂၄ | ၆၅၉၀၀ |
| EFR | ၃၀၀၀ | ၃၀၀၀ | ၄၅ | ၁၃၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အနုပညာကို အရောင်မဆိုးကြလေနှင့်

**စာချစ်သူ**

**လူသူကင်းမဲ့ပြီး ကျီးနှင့်ဖုတ်ဖုတ်ဖြစ်နေသော ရုပ်ရှင်ရုံများကိုမြင်တိုင်း စိတ်ထဲတွင် ဟာတာတာနှင့် ဝမ်းနည်းသလို ခံစားရသည်။ ပြီးတော့ အတိတ်က ရုပ်ရှင်ချစ်ပရိသတ်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားလှသော ရန်ကုန်မြို့လယ်က ရုပ်ရှင်ရုံများကို ပြန်ပြောင်းမြင်ယောင်မိသည်။**

ကျွန်တော်တို့ ငယ်ဘဝ ၁၉၇၀ ကျော်၊ ၈၀ကျော် လွန်နှစ်များက ဖျော်ဖြေရေးကဏ္ဍဆိုလို့ ရုပ်ရှင်သာ ရှိသည်။ အမေကလည်း ရုပ်ရှင်ဝါသနာအိုးမို့ ရုပ်ရှင်ကားသစ်လဲသည့်အပတ်တိုင်း သားအမိတွေ ရုပ်ရှင်ရုံဘက် မပျက်မကွက် ခြေဦးလှည့်လေ့ရှိကြသည်။

ထိုစဉ်က ကျွန်တော့်အိုင်ဒေါ(idol)က ကျော်ဟိန်း၊ ကျွန်တော့်အစ်မကြီး အိုင်ဒေါက စွယ်စုံရမင်းသားကြီး ဝင်းဦး။ ကိုကျော်က ရုပ်ရှင်ထဲမှာ စစ်အင်္ကျီဖိုးရိုးဖားရားနှင့် ဖက်ရှင်ထုတ်တော့ ကျွန်တော်တို့လည်း ရုပ်ကွက်ထဲမှာ စစ်အင်္ကျီ ကိုယ်စီနှင့်။

ထိုခေတ်က လူငယ်များကြားတွင် စစ်အင်္ကျီ၊ စစ်ဘေးလွယ်အိတ်များ အတော့်ကို ခေတ်စားသည်။ ထို့နောက်ပိုင်းခေတ်မှာတော့ ရန်အောင်ကေ၊ ဒွေးကေ ဆံပင်ဖက်ရှင်ပုံစံများ ခေတ်စားပြန်သည်။ လုံမပျိုများဘက်ကလည်း ရုပ်ရှင်ထဲမှာ မင်းသမီးများက ထဘီတိုတိုဝတ်တော့ သူတို့သည်လည်း ကောက်စိုက်သမ အရှုံးပေးရလောက်အောင် တိုကြပါသည်။ မို့မို့မြင့်အောင်က ဆံပင်အကြေကောက်တော့ သူတို့အားလုံးနီးနီးခေါင်းက ဆံပင်များက ကြေမွလို့။

**အနုပညာရှင်များ၏ ဩဇာသက်ရောက်မှု**

ဆိုရပါလျှင် ဘယ်ခေတ်မဆို လူငယ်ထုအပေါ် အနုပညာရှင်များ၏ ဩဇာသက်ရောက်မှုက အတော့်ကို ကြီးမားပါပေသည်။

သို့ကြောင့်မို့ အနုပညာသတင်းထောက်များသည် နာမည်ကျော်အနုပညာရှင်များနှင့် အင်တာဗျူးများတွင် ဘာအရောင်ကို ကြိုက်သည်။ ဘာအစားအစာကို နှစ်သက်သည်ဆိုသည်ကအစ သူ့ပရိသတ်များအတွက် မေးမြန်းတတ်ကြသည်။

သို့ရာတွင် ထိုခေတ်ထိုအခါက အနုပညာရှင်များသည် ကိုယ်ပိုင်နိုင်ငံရေးခံယူချက်နှင့် ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်း အနုပညာအလုပ်ကို မရောယှက်ခဲ့ကြပါ။ စည်းခြားထား၏။ ကိုယ်ပိုင်အနုပညာလမ်းကြောင်းပေါ်တွင်သာ တစိုက်မတ်မတ် လျှောက်လှမ်းကြ၏။

ကျော်ဟိန်းအပါအဝင် ထိုခေတ်အနုပညာရှင်များသည် ကျွန်တော်တို့ကို ထိုစဉ်က နိုင်ငံတော်၏ တစ်ခုတည်းသော ဦးဆောင်ပါတီဖြစ်သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအပေါ် မည်သို့သဘောထားကြရမည်ဟု သူတို့၏ ကိုယ်ပိုင်သဘောထားခံယူချက်များကို တစ်ခါမျှ ပြောသံမကြားခဲ့ရပါ။

ကျွန်တော်တို့ ပရိသတ်များကလည်း ကျော်ဟိန်းအဖေသည် ရဲအုပ်ကြီးဖြစ်လို့၊ ကျော်ဟိန်း ငယ်စဉ်က ဆိုးပေတေခဲ့လို့ အားမပေးရဘူးရယ်လို့ တစ်ခါမျှ မတွေးခဲ့ကြပါ။ ကျွန်တော်တို့ ပရိသတ်များ သိတာက သူ၏အနုပညာ၊ သူ၏ သရုပ်ဆောင်မှု အတတ်ပညာသာ ဖြစ်သည်။

သူ့အကယ်ဒမီဆုကြီး ဆွတ်ခူးရရှိသွားသည့် "အကာကအချစ် အနှစ်ကမေတ္တာ" ရုပ်ရှင်ဇာတ်ကားတွင် ပုဆိုးခါးတောင်းကျိုက်နှင့် လှေကားပေါ်တက်ပြီး ရေနံချေးသုတ်နေသော သဘာဝကျကျ သရုပ်ဆောင်မှုများကိုသာ ကျွန်တော်တို့ အမှတ်ရနေသည်။

အလားတူ ကျွန်တော့်အစ်မကြီး၏ အသည်းစွဲ စွယ်စုံရမင်းသားကြီး ဝင်းဦးဆိုလျှင်လည်း သူ တပ်မတော်မှာ အရာရှိတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်မှာ ကျွန်တော်တို့ပရိသတ်များနှင့် မဆိုင်။ ဤသည်မှာ သူ၏အတိတ်က ကိုယ်ပိုင်ဘဝ ဖြစ်လေ၏။ အများနှင့်သက်ဆိုင်သည်က သူ၏ ရုပ်ရှင်မင်းသားဘဝနှင့် စွယ်စုံရအနုပညာသာ ဖြစ်လေသည်။

"ချစ်သူရွေးမယ် ချစ်ဝဲလည်" ရုပ်ရှင်ဇာတ်ကား ဆိုပါလျှင် ရုပ်သံဖန်သားပြင်တွင် မကြာခဏ ပြန်လည် ထုတ်လွှင့်ပြသတိုင်း တခုတ်တရ ပြန်ကြည့်မိနေဆဲ။ နှစ်ကိုယ်ခွဲ သရုပ်ဆောင်ကြသည် ကိုပင် ပါးစပ်အဟောင်းသားနှင့် အံ့ဩငေးမောကြည့်ရှုခဲ့ရသည့်ခေတ်၌ ဝင်းဦးသည် ထိုဇာတ်ကားတွင် ရှစ်ကိုယ်ခွဲမျှ ပီပြင်ပိုင်နိုင်စွာ သရုပ်ဆောင်ခဲ့လေသည်။

ပြည်သူချစ်သော အနုပညာရှင်များကလည်း သူတို့တတ်ကျွမ်းသော အနုသုခုမ ပညာစွမ်းပကားဖြင့် နိုင်ငံတော်နှင့်ပြည်သူကို အခါအားလျော်စွာ ပြန်လည်အလုပ်အကျွေးပြုကြလေသည်။

နိုင်ငံတော်၏ နေ့ထူးနေ့မြတ်များဖြစ်သည့် ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့တို့၌ တင်ဆက်လေ့ရှိသော ရုပ်ရှင်ပဒေသာကပွဲဆိုလျှင် ရုပ်ရှင်အနုပညာရှင်များသည် နှစ်စဉ်မပျက်မကွက် ပါဝင်ဖျော်ဖြေတင်ဆက်ကြ၏။ ပြည်သူများကလည်း ရုပ်ရှင်ပိတ်ကားထက်တွင်သာ မြင်တွေ့ခဲ့ဖူးသော သူတို့ချစ်သော အနုပညာရှင်များကို ပဒေသာကပွဲတွင် မျက်ဝါးထင်ထင်တွေ့မြင်ရသည်မို့ နှစ်စဉ် ရုံပြည့် ရုံလျှံလာရောက်အားပေးကြသည်။

မြန်မာနိုင်ငံ စာမတတ်သူပပျောက်ရေး အထိမ်းအမှတ်အဖြစ် ပညာပေးရိုက်ကူးခဲ့သော ဘဘဦးသုခ၏ "ဘယ်သူပြိုင်လို့ လှပါတော့နိုင်" ဇာတ်ကားဆိုပါလျှင် ပညာပေးဇာတ်လမ်းဟုပင် မထင်မှတ်ရလောက်အောင် အောင်မြင်ကျော်ကြားခဲ့လေသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် ၁၉၇၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ဇာတ်ကားဆု၊ ဒါရိုက်တာဆုနှင့် အမျိုးသားဇာတ်ပို့ဆု အပါအဝင် ရုပ်ရှင်အကယ်ဒမီထူးချွန်ဆု သုံးဆုအထိ ဆွတ်ခူးရရှိခဲ့လေသည်။

ဗီလိန်ဇာတ်ကောင်နေရာတွင်သာ အများဆုံး ပါဝင်သရုပ်ဆောင်ခဲ့ရသည့် လူကြမ်းမင်းသားကြီး အံ့ကျော်သည် ထိုဇာတ်ကားတွင် ရိုးသားလှသော တောသူတောင်သား ကိုချစ်စရာအဖြစ် ပါဝင်သရုပ်ဆောင်ရင်း အမျိုးသားဇာတ်ပို့ အကယ်ဒမီဆုကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့လေသည်။



ရဟန်းစားသော ဆွမ်းတစ်နပ် ရုပ်သံဇာတ်လမ်းမှ ဇာတ်ဝင်ခန်း။

**သာသနာပြု ဇာတ်လမ်းတစ်ပုဒ်**

မြတ်ဗုဒ္ဓ၏ သာသနာတော် အရှည်တည်တံ့ခိုင်မြဲရေး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် ဘဘဦးသုခ ရိုက်ကူးတင်ဆက်ခဲ့သော "ရဟန်းစားရသော ဆွမ်းတစ်နပ်" ရုပ်သံဇာတ်လမ်းဆိုပါကလည်း ဘုရားရှင်၏ တပည့်သား သံဃာတော်အရှင်သူမြတ်များကို စိတ်နှင့်ပင် မပြစ်မှားမိစေရန် သတိပြုဆင်ခြင်နိုင်စေရန်၊ သံဃာ့ဂုဏ်ရည်ကို ပိုမိုကြည်ညိုသဒ္ဓါ ပွားများနိုင်စေရန် ယနေ့တိုင် နိဗ္ဗာန်ဆော်အဖြစ် နှိုးဆော်ပေးပါသော သာသနာပြု ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့လေသည်။

ထိုရုပ်သံဇာတ်လမ်းတွင် ရဟန်းသံဃာတော်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်သရုပ်ဆောင် မြတ်သစ်သည် မြတ်ဗုဒ္ဓ၏ တပည့်သား သံဃာတော် အရှင်သူမြတ်တစ်ပါးပီသစွာ သရုပ်ဆောင်နိုင်ရေးအတွက် လနှင့်ချီ၍ ကြိုတင်ရဟန်းပြုခဲ့ရလေသည်။

ပစ္စက္ခကာလတွင် ဒါရိုက်တာ ဘဘဦးသုခ၊ သရုပ်ဆောင်မြတ်သစ်နှင့် အကယ်ဒမီ ဇော်လင်းတို့ ကွယ်လွန်သွားခဲ့ရှာသည့်တိုင် ကျွန်တော်တို့နှလုံးသားထဲတွင် "ရဟန်းစားရသော ဆွမ်းတစ်နပ်" ရုပ်သံဇာတ်လမ်းနှင့်အတူ ရှင်သန်နေဆဲပင်။

နိုင်ငံတော်အပိုင်းကလည်း ထူးချွန်သည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကို ၁၉၅၂ ခုနှစ်မှစတင်၍ မျက်မှောက်ကာလတိုင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ခေတ်အဆက်ဆက် ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

မြန်မာ့ရုပ်ရှင် ရာပြည့်သမိုင်းအတွင်း ညွန့်ဝင်းသည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ခုနစ်ကြိမ်၊ ဒါရိုက်တာဦးသုခ၊ ရန်အောင်၊ ရုပ်ရှင်ဓာတ်ပုံပညာရှင် သန်းညွန့်(ပန်းသာ)၊ ရုပ်ရှင်တည်းဖြတ်ပညာရှင် ဇော်မင်း(ဟံသာမြေ)တို့က ခြောက်ကြိမ်စီ၊ မြင့်မြင့်ခင်၊ ဒါရိုက်တာမောင်တင်ဦး၊ ဒါရိုက်တာကြည်စိုးထွန်း၊ ကျော်ဟိန်းနှင့် မို့မို့မြင့်အောင်တို့က ငါးကြိမ်စီဖြင့် အကယ်ဒမီရွှေစင်ရုပ်ဆုများကို အများဆုံးဆွတ်ခူးရရှိထားကြသည်ဟု ကျွန်တော်မှတ်မိနေသည်။

ပစ္စက္ခ မြန်မာ့ရုပ်ရှင်ရာပြည့်ခရီးအလွန်မှာတော့ မြန်မာ့ရုပ်ရှင်လောကသည် ကိုဗစ်ကပ်ရောဂါဆိုးကြီး၏ ထိုးနှက်ချက်အပြင် လစ်ဘရယ်လှိုင်းတံပိုး၏ ပြင်းထန်သော ရိုက်ခတ်မှုများကြားတွင် ဝမ်းနည်းစိတ်မကောင်းဖွယ်ရာ တိုးတိတ်ငြိမ်သက်ခဲ့ရလေပြီ။

**ရုပ်ရှင်အနုပညာရှင်တစ်ဦး၏ ကိုယ်ကျင့်တရား**

ရုပ်ရှင်လောကနှင့် ရုပ်ရှင်ပရိသတ်တို့ကြားတွင် ခေတ်ကလည်း ပြောင်းသွားသည်။ အတိတ်ကာလ ရုပ်ရှင်ပရိသတ်များ၏ အားပေးမှုက အနုပညာအပေါ် အခြေခံသည်။ ရုပ်ရှင်အနုပညာရှင်တစ်ဦး၏ ကိုယ်ကျင့်တရားနှင့် သူ၏အနုပညာစွမ်းပကား အရည်အချင်းအပေါ်မှသာ အကဲဖြတ် ရှုမြင်သည်။

**မျက်မှောက်ကာလ ပရိသတ်အချို့၏ အားပေးမှုကတော့ ပါတီနိုင်ငံရေးအပေါ် အခြေခံလာသည်။ ပါတီစွဲပုဂ္ဂိုလ်စွဲ တူရာတူရာအပေါ်၌သာ အကဲဖြတ်ရှုမြင်သည်။ မိမိနှင့် နိုင်ငံရေးသဘောထားအမြင်တူလျှင် အားပေးမည်၊ အမြင်မတူလျှင် ထိုးနှက် ပုတ်ခတ်မည်။ ကိုယ်တိုင်လည်း သပိတ်မှောက်မည်။ အခြားသူများကိုလည်း သပိတ်မှောက်ရန် လူမှုကွန်ရက်ပေါ်မှတစ်ဆင့် သွေးထိုးလှုံ့ဆော်မည်။ ရုပ်ရှင်လောကသားအချို့ကလည်း ကိုယ်ပိုင်နိုင်ငံရေး ခံယူချက်အရသော်လည်းကောင်း၊ ပရိသတ်အချို့၏ တွန်းအားကြောင့်သော်လည်းကောင်း ပါတီနိုင်ငံရေးလောကတွင် ပို၍သရုပ်ဆောင် လူလုံးထွက်ပြကြလေသည်။**

ထိုသောအခါ ကိုယ့်စားကျက်နယ်ပယ်အတွင်းမှာပင် တစ်သက်တာပတ်လုံး လုံခြုံစိတ်ချစွာ ပျော်မွေ့ကျင်လည်ကျက်စားနေခဲ့သော ဘီလုံးငှက်ငယ်လေးသည်သိန်းစွန်ရဲတို့ ကျင်လည်ကျက်စားရာ နယ်ထဲသို့ ခြေကျွံသွားမိလျက်သား ဖြစ်ခဲ့ရလေပြီ။

**ပြည်သူချစ်သော ရုပ်ရှင်အနုပညာရှင်များက ပြည်သူတို့၏ ဘဝအမောများကို ဖြေဖျောက်ရန်၊ ပြည်သူ့ဘဝ တိုးတက်မြင့်မားရေးအတွက် ရှေ့ဆောင်လမ်းပြပညာပေးနိုင်ရန် ကိုယ်တတ်ကျွမ်းရာ အနုပညာစွမ်းပကားဖြင့် ပြည်သူကို အလုပ်အကျွေးပြုနိုင်ပါစေ။**

**ရုပ်ရှင်ချစ်ပရိသတ်များသည်လည်း အနုပညာကို အနုပညာခံစားမှုအမြင်ဖြင့်သာ အကဲဖြတ်ရှုမြင်နိုင်ပါစေ။ အနုပညာလုပ်ငန်းအပေါ် ကိုယ်ပိုင်နိုင်ငံရေးခံယူချက်နှင့် မရောယှက်စေရန် သတိပြုဆင်ခြင်နိုင်ပါစေ။ အနုပညာကို အရောင်မဆိုးကြလေနှင့်။**

ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး ညစ်မျိုးငါးအင်ကင်းစင်သည့် အနာဂတ်တစ်နေ့ဝယ် မြန်မာ့ရုပ်ရှင်သည် ပြန်လည်သက်ဝင်ထွန်းလင်းတောက်ပလာပေဦးမည်။ အသစ်အသစ်သော ရုပ်ရှင်ဇာတ်ကားကောင်းများကို ကျွန်တော်တို့ကြည့်ရှုချင်လှပါပြီ။ ရုပ်ရှင်ရုံများဘက် ပြန်လည်ခြေဦးလှည့်ချင်စမ်းပါဘိ။ ။

❍ **မျက်မှောက်ကာလ ပရိသတ်အချို့၏ အားပေးမှုကတော့ ပါတီနိုင်ငံရေးအပေါ် အခြေခံလာ သည်။ ပါတီစွဲပုဂ္ဂိုလ်စွဲ တူရာတူရာအပေါ်၌သာ အကဲဖြတ်ရှုမြင်သည်။ မိမိနှင့် နိုင်ငံရေး သဘောထားအမြင်တူလျှင် အားပေးမည်၊ အမြင်မတူလျှင် ထိုးနှက် ပုတ်ခတ်မည်။ ကိုယ်တိုင်လည်းသပိတ်မှောက်မည်။ အခြားသူများကိုလည်း သပိတ်မှောက်ရန် လူမှုကွန်ရက်ပေါ်မှတစ်ဆင့် သွေးထိုးလှုံ့ဆော်မည်။ ရုပ်ရှင်လောကသား အချို့ကလည်း ကိုယ်ပိုင်နိုင်ငံရေး ခံယူချက်အရသော်လည်းကောင်း၊ ပရိသတ်အချို့၏ တွန်းအားကြောင့်သော်လည်းကောင်း ပါတီနိုင်ငံရေး လောကတွင် ပို၍သရုပ်ဆောင် လူလုံးထွက်ပြကြလေသည်**

# ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကျန်းမာရေး ဝန်ထမ်းများနှင့်တွေ့ဆုံ

**ပုသိမ် မေ ၂၆**

ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် ပုသိမ်ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို မေ ၂၄ ရက်က ပုသိမ်ပြည်သူ့ဆေးရုံကြီး ရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်လာသည့် ကျန်းမာရေး ဝန်ထမ်းများအား ကြိုဆိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ဌာန၏ရည်မှန်းချက် တာဝန်များကို ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်ရန် အဓိက တာဝန်ရှိကြောင်း ပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ကျော်စွာလှိုင်က လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များမှာကြားကြောင်း သိရသည်။

**မောင်မောင်မြင့်**
**(ပြန်/ဆက်)**



# မြောက်ဦးမြို့၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ၂၄ နာရီအသင့်အနေအထား ဆောင်ရွက်ထားရှိ

**မြောက်ဦး မေ ၂၆**

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ မိုးရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မြို့နယ်အတွင်းရှိ ပြည်သူများ၏ အသက်၊ အိုးအိမ်စည်းစိမ်များ သေကျေပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မေလအတွင်းမှ စတင်ကာ ၂၄ နာရီအချိန်ပြည့် လူအပြည့်၊ ယာဉ်၊ ဆီနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို အသင့်အနေအထား ဆောင်ရွက်ထားရှိနိုင်ရန်အတွက် မြို့နယ်မီးသတ်စခန်းရုံးရှေ့ကွင်းပြင်၌ မေ ၂၅ ရက်က ကြိုတင်ပြင်ဆင်သရုပ်ပြ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များအား မိုးရာသီတွင်ဖြစ်ပေါ်လေ့ရှိသော ရေကြီး၊ ရေလျှံမှုများ၊ မုန်တိုင်းအန္တရာယ်ဖြစ်ပေါ်မှုများ၊ လျှပ်စစ်ကြောင့် ဖြစ်ပေါ်တတ်သော မြေပြိုမှုများဖြစ်ပေါ်လာပါက သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နိုင်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုတတ်စေရန်အတွက် မိမိတို့၏ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစန်းလွင်၏ ညွှန်ကြားမှုဖြင့် မြို့နယ်မီးသတ်စခန်းမှ တပ်ကြပ်ကြီးသူရိန်ထွန်း ဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေး ပစ္စည်းငါးမျိုးဖြင့် အပတ်စဉ်လက်တွေ့လေ့ကျင့်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**



# မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မြဆည်းဆာဘိုးဘွားရိပ်သာရှိ ထွန်းထေရာသန စံကျောင်းတော် ရေစက်ချမင်္ဂလာအခမ်းအနားသို့ တက်ရောက်

**မော်လမြိုင် မေ ၂၆**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မေ ၂၅ ရက်က မော်လမြိုင်မြို့ မြဆည်းဆာဘိုးဘွားရိပ်သာရှိထွန်းထေရာသန စံကျောင်းတော် ရေစက်ချမင်္ဂလာအခမ်းအနားနှင့် စံကျောင်းတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ ဗုဒ္ဓါဘိသေက အနေကဇာတင် လှူပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**မျက်နှာတော်သစ် ပူဇော်**

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့ တောင်ရိုးတန်းရှိ မဟာမြတ်မုနိဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးဆွမ်းများကို ဆက်ကပ်လှူဒါန်းပြီး ဘုရားကြီးအား မျက်နှာတော်သစ် ပူဇော်သည်။

**လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်း**

ထို့နောက် မြဆည်းဆာဘိုးဘွားရိပ်သာရှိထွန်းထေရာသန စံကျောင်းတော် ရေစက်ချမင်္ဂလာအခမ်းအနားသို့ တက်ရောက်ရာ ဆရာတော် သံဃာတော်များက စံကျောင်းတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်ပြီး မော်လမြိုင်မြို့ မြစေတီ စာသင်တိုက်ကြီး၏ ပဓာန နာယက (အဂ္ဂမဟာပဏ္ဍိတ၊ ဝိနယပါဠိပါရဂူ) ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ မဟာထေရ်မြတ်ထံမှ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဧည့်ပရိသတ်အပေါင်းတို့က ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

မော်လမြိုင်မြို့ တောင်ရိုးတန်းရှိ ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယက (ဓမ္မကထိက ဗဟုဇန ဟိတဓရ၊ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ) ဘဒ္ဒန္တဝိမလ ဆရာတော် အရှင်သူမြတ်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**ဝေလင်း(ပြန်/ဆက်)**

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်း လျာထားသတ်မှတ်နိုင်ရေး ပြည်နယ်ဘဏ္ဍာတွင် ပါဝင်သည့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မြစ်ကြီးနား မေ ၂၆**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်း လျာထားသတ်မှတ်နိုင်ရေး ပြည်နယ်ဘဏ္ဍာတွင် ပါဝင်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၄ ရက်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး မလိခခန်းမ၌ ကျင်းပသည်။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က လာမည့်နှစ်အတွက် ဘဏ္ဍာငွေလျာထားတင်ပြမှု စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ နယ်မြေ လုံခြုံရေးအခြေအနေပေါ် မူတည်ပြီး အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းများကို ချိန်ဆသုံးသပ်ကာ ဦးစားပေး လျာထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျာထားတောင်းခံတင်ပြလာသည့် လုပ်ငန်းများ အပြည့်အဝသုံးစွဲနိုင်ရေးနှင့် လေလွင့်မှုမရှိစေရေးအတွက် အလေးထားဆွေးနွေးကြစေလိုကြောင်းနှင့် အထူးသဖြင့် စီမံကိန်းလုပ်ငန်းလျာထားမှုများကို မြို့ပြနှင့် ကျေးလက်ကွာဟမှု မရှိစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးကျော်လင်းအောင်က ပြည်နယ်ဘဏ္ဍာတွင် ပါဝင်သော ဌာနဆိုင်ရာများ၏ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ဘဏ္ဍာငွေလျာထားမှုအခြေအနေနှင့် ဌာနဆိုင်ရာများအလိုက် စီမံကိန်းလုပ်ငန်းများအတွက် ဘဏ္ဍာငွေ လျာထားတင်ပြတောင်းဆိုမှုများအပေါ် သုံးသပ်ရှင်းလင်းပြောကြားပြီး ပြည်နယ်ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ထက်က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အထိ ဌာနဆိုင်ရာများ၏ ဘဏ္ဍာရေးလျာထားချက်များကိုလည်းကောင်း၊ ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးဟန်က စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ စီမံကိန်းရေးဆွဲဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်ဘဏ္ဍာတွင် ပါဝင်သည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းပါ လျာထားတင်ပြတောင်းဆိုမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ကောင်စီအဖွဲ့ဝင်များက စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ဘဏ္ဍာငွေလျာထားသတ်မှတ်ချက်များအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ပြည်နယ်(ပြန်/ဆက်)**



# မြန်မာ့ပညာရေး စာပေ(၆)

**မောင်ခင်မင် (ဓနုဖြူ)**

“ရှင်မဟာရဋ္ဌသာရရဲ့ ပညာသင်ကြားရေး လမ်းညွှန်ချက်တွေအကြောင်း ဘဘ ပြောပြီးပြီ။ အရင်အပတ်က စခဲ့တဲ့ ‘လက်သစ်တောင်တာ’ ဆုံးမစာမှာတော့ စာသင်သားလူငယ်တွေရဲ့ စိတ်ဓာတ်ဖွံ့ဖြိုးရေးနဲ့ လူမှုဆက်ဆံရေးဆိုင်ရာ လမ်းညွှန်ချက်တွေ တွေ့ရတယ် သမီးရဲ့”

“ဘယ်လိုလမ်းညွှန်ချက်တွေပါလဲ ဘဘ”

“အသေးစိတ်တော့၊ သမီး အေးအေးဆေးဆေးလေ့လာကြည့်ပေါ့။ ငါးပါးသီလစောင့်ထိန်းရေးကစပြီး ကိုယ်ကျင့်တရားကောင်းဖို့၊ စိတ်ဓာတ်ဖြူစင်ဖို့ လမ်းညွှန်ထားတာတွေ့ပါတယ်။ ‘ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ မှန်လှစေ’တဲ့”

“ဟုတ်ကဲ့ မှတ်သားထားပါ့မယ် ဘဘ”

“လူမှုဆက်ဆံရေးနဲ့ ပတ်သက်လို့ အစ်ကိုကြီး အဘအရာ၊ အစ်မကြီး အမိအရာလို့ သဘောထားဖို့ ‘ကိုကြီး အစ်မ၊ သည်နှစ်ဝကို၊ မိဘကဲ့သို့မှတ်ပါလေ’တဲ့။ မိတ်ဆွေအပေါင်းအသင်း အချင်းချင်း ဆက်ဆံရေးနဲ့ ပတ်သက်ပြီးတော့လဲ ‘သေတူရှင်ဖက် ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခဲ့ဝယ်သည် မဖယ်မသွေ၊ ညီညာကုန်း၍ ရုန်းကြလေ’တဲ့။ သေအတူ ရှင်အတူ ဆောင်ရွက်လာကြသူချင်း အရေးကိစ္စကြုံလာတဲ့အခါ ညီညီညာညာ ကုန်းရုန်းပြီး ဆောင်ရွက်ကြဖို့ လမ်းညွှန်ထားတာလေ”

“မိတ်ကောင်း ဆွေကောင်းသဘောကို ပြောတာပေ့ါနော် ဘဘ”

“ဟုတ်တယ်။ တစ်ယောက်နဲ့တစ်ယောက် ပြောဆိုဆက်ဆံရာမှာလဲ ‘တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ’ တဲ့။ တစ်ယောက်နဲ့တစ်ယောက် ချိုချိုသာသာပြောဆိုဆက်ဆံကြဖို့ပေ့ါကွယ်”

“ဟုတ်ကဲ့ပါ”

“တစ်ယောက်နဲ့တစ်ယောက် သူမှန်တယ်၊ ငါမှန်တယ် ငြင်းခုံပြောဆိုတတ်တဲ့ အကျင့်နဲ့ပတ်သက်ပြီး ဆုံးမထားတာရှိသေးတယ်”

“ဟုတ်ကဲ့”

“‘ငါ၏စိတ်တွင်၊ ထင်၏မလွဲ၊ လိပ်ခဲတည်းလည်း၊ ဟုတ်တည်းကေန်၊ အာမသန်နှင့်၊ မှန်သည်တစေ မရှိချေ’ တဲ့ ”

“နားလည်သလိုလိုတော့ ရှိပါတယ် ဘဘ၊ တိတိကျကျ နားမလည်ပါဘူး။ ရှင်းပြပေးပါ ဘဘ”

“ဩော်... ဒီလိုလေ။ တစ်ယောက်နဲ့တစ်ယောက် ပြောကြတဲ့အခါ ငါ့စိတ်မှာထင်မြင်တဲ့အတိုင်းပဲ မလွဲကေန် အမှန်ပဲလို့ စွဲစွဲမြဲမြဲယူဆတတ်ကြတယ်တဲ့။ လိပ်ခဲတည်းလည်းဆိုတာ စွဲစွဲမြဲမြဲဆိုတဲ့ အဓိပ္ပာယ်ရတယ်။ ဒီလို ကိုယ်ထင်တာ အမှန်ပဲလို့ယူဆပြီး အာပေါင်အာရင်း သန်သန်နဲ့ မငြင်းခုံပါနဲ့...တဲ့။ ဘယ်အကြောင်းအရာမှ အမြဲတမ်းမှန်နေတယ်ဆိုတာ မရှိပါဘူး...တဲ့။ ဆရာတော်က အဲဒီလိုဆုံးမထားတာလေ”

“အာပေါင်အာရင်းသန်သန်နဲ့ ငြင်းတတ်တဲ့သူတွေကို ‘အာမသန်နှင့် ’လို့ ဆုံးမပုံဟာ တော်တော်ထိမိတာပဲနော် ဘဘ”

“ကဲ ဒီလောက်ဆိုရင် ဒီဆုံးမစာအကြောင်း တော်လောက်ပါပြီ။ ဒီနေ့အထိ အစဉ်အဆက် အလေးထားလေ့လာရတဲ့ လမ်းညွှန်ချက်တွေ ပေ့ါကွယ်”

“ဟုတ်ကဲ့ပါ”

“ဆုံးမစာ နှစ်စောင်လုံးကို သမီးလေ့လာပါ့မယ်”

“ပြောစရာတွေကတော့ အများကြီးပေ့ါကွယ်။ ဆရာတပည့် ဆက်ဆံရေးနဲ့ ပတ်သက်ပြီးပြောရရင် ဘုရားရှင်ကိုယ်တော်တိုင် သိင်္ဂါလသတို့သားကို ဟောကြားတော်မူခဲ့တဲ့ သိင်္ဂါလောဝါဒသုတ်မှာ မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့်၊ လင်နဲ့မယား၊ သခင်နဲ့ကျွန်၊ ဆရာနဲ့ဒကာ ပြီးတော့ မိတ်ဆွေချင်း ပြုရမဲ့ဝတ္တရားတွေပါတယ်လေ။ အဲဒီကျင့်ဝတ်တွေကို မှတ်သားရလွယ်အောင် ကုန်းဘောင်ခေတ်မှ သင်္ဂဇာဆရာတော်က ကဗျာရေးဖွဲ့ထားတာ သမီးရတယ်မဟုတ်လား”

“ရပါတယ် ဘဘ”

“ဒါဆိုရင် ဆရာ့ဝတ်၊ တပည့်ဝတ်တွေ ဖွဲ့ထားတဲ့ ကဗျာတွေကို ဆိုပြပါလား”

> ❒ **တစ်ယောက်နဲ့တစ်ယောက် ပြောကြတဲ့အခါ ငါ့စိတ်မှာထင်မြင်တဲ့အတိုင်းပဲ မလွဲကေန် အမှန်ပဲလို့ စွဲစွဲမြဲမြဲယူဆတတ်ကြတယ်တဲ့။ လိပ်ခဲတည်းလည်းဆိုတာ စွဲစွဲမြဲမြဲဆိုတဲ့ အဓိပ္ပာယ်ရတယ်။ ဒီလိုကိုယ်ထင်တာ အမှန်ပဲလို့ယူဆပြီး အာပေါင်အာရင်း သန်သန်နဲ့ မငြင်းခုံပါနဲ့...တဲ့။ ဘယ်အကြောင်းအရာမှ အမြဲတမ်းမှန်နေတယ်ဆိုတာမရှိပါဘူး...တဲ့။ ဆရာတော်က အဲဒီလိုဆုံးမထားတာလေ**

“ဟုတ်ကဲ့။ ဆရာ့ဝတ်ငါးပါးကို ဖွဲ့ထားတာက ‘အတတ်လည်းသင်၊ ပွဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့၊ ဆရာတို့ ကျင့်ဖို့ ဝတ်ငါးဖြာ’ပါ ဘဘ”

“ဟုတ်ပါပြီ”

“တပည့်ဝတ်ငါးပါးကို ဖွဲ့ထားတာက “ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ’ပါ ဘဘ”

“ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ တို့မြန်မာတွေဟာ ဆရာ တပည့်ကျင့်ဝတ်တွေကို သိင်္ဂါလောဝါဒသုတ်ထဲက အစဉ်အဆက်မှတ်သား နာယူခဲ့ကြတာလေ။ ဆရာ့ဝတ္တရားတွေက အတတ်ပညာသင်ပေးဖို့၊ လိမ္မာအောင် ဆုံးမဖို့၊ ဆရာစားမချန်ဘဲ ပညာကို အကုန်သင်ပေးဖို့၊ ဘေးအန္တရာယ်ကာကွယ်ပေးဖို့၊ ကိုယ့်တပည့် ဆက်လက်ပညာသင်ဖို့အတွက် သင့်ရာပုဂ္ဂိုလ်ဆီ အပ်နှံပေးဖို့တွေ ပါတာပေ့ါကွယ်။ ဒီဝတ္တရားတွေအရ ဆရာရဲ့ ဂုဏ်ဟာလဲ ထင်ရှားလာတာပေ့ါကွယ်”

“ဟုတ်ပါတယ် ဘဘ”

“အဲဒီလိုပဲ တပည့်ဝတ္တရားတွေက ညီညီညာညာတက်တက်ကြွကြွ ပညာသင်ဖို့၊ ဆရာဆုံးမတာ နာယူဖို့ ၊ ဆရာလာတဲ့အခါ ဆီးကြိုဖို့၊ ဆရာ့ရဲ့ဝတ်ကြီးဝတ်ငယ်ကို ဆောင်ရွက်လုပ်ကျွေးဖို့ သင်ယူတွေးခေါ် ကျက်မှတ် ရွတ်ဆိုဖို့ဆိုတဲ့ ဝတ္တရားတွေပေ့ါကွယ်”

“ဟုတ်ပါတယ် ဘဘ”

“ဆရာ တပည့်ဆက်ဆံရေးနဲ့ ပတ်သက်ပြီး ကန်တော်မင်းကျောင်း ဆရာတော်ရေးဖွဲ့တဲ့ လောကသာရပျို့မှာလဲ ပါတယ်မဟုတ်လား”

“ပါပါတယ် ဘဘ”

“ ‘အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ ကောင်းလှစေချင်၊ ပွဲ့ပြင်နိစ္စ၊ ကွပ်ဆုံးမသား၊ မိဘဆရာ၊ စကားနာ၍၊ ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့’တဲ့ ။ မိဘတွေ၊ ဆရာတွေရဲ့ စကားကိုနာယူပြီး စာတတ်အောင်သင်ပါလို့ ပြောတာလေ”

“ဟုတ်ကဲ့ပါ”

“နောက် တပည့်က ဆရာကို ဘယ်လိုဆက်ဆံရမယ်ဆိုတာလဲ ပါတယ်မဟုတ်လား။ ‘ကြိုးလှံ့လ၍၊ နှိမ့်ချပုဆစ်၊ ဆရာစစ်၌၊ ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေဖြင့်၊ စာပေတတ်ကြောင်း၊ တချောင်းချောင်းလျှင်၊ ကြိမ်းမောင်းသည်းခံ၊ ဆရာ့ထံ၌၊ သင်အံကျက်လေ့၊ တစ်နေ့တစ်ပါး၊ မှတ်သားလေ့လာ၊ ဝမ်းထဲခွေလျက်၊ အထွေအထူး၊ ဂုဏ်ကျေးဇူးကို၊ ဆည်းပူးသိမြင် ကြွယ်စေမင်း’တဲ့”

“ဟုတ်ပါတယ် ဘဘ။ မှတ်သားစရာတွေချည်းပါပဲ”

“ပညာသင်တဲ့တပည့်ဟာ ဆရာ့အနားမှာ ပုဆစ်တုပ်ပြီး အနီးကပ်ပြုစုဖို့၊ ဆရာ့ကို ကြောက်ချစ်ရိုသေတဲ့စိတ်နဲ့ ဆရာက ကြိမ်မောင်းပြောဆိုရင်လဲ သည်းခံပြီး ဆရာသင်ပေးသမျှကို ကျက်မှတ်လေ့လာမှတ်သားပြီး ပညာဂုဏ်ကျေးဇူးနဲ့ ပြည့်ဝအောင်ပြုမူဖို့ လမ်းညွှန်ထားတာပေ့ါကွယ်”

“ဟုတ်ကဲ့ပါ။ ဒါဆိုရင် တပည့်တွေဟာ ဆရာနဲ့အနီးကပ်နေထိုင်ပြီး ပညာယူရတာပေ့ါနော် ဘဘ”

“ဟုတ်တယ်။ ‘စာပေတတ်ကြောင်း တချောင်းချောင်းလျှင်’ဆိုတဲ့ စကားကိုကြည့်လေ။ စာတတ်ဖို့အတွက် ဆရာသင်ပေးမဲ့ အခွင့်အရေးကို အမြဲချောင်းနေပြီး ရအောင်သင်ဖို့ဆိုတာ တွေ့မှာပေ့ါ။ ဆရာ့အိမ်မှာနေပြီး ဝတ်ကြီး ဝတ်ငယ်ပြုပြီး ပညာယူရတဲ့အစဉ်အလာပေ့ါကွယ်”

“ဟုတ်ကဲ့ပါ”

“ငါးရာ့ငါးဆယ် ဇာတ်တော်တွေမှာ သမီးဖတ်ရသားပဲ၊ တက္ကသိုလ်ပြည်က ဒီသာပါမောက္ခဆရာကြီးဆီကို အပြည်ပြည်က မင်းညီ မင်းသားတွေလာပြီး ဆရာနဲ့အတူ နှစ်တွေ၊ လတွေကြာအောင် နေပြီးတော့ ပညာသင်ရတာလေ။ အဲ... ဆရာကြီးက အတော်ဆုံးတပည့်ကို သမီးနဲ့ ထိမ်းမြားပေးတာမျိုးလဲ ပါတာပေ့ါ။ ပြီးတော့ ဆရာက ဆုံးမစရာရှိရင် အဲဒီ မင်းညီမင်းသား တပည့်တွေကိုပါ ရိုက်ပြီးဆုံးမတဲ့အကြောင်းတွေလဲ ပါတာပေ့ါ။ ဒီအစဉ်အလာကို ဗုဒ္ဓစာပေတွေကတစ်ဆင့် တို့မြန်မာတွေ အလေးအမြတ်ခံယူပြီး ပညာသင်ခဲ့ကြတာလေ။ ဆရာက တပည့်ကို ရိုက်တာဟာ အိုးထိန်းသည်ပဲ။ အိုးလုပ်တဲ့သူက အိုးကိုပိုကောင်းအောင် ရိုက်ပုတ်ရတဲ့ သဘောမျိုးပဲ။ တပည့်ကိုလိမ္မာအောင် ရိုက်တန်ရိုက်ရမယ်ဆိုတာ မြန်မာ့ရိုးရာအစဉ်အလာတစ်ခုပေ့ါကွယ်”

## ငါး၊ ပုစွန် ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပ

**ပဲခူး မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရှိ ငါးလုပ်ငန်းပညာပေး သင်တန်းခန်းမ၌ မေ ၂၆ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ပို့ချသည့် ငါး၊ ပုစွန် ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ပြီး ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးထွန်းဝင်းမြင့်က အမှာစကားပြောကြားကာ သင်တန်းဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန အောက်ရှိ မြို့နယ်/ခရိုင်ရုံးများမှ ဝန်ထမ်းများ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များ အပါအဝင် သင်တန်းသား စုစုပေါင်း ၃၀ တက်ရောက်ပြီး ငါးလုပ်ငန်းဦးစီးဌာန သင်တန်းကျောင်းမှ ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်မှုမှန်ကန်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာနှင့်ပတ်သက်၍လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသူသုံးများနှင့်ပတ်သက်သည့် သိသင့်သိထိုက်သည့် အချက်အလက်များကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဆီဆိုင်မြို့နယ်ရှိ ကျေးရွာခြောက်ရွာတွင် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ဆီဆိုင် မေ ၂၆**

ဒေသခံတိုင်းရင်းသားပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဆီဆိုင်မြို့နယ်အတွင်းရှိ နောင်အယ်(မြောက်)၊ လီမွန်၊ တံတားဦး၊ လိုက်တနျား၊ နမ့်ဟူးကျေးရွာနှင့် ဖာလိုင်(ရှေ့) ကျေးရွာတို့တွင် သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

နောင်အယ်(မြောက်)ကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် လေးလက်မ PVC ပေ ၃၀၀ စက်ရေတွင်း (တွင်းနက်) တူးဖော်ခြင်းနှင့် အင်ဂျင်/ရေမြုပ်ပန့်တပ်ဆင်ခြင်း၊ ဂါလန် ၃၀၀၀ ဆံ့ ရေစုကန်တစ်ကန်နှင့် ရေစက်ရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ လီမွန်ကျေးရွာတွင် လေးလက်မ PVC ပေ ၂၀၀ စက်ရေတွင်း(တွင်းတိမ်) တူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တစ်ကန်နှင့် ရေစက်ရုံတစ်ရုံ တည်ဆောက်ခြင်း လုပ်ငန်း၊ တံတားဦးကျေးရွာတွင် လေးလက်မ PVC ပေ ၂၀၀ စက်ရေတွင်း(တွင်းတိမ်) တူးဖော်ခြင်းနှင့် အင်ဂျင်/လေမှုတ်စက် တပ်ဆင်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တစ်ကန်နှင့် ရေစက်ရုံတစ်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ လိုက်တနျားကျေးရွာတွင် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်း၊ နမ့်ဟူးကျေးရွာတွင် အရှည်လေးဖာလုံရှိသော စိမ့်စမ်း(အမြင့်တင်) ရေပိုက်လိုင်း သွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းနှင့် ရေစက်ရုံတစ်ရုံတည်ဆောက်ခြင်း လုပ်ငန်း၊ ဖာလိုင်(ရှေ့) ကျေးရွာတွင် မြေသားရေကန်တူးဖော်ခြင်း လုပ်ငန်းတို့ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေကျပ် ၄၆ ဒသမ ၅၆ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအားလုံး ၈၄ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအောင်နိုင်ဝင်းထံမှ သိရသည်။

အဆိုပါ ကျေးရွာငါးရွာတွင် သောက်သုံးရေရရှိရေး စိမ့်စမ်းရေ ပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများ၊ ရေစုကန်နှင့် ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၄၁၀ ခန့်မှ လူဦးရေ ၁၉၂၀ တို့အတွက် ရာသီမရွေး သောက်သုံးရေရရှိရေ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။



**ခွန်ရဲထွေး(ဆီဆိုင်)**

# ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဘားအံ မေ ၂၆**

ကရင်ပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၄ ရက်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦးက သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ကို ပြည်ထောင်စုအဆင့်တွင် ဖွဲ့စည်းထားပြီးဖြစ်သကဲ့သို့ မိမိတို့ပြည်နယ်တွင်လည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်များကိုလည်း ဆက်လက်ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်မည် ဖြစ်ကြောင်း၊ မကြာမီ ရောက်ရှိတော့မည့် မိုးကြိုကာလတွင် ဖြစ်ပေါ်လေ့ ရှိသည့် မိုးကြိုးပစ်ခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံမှုဖြစ်ပွားခြင်းကဲ့သို့သော မမျှော်မှန်းနိုင်သည့် သဘာဝဘေး အန္တရာယ်များနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လက်ရှိတွင် ပူပြင်းခြောက်သွေ့သည့် ကာလဖြစ်သည့်အတွက် မီးဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုလည်း အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော နယ်မြေခံ တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးနေလင်းထွန်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ ပြည်နယ်မီးသတ်၊ ကြက်ခြေနီ၊ မိုးလေဝသနှင့် ဇလဗေဒ၊ စိုက်ပျိုးရေး၊ လမ်းဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေး၊ ပညာရေး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့တို့က သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်း ဆွေးနွေးကြပြီး ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စိုးက ဖြည့်စွက်ရှင်းလင်း ဆွေးနွေးကာ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒီရေတော သဘာဝရေပြင်သို့ ရေငန်ပုစွန်သားပေါက်နှင့် မျိုးပုစွန်များ မျိုးစိုက်ထည့်

**နေပြည်တော် မေ ၂၆**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကျောက်နီမော်ကျေးရွာအနီး ဒီရေတော သဘာဝရေပြင်သို့ ပုစွန်သားပေါက်များနှင့် မျိုးပုစွန်များ မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို မေ ၂၅ ရက်က ပြုလုပ်သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးတင့်အောင်၊ လောင်းလုံးမြို့နယ် ငါးမျိုးစိုက်ထည့်ရေး ကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်များဖြစ်သော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်း၊ လဝကဦးစီးမှူး (အဖွဲ့ခေါင်းဆောင်) ဒေါ်အေးအေးသောင်း၊ စီမံကိန်းဦးစီးမှူး (အဖွဲ့ဝင်) ဦးတိုးလွင်၊ စိုက်ပျိုးရေး ဦးစီးမှူး (အဖွဲ့ဝင်) ဦးသန်းအောင်၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူး(အတွင်းရေးမှူး)နှင့် ဒေသခံ ရေလုပ်သားများသည် ဝမော်ရေငန်ပုစွန်သားပေါက်စခန်းမှ ရေငန်ပုစွန်သားပေါက်ကောင်ရေ ၁ ဒသမ ၂ သန်း၊ ပြင်သာလိပ်နှစ်ကောင်(Tag ရိုက်ပြီး)နှင့် မျိုးပုစွန် ကောင်ရေ ၃၀ တို့ကို မျိုးစိုက်ထည့်ကြောင်း သိရသည်။



**သတင်းစဉ်**

# လက်ပံတန်းမြို့နယ်တွင် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြည်သူ့စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်

**လက်ပံတန်း မေ ၂၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ကို ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားစဉ်ကာလမှစ၍ ခေတ္တယာယီပိတ်ထားရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖေဖော်ဝါရီ ၂၉ ရက်မှ စတင်ပြန်လည်ဖွင့်လှစ်ကာ ပြည်သူ့စာကြည့်တိုက်၏ စာငှား၊ စာဖတ် ဝန်ဆောင်မှုလုပ်ငန်းများကို အပတ်စဉ် ရုံးဖွင့်ရက်များအတွင်း နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

### အခမဲ့ ငှားရမ်းဖတ်ရှုနိုင်

ပြည်သူ့စာကြည့်တိုက်တွင် နိုင်ငံတော်ပြန်တမ်းများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်၊ စာစောင်များ၊ လစဉ်ထုတ်မဂ္ဂဇင်းများ၊ ရုပ်ပြ၊ ကာတွန်းများနှင့် ဝတ္ထုစာအုပ်များအပါအဝင် သုတ၊ ရသစာအုပ်များကိုပါ အများပြည်သူအလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်ရေးအတွက် စာငှား၊ စာဖတ်ဝန်ဆောင်မှု လုပ်ငန်းများအပြင် ကလေးစာဖတ်ခန်းဝန်ဆောင်မှုလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြည်သူ့စာကြည့်တိုက်ရှိ သုတ၊ ရသ စာအုပ်စာပေများကို မည်သူမဆို (အခမဲ့) လာရောက် ငှားရမ်း ဖတ်ရှုနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မော်လိုက်(အထက)ကျောင်း သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မော်လိုက် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်တွင် ဇွန် ၁ ရက်မှစတင်၍ အခြေခံပညာကျောင်းများကို ဖွင့်လှစ်သင်ကြားတော့မည်ဖြစ်ရာ ကျောင်းဖွင့်ချိန်တွင် စာသင်ကျောင်းများအနေဖြင့် သန့်ရှင်းသာယာလှပနေစေရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် မေ ၂၆ ရက်က မော်လိုက်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ ဦးဆောင်၍ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် သန္နိဋ္ဌာန်မီးသတ်တပ်ဖွဲ့ဝင်များက မော်လိုက်(အထက) ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများနှင့် အမှိုက်များကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

**မော်လိုက်သားလေး**

# ငါးသားပေါက် စတင်ထည့်သွင်းမွေးမြူရာတွင် သတိပြုရမည့်အချက်များ

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံအနေနဲ့ ၂၀၁၉ ခုနှစ်နောက်ပိုင်းကစတင်ပြီး ပြည်တွင်းဈေးကွက်လိုအပ်ချက်အရ ငါးမွေးမြူရေးလုပ်ငန်းကို အထူးစိတ်ပါဝင်စားလာကြပါတယ်။ စီးပွားဖြစ် သို့မဟုတ် တစ်နိုင်တစ်ပိုင် ငါးမွေးမြူရေးတစ်ခု စတင်နိုင်ဖို့အတွက် ငါးသားပေါက်တွေကို မှာယူမွေးမြူကြသည့်အခါ ခရီးအကွာအဝေးအနေနဲ့ အနည်းနဲ့အများဆိုသလို ကွာဝေးသည့်နေရာတွေက ငါးသားပေါက်ရောင်းဝယ်ရေးလုပ်ငန်း (သားဖောက်ရောင်းချသူတွေ) တွေကနေတစ်ဆင့် ပြန်လည်မှာယူမွေးမြူကြရပါတယ်။

ထိုကဲ့သို့ငါးသားပေါက်များကို မှာယူပြီးနောက် မိမိဒေသ၊ မိမိခြံအတွင်းမှာရှိသည့် မွေးမြူကန်အတွင်း စတင်ထည့်သွင်းမွေးမြူမှု မပြုလုပ်မီ သတိပြုရမည့်အချက်တွေကို အကြမ်းအားဖြင့် ဖော်ပြလိုက်ပါတယ်။

ငါးဒိုင်တွေကနေ ငါးသားပေါက်တွေ ဝယ်ယူလာပြီး မွေးမြူကန်ထဲကို မထည့်မီ သိထားသင့်သည့် အချက်တွေကတော့-

**(၁) တိုက်ရိုက်မထည့်ပါနဲ့**

ကားဂိတ်ကနေ ပုံးတွေနဲ့ သယ်လာသည့်အခါ ငါးတွေက ခရီးပန်းပြီး နုံးချည့်ပင်ပန်းနေပါတယ်။ ဒါကြောင့် ကိုယ့်ဒေသကို ရောက်ရောက်ချင်း ငါးတွေကို မွေးကန်ထဲကို တိုက်ရိုက်မထည့်ရန်အတွက် သတိပြုရပါမယ်။ တိုက်ရိုက်ထည့်လိုက်မယ်ဆိုရင် ငါးတွေ ရုတ်တရက်သေဆုံးသွားတတ်လို့ပါ။

**(၂) အကိုင်အတွယ်သတိပြုပါ**

ကနဦးအနေနဲ့ ငါးသားပေါက်တွေကို အဝ ကျယ်ကျယ်ဝန်းဝန်းရှိသည့် ရေဇလားကြီးတစ်ခုထဲကို ဖြည်းဖြည်းလေး (ညင်ညင်သာသာလေး) ထည့်ပါ။ အကိုင်အတွယ် မကြမ်းတမ်းမိစေရန် သတိထားပါ။ ဇလားထဲကို ထည့်ပြီးရင်တော့ မွေးမြူဖို့အသင့် လုပ်ထားတဲ့ကန်ထဲမှာရှိနေသည့် ရေကိုခပ်ပြီး ငါးလေးတွေ ထည့်ထားသည့် ဇလားထဲကို နည်းနည်းချင်းစီ ထည့်ပေးပါ။ အဲဒီလို မွေးကန်ထဲက ရေကို ဇလားထဲ ထည့်ရာမှာလည်း ဝုန်းခနဲ သွန်ချ မထည့်သင့်ပါဘူး။ ဇလားအပြည့် တစ်ပြိုင်နက်တည်း မထည့်လိုက်သင့်ပါဘူး။

**(၃) တစ်သားတည်းဖြစ်ပါစေ**

ဇလားထဲကို ထည့်ပြီးသည့်နောက်မှာ ဆက်လက်လုပ်ဆောင်ပေးရမှာကတော့ ဇလားအတွင်းကို ရေအနည်းငယ်ချင်းစီ လောင်းထည့်ပေးရမှာ ဖြစ်ပါတယ်။ ရေထည့်သည့်အခါမှာ ငါးသားပေါက်တွေ လန့်မသွားရအောင် တစ်ကြိမ်ကို ရေနည်းနည်းချင်း လောင်းထည့်ပေးပါ။ (ဒီလုပ်ဆောင်ချက်ကတော့- ငါးတွေကို မွေးမြူကန်ထဲသို့ မထည့်မီမှာ ပြင်ပလေထုနဲ့ မွေးမြူကန်ထဲမှာ ရှိနေသည့်ရေနဲ့ အသားကျသွားစေရန် လုပ်ဆောင်ပေးရတာ ဖြစ်ပါတယ်။)

**(၄) ကူးခပ်နိုင်အောင် ဖန်တီးပေးပါ**

အဲဒီနောက် ရေဇလားကို မွေးမြူကန်ထဲသို့ ဖြည်းဖြည်းချင်း စောင်းပြီး ငါးပေါက်တွေ ကိုယ်တိုင် ရေကူးပြီး မွေးမြူကန်ထဲကို ကူးခပ်တိုးဝင်သွားသည့် အခြေအနေပုံစံမျိုး ဖန်တီးပေးနိုင်မည်ဆိုရင် အကောင်းဆုံးပါပဲ။ ဒီအချက်တွေကို လိုက်နာနိုင်မည်ဆိုရင်တော့ ငါးသားပေါက်တွေ အသေအပျောက်နည်းပါးသွားစေမှာ မလွဲကေန်ပဲဖြစ်ပါတယ်။

**နန်းထက်ထက်ချစ်**





## မိုင်းယောင်းဒေသ၌ နာနတ်သီးရောင်းအားကောင်း၍ တစ်ပိုင်တစ်နိုင်စိုက်ပျိုးသူများ အဆင်ပြေ

**မိုင်းယောင်း မေ ၂၆**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် ဒေသခံအချို့သည် နာနတ်သီးများကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချလျက်ရှိရာ အခုရာသီတွင် နာနတ်သီးရောင်းအားကောင်းနေသဖြင့် မိသားစုအတွက် အပိုဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိသည်။

မိုင်းယောင်းဒေသမှ ထွက်ရှိသည့် နာနတ်သီးများမှာ ဒေသမျိုးကို သဘာဝအတိုင်း စိုက်ပျိုးထားခြင်းဖြစ်သဖြင့် ဓာတုဆေးဝါးအန္တရာယ်ကင်းပြီး အနံ့၊ အရသာလည်း ပြည့်စုံကောင်းမွန်ကြောင်း၊ ရာသီဥတုပူပြင်းသည့်အချိန်ဖြစ်သောကြောင့် ဝမ်းအေး၊ ဝမ်းမှန်စေပြီး ဆေးဖက်ဝင်သည့် ရာသီစာဖြစ်သော နာနတ်သီးများ ရောင်းအားကောင်းနေခြင်းဖြစ်ကာ လက်ရှိအချိန်တွင် မိုင်းယောင်းမြို့၌ နာနတ်သီးတစ်လုံးလျှင် ငွေကျပ် ၅၀၀ မှ ၂၀၀၀ အထိ ရောင်းချနေရကြောင်း တစ်ပိုင်တစ်နိုင် နာနတ်သီးစိုက်ပျိုးရောင်းချသည့် ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**စိုင်းအောင်ဇော်လင်း**

## စားသုံးဆီကိုတတ်နိုင်သမျှ လျှော့စားဖို့ဘာကြောင့်လိုအပ်တာလဲ?

- စားသုံးဆီများတွင် အခြေခံအားဖြင့် **ကျန်းမာရေးအရသင့်တင့်စွာစားသုံးနိုင်သည့်မပြည့်ဝဆီများ (Unsaturated Fats)၊ တတ်နိုင်သမျှလျှော့၍စားသုံးသင့်သည့်ပြည့်ဝဆီများ(Saturated Fats)နှင့် လုံးဝမစားသုံးသင့်သောအသွင်ပြောင်းဆီများ(Trans Fats)** ဟူ၍ (၃)မျိုးရှိပါသည်။
- **မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက်ကောင်းမွန်သော သွေးတွင်းအဆီဓါတ်(HDL) တို့ကိုမြင့်တက်စေပြီး မကောင်းသောအဆီဓါတ်(LDL)တို့အားလျှော့ချပေးခြင်းဖြင့်** နှလုံးရောဂါနှင့်အမျိုးအစား(၂)ဆီးချိုရောဂါစသည့် **မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနိုင်ခြေကိုလျှော့နည်းစေပါသည်**။(ဥပမာ- မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- **ပြည့်ဝဆီစားသုံးခြင်း**ကြောင့် **မကောင်းသောသွေးတွင်းအဆီဓာတ် (LDL)များ လွန်ကဲစွာမြင့်တက်စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊** သွေးကြောနံရံတွင်အဆီများကပ်ခဲ၍သွေးကြောများကျဉ်းကာ **နှလုံးသွေးကြောပိတ်ရောဂါနှင့်လေဖြတ်ခြင်း**တို့ကိုဖြစ်စေနိုင်ပါသည်။ (ဥပမာ-စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရိစ္ဆာန်မှရသောအဆီများ)
- **အသွင်ပြောင်းဆီ**သည်အစားအသောက်များပိုမိုတာရှည်ခံ၍အရသာရှိစေရန် ပုံမှန်အသုံးပြုသောဆီတွင် ဟိုက်ဒရိုဂျင်ဓာတ်ထည့်ပေါင်းထားသောဆီဖြစ်ပြီး **ပြည့်ဝဆီစားသုံးခြင်း၏ဆိုးကျိုးများအပြင်သွေးတွင်းဆီ (Triglycerides)များကိုပိုမို၍တက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီဓါတ်(HDL)ကို ကျစေခြင်းနှင့် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုများဖြစ်စေခြင်း**ကြောင့်အထက်ဖော်ပြပါရောဂါများအပြင် **အမျိုးအစား(၂)ဆီးချိုရောဂါကိုပါပို၍ဖြစ်ပွားစေနိုင်ပြီးနောက်ဆက်တွဲဆိုးကျိုးများစွာခံစားရနိုင်ပါသည်**။ (ဥပမာ- အသင့်စားအစားအစာများဖြစ်သည့်အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်ပေါင်မုန့် စသည်တို့တွင်ပါဝင်သည့်ဆီ၊)

**ပြည့်ဝဆီများကိုတတ်နိုင်သမျှလျှော့စား၍**
**အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ရမည်ဖြစ်ပါသည်။**



မပြည့်ဝဆီ




ပြည့်ဝဆီ



အသွင်ပြောင်းဆီ

ရည်ညွှန်းကိုးကား-(၁) WHO. Healthy diet fact sheets. (accessed as of 10.6.2020)
(၂) MAYO CLINIC. Dietary fats: Know which types to choose. (accessed as of 10.6.2020)

## လူငယ်များနှင့် စိတ်ကြွမူးယစ်ဆေးများအန္တရာယ်

- ယာဘ၊ ရာမ၊ မြင်းဆေး၊ အိုက်စ် (ice)စတဲ့ စိတ်ကြွမူးယစ်ဆေးပြားများသည် မက်သမ်ဖတမင်း (methamphetamine) နှင့် ကဖင်း (caffeine) တို့ ပေါင်းစပ်ထားပြီး စပျစ်သီး/ လိမ္မော်သီး/ ချောကလက်နံ့တို့ကဲ့သို့ **လူငယ်များကိုဆွဲဆောင်နိုင်မည့်** ရနံ့တစ်မျိုးမျိုး ထည့်သွင်းထားပါတယ်။
- ဒီဆေးတွေက ဗဟိုအာရုံကြောစနစ်အတွင်းရှိ Dopamine ကဲ့သို့သော အာရုံကြောဆက်သွယ်ဓါတုပစ္စည်း (neurotransmitter) များအား **သဘာဝကိုဆန့်ကျင်၍** များပြားစေကာ စိတ်ဓာတ်တက်ကြွမှုဖြစ်စေနိုင်ပါတယ်။ သို့သော်လည်း ဒီလိုစိတ်ဓာတ်တက်ကြွနေစေရန် ဆေးချိန်ကိုတိုးသည်ထက်တိုး၍ သုံးစွဲလာရပြီး **ရေရှည်မှာဦးနှောက်နှင့်ဗဟိုအာရုံကြောစနစ်ကို လုံးဝပျက်စီးစေပါတယ်။**
- ဒီဆေးတွေကြောင့် ကိုယ်အပူချိန်တိုးခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ အော့အန်ခြင်းနှင့် ရုတ်တရက်သေဆုံးခြင်းတို့ ဖြစ်ပွားနိုင်တယ်။ ဆေးကိုပုံမှန်မသုံးစွဲရပါက အိပ်မပျော်ခြင်း၊ စိုးရိမ်စိတ်လွန်ခြင်း၊ သံသယစိတ်များခြင်းမှ မိမိကိုယ်ကိုသတ်သေသည်အထိ စိတ်ဓာတ်ကျခြင်းတို့ ဖြစ်ပွားနိုင်ပါတယ်။
- ရေရှည်သုံးစွဲခြင်းကြောင့် သွားများပျက်စီးခြင်း၊ နှာခေါင်းအတွင်းသားများ ပျက်စီးခြင်း၊ နှလုံး/ အသည်း/ ကျောက်ကပ်/ အဆုတ်ရောဂါများ ဖြစ်ပွားခြင်း၊ သွေးတိုးခြင်း၊ လေဖြတ်ခြင်း၊ ကိုယ်ခံအားကျဆင်း၍ ရောဂါပိုးအမျိုးမျိုး အလွယ်တကူဝင်ရောက်ခြင်း၊ မှတ်ဉာဏ်ဆုံးရှုံးခြင်းနှင့် ရူးသွပ်ခြင်းတို့ ဖြစ်ပွား၍ **သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးစေပါတယ်။**
- ဒါ့အပြင် **ပညာရေး/ လူမှုရေး/ စီးပွားရေးနိမ့်ကျခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊** တရားဥပဒေအရ ပြစ်မှုမြောက်ခြင်းကြောင့် **အကျဉ်းထောင်ကျ၍ပြစ်ဒါဏ်ခံရခြင်း**တို့ကို ဖြစ်ပွားစေပါတယ်။

**လူငယ်သဘာဝ အသစ်အဆန်းကိုမြင်လျှင် စမ်းသပ်စူးစမ်းလိုစိတ်အား ရောင်းချသူများမှ အခွင့်ကောင်းယူကာ နည်းလမ်းပေါင်းစုံသုံး၍ ဖြားယောင်းတတ်သည်ကို အထူးဂရုပြု၍ စိတ်ကြွမူးယစ်ဆေးဝါးများအား လုံးဝရှောင်ကြဉ်ပါ။**





စိတ်ကြွမူးယစ်ဆေးများ

# ဘုတ်ပြင်းမြို့နယ်အတွင်းက သဘာဝကျောက်လိုဏ်ဂူခရီးစဉ်

**လရောင်ဝေ**



ဘုတ်ပြင်းမြို့နယ်အတွင်းက စိတ်ဝင်စားစရာ တည်ရှိနေသည့် သဘာဝကျောက်လိုဏ်ဂူ။

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဟာ ကမ္ဘာ့နိုင်ငံအများအပြားက ခရီးသွားဧည့်သည်တွေကို ဆွဲဆောင်မှုအရှိဆုံးခရီးစဉ်အဖြစ် ဦးစားပေးရွေးချယ်တဲ့အထိ ဖြစ်လာပါတယ်။ ပင်ကိုအတိုင်းရှိနေတဲ့ သဘာဝပတ်ဝန်းကျင်ထူးခြားပြီး စိတ်ဝင်စားစရာကောင်းတဲ့ ဖြစ်တည်မှုနဲ့ စိတ်အမောတွေကို ပြေစေနိုင်တဲ့ ခံစားမှုတွေကြောင့် သဘာဝအခြေခံ ခရီးစဉ်သစ်တွေကို ခရီးသွားဧည့်သည်များ သွားရောက်ခြင်းလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်း သဘာဝအခြေခံခရီးသွား ခရီးစဉ်သစ်တွေ အများအပြားရှိနေတဲ့ အထဲမှာ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်အတွင်း တည်ရှိနေတဲ့ သဘာဝလိုဏ်ဂူတစ်ခုသည်လည်း ခရီးသွားဧည့်သည်တွေအတွက် စိတ်ဝင်စားစရာတစ်ခုအဖြစ် တည်ရှိနေပါတယ်။

ဒီလိုဏ်ဂူဟာ ဘုတ်ပြင်းမြို့နယ် ရတနာပုံကျေးရွာအနီးမှာ တည်ရှိပြီး ထိုင်းနိုင်ငံနယ်စပ်နဲ့လည်း ခုနစ်မိုင်ခန့်သာကွာဝေးပါတယ်။ ဘုရားထံဂူလို့ အမည်ရတဲ့ ဒီသဘာဝကျောက်ဂူဟာ ဘုတ်ပြင်းမြို့နယ် မြိတ်–ကော့သောင်းလမ်းမကြီးပေါ်မှာရှိတဲ့ ရတနာပုံလမ်းခွဲကနေပြီး တစ်နာရီခန့် မော်တော်ကားနဲ့မောင်းနှင်လာရင် ရတနာပုံကျေးရွာ မရောက်ခင်မှာ ဘုရားထံဂူဆိုတဲ့ ဆိုင်းဘုတ်ကို ကားလမ်းဘေးမှာ တွေ့ရမှာဖြစ်ပါတယ်။ အဲဒီဆိုင်းဘုတ်အတိုင်း လမ်းညွှန်ထားတဲ့ မြေနီလမ်းအတိုင်း မော်တော်ကား၊ ဆိုင်ကယ်နဲ့ မောင်းဝင်သွားရင် မိနစ် ၃၀ ခန့်အတွင်း သဘာဝဂူကို ရောက်ရှိမှာဖြစ်ပါတယ်။ ကားလမ်းကနေပြီး လမ်းလျှောက်ဝင်ရောက်ရင်တော့ အချိန်တစ်နာရီခန့်ဆို ရောက်နိုင်တာမို့ နှစ်မျိုးစလုံးအဆင်ပြေပါတယ်။

လမ်းလျှောက်ဝင်ရောက်တဲ့ ခရီးသွားတွေအတွက်တော့ သဘာဝတောတောင်ရေမြေနဲ့ ပတ်ဝန်းကျင်အနေအထားကို ကိုယ်တိုင်မြင်တွေ့ အနီးကပ်ခံစားလို့ရတဲ့ အခွင့်အရေးရရှိမှာဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်အတွင်းမှာ တည်ရှိနေတဲ့ သဘာဝပေါက်ပင်တွေ၊ မြေမျက်နှာသွင်ပြင်တွေနဲ့ ရာသီဥတုအခြေအနေတွေ ကွဲပြားနေတာလည်း သတိပြုစရာဖြစ်ပါတယ်။ မိုးရာသီဆိုရင် ဆိုင်ကယ်နဲ့ရော၊ ခြေကျင်အနေနဲ့ရော သွားလို့ရပြီး လမ်းတစ်လျှောက် သာသာယာယာနဲ့ စိတ်ချမ်းမြေ့စရာကောင်းသလို ကြည်နူးစရာလည်းကောင်းပါတယ်။ ဒါပေမယ့် မိုးရာသီဆိုရင် ပတ်ဝန်းကျင်သာယာပေမယ့် လမ်းသိပ်မကောင်းတာမို့ သွားလာရတာ အနည်းငယ်အခက်အခဲရှိတတ်ပါတယ်။

ဘုရားထံဂူကို သွားတဲ့လမ်းမှာ တောရိုင်းတိရစ္ဆာန်တွေဖြစ်တဲ့ တောဝက်၊ ဝက်ဝံ၊ ကြံ့၊ တောကျွဲ၊ ဆတ်၊ တောင်ဆိတ်၊ ချေ၊ တောခွေး၊ ကြံ့သူတော်၊ သင်းခွေချပ်၊ ကြောင်မင်းနဲ့မျောက် အမျိုးမျိုးတွေကို တွေ့ရတတ်လေ့ရှိပါတယ်။ တနင်္သာရီတောင်တန်းတောင်ကြောတွေကို မြင်တွေ့ရမှာဖြစ်ပြီး ဘုတ်ပြင်းမြို့နယ်အတွင်း အမြင့်ဆုံးတောင်ဖြစ်တဲ့ ကျောက်ညှပ်တောင်ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၄၁၉ ပေ မြင့်ကြောင်း သိရပါတယ်။

ဒီသဘာဝလိုဏ်ဂူအနီးမှာတည်ရှိတဲ့ ရတနာပုံကျေးရွာ အနီးဝန်းကျင်ဟာ သစ်တောတွေထူထပ်ပြီး လူနေလည်းကျဲပါးတဲ့အတွက် တိတ်ဆိတ်ငြိမ်းချမ်းနေပါတယ်။ ဘုတ်ပြင်းမြို့နယ်အတွင်းမှာ ဒီလို သဘာဝလိုဏ်ဂူတွေတည်ရှိနေတာဟာ ထူးခြားပြီး ဘူမိအနေအထားအရ စိတ်ဝင်စားဖို့လည်းကောင်းပါတယ်။ ကျောက်တောင်လိုဏ်ဂူ အမျိုးအစားဖြစ်တာမို့ လိုဏ်ဂူနဲ့အနီးတစ်ဝိုက်မှာ မြင့်မားတဲ့ကျောက်ဆောင်တွေကို တွေ့မြင်ရမှာဖြစ်ပါတယ်။

နွေရာသီဆိုရင် ဂူရှေ့အထိ မော်တော်ကားနဲ့ မောင်းနှင်သွားရောက်လို့ရတာမို့ သွားလာရေးအဆင်ပြေပါတယ်။ ဒါ့အပြင်လိုဏ်ဂူအတွင်း ဝင်ရောက်လေ့လာဖို့အတွက်လည်း အဆင်ပြေပါတယ်။ မိုးရာသီဆိုရင် ဂူအတွင်းမှာ စိုစွတ်ထိုင်းမှိုင်းသလို အဆိပ်ရှိသတ္တဝါတွေ ခိုအောင်းနိုင်တာမို့ စိတ်တိုင်းကျလေ့လာနိုင်ဖို့ အခက်အခဲရှိပါတယ်။ မိုးတွင်းကာလမှာ တောကောင်တွေ ဝင်ရောက်ခိုအောင်းနိုင်တာမို့ သတိပြုရမှာဖြစ်ပါတယ်။

ဂူအတွင်းမှာတော့ သဘာဝကျောက်စက်ပန်းဆွဲတွေကို ထူးထူးခြားခြားတွေ့မြင်ရပြီး အချို့ဂူနံရံတွေမှာ အဲဒီကျောက်စက်ပန်းဆွဲတွေဟာ ကျောက်စိုင် ကျောက်မှိုပွင့်တွေ ပုံသဏ္ဌာန်မျိုး သဘာဝအတိုင်း ဖြစ်ပေါ်နေပါတယ်။ ဒေသခံတွေကလည်း "ဘုရားထံ" ဂူလို့ ခေါ်ကြတဲ့ ဒီလိုဏ်ဂူဟာ အရင်ကတော့ လူအရောက်အပေါက်နည်းပါးခဲ့ပေမယ့် အခုတော့ခြောက်သွေ့ရာသီကာလတွေမှာ ခရီးသွားတွေ အနည်းငယ်လာရောက်ကြပါတယ်။ ဒါ့အပြင် ဒီလိုဏ်ဂူမှာ အခုတော့ ရဟန်းတော်တစ်ပါး သာသနာပြုလုပ်ငန်းတွေ ဆောင်ရွက်နေပြီး ကျောက်တောင်နံရံ၊ လိုဏ်ဂူနံရံတွေမှာ ဗုဒ္ဓဆင်းတုတော်တွေ ထားရှိပူဇော်ထားတာတွေ့ရှိရပါတယ်။

လိုဏ်ဂူအတွင်း အချို့အဆင်း အတက်နေရာတွေမှာ သစ်သားလှေကားတွေကို ခိုင်ခိုင်ခံ့ခံ့တည်ဆောက်တပ်ဆင်ပေးထားတာမို့ လေ့လာရတာ အဆင်ပြေမှုတော့ ရှိပါတယ်။ အသက်အရွယ်ကြီးရင့်သူတွေအတွက်တော့ ဗုဒ္ဓဆင်းတုတော်တွေကို အနီးကပ်ဖူးမြော်နိုင်ဖို့အခက်အခဲ ရှိနိုင်ပါတယ်။ အရွယ်အစားစုံလင်တဲ့ ဗုဒ္ဓဆင်းတုတော်တွေအနက် အချို့က မတ်ရပ်ဆင်းတုတော်၊ ထိုင်လျက်ဆင်းတုတော်စတဲ့ ပုံသဏ္ဌာန်မျိုးစုံကို ဖူးတွေ့နိုင်ပါတယ်။

လိုဏ်ဂူအတွင်း ကျောက်စိုင်၊ ကျောက်သားတွေနဲ့ ကျောက်စက်ပန်းဆွဲတွေဟာ လက်ရာမြောက် ပန်းပုဆရာတစ်ဦးက ထွင်းထုထားသလို ပီပီပြင်ပြင်ရှိနေပါတယ်။ ဗုဒ္ဓဆင်းတုတော်တွေထားရှိတဲ့ ကျောက်သားနေရာတွေဟာလည်း သဘာဝအတိုင်း ဖြစ်တည်နေတာမို့ စိတ်ဝင်စားစရာ ကောင်းပါတယ်။ လိုဏ်ဂူအပြင်ဘက်ကို ကြည့်ရင် ဖြူဖွေးတဲ့ ကျောက်သားကျောက်စိုင်တွေဟာ လူတွေလက်နဲ့ အဆုပ်လိုက်လုပ်ပြီး ကပ်ထားသလို ဖြစ်နေတာက ထူးခြားနေပါတယ်။

ဒီလိုဏ်ဂူဟာ တစ်ဂူတည်း တည်ရှိနေတာမဟုတ်ဘဲ ဂူလေးငါးခုတွဲပြီး သဘာဝအတိုင်း ဖြစ်ပေါ်နေတာကလည်း စိတ်ဝင်စားစရာဖြစ်ပါတယ်။ သဘာဝကျောက်လိုဏ်ဂူရဲ့အပြင်ဘက်မှာ စိမ်းစိုနေတဲ့ သစ်ပင်တွေ ပေါက်ရောက်နေတာဟာ ကျောက်တောင်နံရံကမ်းပါးတွေပေါ်မှာအထိ ရှိနေတာမို့ သဘာဝအတိုင်း မာကျောတဲ့ ကျောက်တောင်တွေမှာတောင် သစ်ပင်ပေါက်ရောက် ရှင်သန်နိုင်တဲ့ အခြေအနေရှိနေတာက စိတ်ဝင်စားဖွယ်ရာ ဆွဲဆောင်မှုတစ်ခုပါပဲ။

ဒီလိုဏ်ဂူဟာ အလောင်းမင်းတရား ဦးအောင်ဇေယျက ယိုးဒယားကို စစ်ချီတဲ့အချိန်မှာ စခန်းချရာနေရာတစ်ခုဖြစ်ခဲ့ပြီး သူ့ရဲ့တပ်တွေဟာ ဒီဝန်းကျင်မှာ ရက်အတန်ကြာ စခန်းချခဲ့တယ်လို့ ဒေသခံအချို့က ပြောကြပါတယ်။ ဒီလိုဏ်ဂူနဲ့ ထိုင်းနိုင်ငံနယ်စပ်က သိပ်မဝေးတာမို့ စခန်းချခဲ့တာဟာ နယ်မြေအခြေအနေအရ ရွေးချယ်ခဲ့တာလည်း ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ ဒီသဘာဝကျောက်လိုဏ်ဂူအတွင်းမှာ အလောင်းမင်းတရား ဦးအောင်ဇေယျ အထိမ်းအမှတ် အမှတ်တရတွေကို တွေ့ရမှာဖြစ်ပါတယ်။

အပြင်ဘက် ကျောက်တောင်ပေါ်မှာတော့ ဇီဝဖိုးငှက်တွေရဲ့ သဘာဝငှက်သိုက်တွေရှိနေပြီး ငှက်သိုက်ရှာဖွေသူတွေ လာရောက်ကြကြောင်းလည်း ဒေသခံတွေက ပြောပါတယ်။ တဖြည်းဖြည်းနဲ့ ရှားပါးလာတဲ့ သဘာဝငှက်သိုက်တွေဟာ ဈေးကွက်မှာ ဝယ်လိုအားများပြီး ဈေးနှုန်းလည်း မြင့်တာမို့ ငှက်သိုက်မုဆိုးတွေ လာရောက်ကြတာလည်း ဖြစ်ပါတယ်။

ဒီလိုလေ့လာစရာတွေရှိနေတဲ့အပြင် ခြောက်သွေ့တဲ့ ရာသီမှာ ခရီးသွားတွေအတွက် ထူးခြားတဲ့ သဘာဝကျောက်လိုဏ်ဂူ ခရီးစဉ်ဟာ သွားလာရေးလည်း အဆင်ပြေတာမို့ ရွေးချယ်သွားရောက်ဖို့ ကောင်းတဲ့ ခရီးစဉ်ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ ဒီလို သဘာဝကျောက်လိုဏ်ဂူတွေ တည်ရှိတာဟာ ထူးခြားမှုဖြစ်သလို ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူပြုမှာ ဖြစ်ပါတယ်။

ဘုတ်ပြင်းမြို့နယ်အတွင်းက ဘုရားထံဂူလို့ အမည်ပေးထားတဲ့ သဘာဝကျောက်လိုဏ်ဂူ ခရီးစဉ်ဟာ ပြည်တွင်း ပြည်ပ ခရီးသွားတွေအတွက် စိတ်လှုပ်ရှားစရာကောင်းတဲ့ ခရီးစဉ်အဖြစ် တည်ရှိနေတာမို့ ကိုဗစ်ကာလအလွန်မှာ ရွေးချယ်သွားရောက်လေ့လာသင့်တဲ့ နေရာတစ်ခုအဖြစ် စောင့်ကြိုနေတာ အမှန်ပါပဲ။ ။

**❑ ဘုတ်ပြင်းမြို့နယ်အတွင်းမှာ ဒီလို သဘာဝလိုဏ်ဂူတွေတည်ရှိနေတာဟာ ထူးခြားပြီး ဘူမိအနေအထားအရ စိတ်ဝင်စားဖို့လည်းကောင်းပါတယ်။ ကျောက်တောင်လိုဏ်ဂူ အမျိုးအစားဖြစ်တာမို့ လိုဏ်ဂူနဲ့အနီးတစ်ဝိုက်မှာ မြင့်မားတဲ့ ကျောက်ဆောင်တွေကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဂူအတွင်းမှာတော့ သဘာဝကျောက်စက်ပန်းဆွဲတွေကို ထူးထူးခြားခြားတွေ့မြင်ရပြီး အချို့ဂူနံရံတွေမှာ အဲဒီကျောက်စက်ပန်းဆွဲတွေဟာ ကျောက်စိုင် ကျောက်မှိုပွင့်တွေ ပုံသဏ္ဌာန်မျိုး သဘာဝအတိုင်း ဖြစ်ပေါ်နေပါတယ်**

## မြို့သစ်မြို့နယ် ပန်းခင်းစီမံချက်ဖြင့်လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်

**မြို့သစ် မေ ၂၆**

မကွေးခရိုင် မြို့သစ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးတင်စိုးနှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်အရ အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မေလပထမပတ်မှစတင်၍ မြို့နယ်ရုံးနှင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးသည်။



**အမြန်ဆုံးဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်အတွင်း အမှန်တကယ်နေထိုင်ခြင်း၊ မှတ်ပုံတင်ကတ်မရှိခြင်း၊ အိမ်ထောင်စု လူဦးရေစာရင်းရှိပြီး မှတ်ပုံတင်ကတ်မရှိသူများ၊ လက်ရှိဇာတိတွင် အမြဲနေထိုင်ပြီး လူဦးရေစာရင်းမရှိသူများကို ပန်းခင်းစီမံချက်ဖြင့် အမြန်ဆုံး ဆောင်ရွက်ပေးသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ရာတွင် မြို့သစ်မြို့နယ် အတွင်းရှိ ကာကွယ်ရေးပစ္စည်း စက်ရုံနှင့် ပေကုန်းကျေးရွာ၊ ရုံးတိုင်မြောင်ကျေးရွာ၊ သပွတ်ကုန်းကျေးရွာများရှိ မှတ်ပုံတင်ကတ်မပြုလုပ်ရသေးသူများကို မေ ၂၅ ရက်က ဆောင်ရွက်ပေးလျက်ရှိပြီး အခြားကျန်ရှိသည့် ကျေးရွာများကိုလည်း အဖွဲ့ခွဲကာ ကျေးရွာအရောက် သွားရောက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးတင်စိုးထံမှ သိရသည်။

**ကိုဇော်**

**(ပြန်/ဆက်)**

## ကာလိမြို့ အခြေခံပညာစာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**ကာလိ မေ ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း ကာလိမြို့ရှိအခြေခံပညာစာသင်ကျောင်းများ၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မေ ၂၄ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံခြင်းများ အခမဲ့လက်ခံဆောင်ရွက်ပေးသည်။

အဆိုပါ ကာလိမြို့အခြေခံပညာအထက်တန်းကျောင်း၊ ကျိုင်းလွန်းအခြေခံပညာ အလယ်တန်းကျောင်းခွဲ၊ မိုင်းယိုင်းအခြေခံပညာမူလတန်းကျောင်း၊ လွိုင်ချိုအခြေခံပညာ မူလတန်းကျောင်းတို့၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် အခြေခံပညာ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တာဝန်ကျဆရာ ဆရာမများက ကျောင်းသားကျောင်းသူများအား အခမဲ့လက်ခံဆောင်ရွက်ပေးသည့်အပြင် နိုင်ငံတော်က ထောက်ပံ့ပေးအပ်သော ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံများနှင့် ပါးစပ်၊ နှာခေါင်းစည်း၊ မျက်နှာအကာတို့ကို အခမဲ့ ပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝန်းသိုမြို့နယ် အောင်သာကုန်းကျေးရွာ၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ကျောင်းဖွင့်နိုင်ရေး စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်လျက်ရှိ

**ဝန်းသို မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ကင်းမြင်သာ ကျေးရွာအုပ်စု အောင်သကုန်း ကျေးရွာ၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ကျောင်းဖွင့်နိုင်ရေး စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ပေ ၆၀ ၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိပြီး သွပ်မိုး၊ အုတ်ရိုးစီ၊ တစ်ထပ်အုတ်ညှပ် အမျိုးအစားဖြစ်ကာ စီမံကိန်းထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၆ သိန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာလူထုကိုယ်တိုင်ပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရ သည်။

"ကျွန်တော်တို့ ရွာမှာရှိတဲ့ ကလေးတွေက တစ်မိုင်ခန့်ဝေးတဲ့ ခပ်ချိုကျေးရွာမှာ ကျောင်းသွားတက်ရတယ်၊ ကျွန်တော်တို့ဒေသက မိုးများတဲ့ ဒေသဆိုတော့ မိုးတွင်းဆိုရင် လမ်းတွေကရေမြုပ်တယ်။ မိဘတွေက စိုးရိမ်တော့ အလုပ်အပျက်ခံပြီး ကျောင်းပို့ကျောင်းကြိုကို အချိန်ပေးပြီးလုပ်ကြရပါတယ်။ တစ်ခါတလေ ကျောင်းပျက်ရက်တွေတောင် ရှိပါတယ်။ ငယ်ရွယ်တဲ့ ကလေးတွေဆိုရင် လမ်းသွားလမ်းလာကားတွေ၊ ဆိုင်ကယ်တွေရဲ့ အန္တရာယ်ကို စိုးရိမ်နေကြရတယ်၊ အခုဒီစီမံကိန်းရတော့ ရွာသားအားလုံးရဲ့ သဘောတူ ဆုံးဖြတ်ချက်နဲ့ ကျောင်းဆောင်သစ် ဆောက်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်" ဟု ကျေးရွာခေါင်းဆောင် ဦးနိုင်ဇင်ထွန်းက ပြောသည်။



အဆိုပါ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကို ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် ကိုယ်ပိုင်စိတ်ဓာတ် မွေးမြူနိုင်ပြီး မိမိကိုယ်တိုင်ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးရေးရလဒ်များကို တန်ဖိုးထားထိန်းသိမ်းတတ်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဝန်းသိုမြို့နယ်တွင် ကျေးရွာ တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးပြီး ကျေးရွာပေါင်း ၂၂ ရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မွေးကြူဇင်**



## နတ်မောက်မြို့နယ်၌ အုတ်ရေမြောင်းတည်ဆောက်ရေး လုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**နတ်မောက် မေ ၂၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အုတ်ရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နတ်မောက်မြို့ ကန်ကြီးအောက်လမ်းရှိ အုတ်ရေမြောင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ခြင်းလုပ်ငန်းသည် ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်သည်။

ထို့ပြင် နတ်မောက်မြို့ မြစည်းကုန်လမ်း အုတ်ရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းလည်း ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**သင်းသင်းမြတ်**

## ကျိုင်းတုံမြို့နယ်တွင် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

**ကျိုင်းတုံ မေ ၂၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်ရှိ တောင်သူများ အဆင်ပြေစေနိုင်ရေးအတွက် နိုင်ငံတော်က အတိုးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၆ ရက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျိုင်းတုံမြို့နယ်ခွဲရုံးတွင် ဒေသခံတောင်သူများအား စတင်ထုတ်ချေးပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် စပါးစိုက်ကေတစ်ဧကကို ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံစိုက်ပျိုးဧက တစ်ဧကကို ငွေကျပ် ၁၀၀၀၀၀ နှုန်း၊ တစ်နှစ်လျှင် အတိုး ၅ ရာခိုင်နှုန်းဖြင့် ကျိုင်းတုံမြို့နယ် ပင်းတောက်ကျေးရွာအုပ်စုမှ တောင်သူ ၁၀ ဦး၊ စိုက်ပျိုးမြေဧက ၂၈ ဧကအတွက် စုစုပေါင်းငွေကျပ် ၄၂ သိန်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျိုင်းတုံမြို့နယ်ခွဲရုံးမှ ထုတ်ချေးပေးကြောင်း သိရသည်။

ကျိုင်းတုံမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ လာမည့်မိုးစပါးစိုက်ပျိုးချိန်နှင့် အခြားစိုက်ပျိုးသီးနှံများ စိုက်ပျိုးရာတွင် အထောက်အကူဖြစ်စေရန် နိုင်ငံတော်အစိုးရက အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခြင်းဖြစ်ကြောင်းနှင့် ကျန်ရှိသည့်တောင်သူများအား လာမည့် စက်တင်ဘာလကုန်တွင် စိုက်ပျိုးစရိတ်ချေးငွေများကို ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း ကျိုင်းတုံမြို့နယ်ခွဲ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးကျော်လွင်အောင်ထံမှ သိရသည်။

**အောင်ဇင်မြင့်**

❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း






မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း


ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း


ရေပန်းအကြီး


မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း


ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း


သုစမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်(၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုစမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# ပထမဆုံး မြန်နန္ဒာနိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ ယခုမေလအတွင်းမှ စတင်လျှောက်ထားနိုင်ပြီ



ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ မြန်နန္ဒာနိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာကို တွေ့ရစဉ်။

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် (၇၃) ရပ်ကွက် မြန်နန္ဒာလမ်းပေါ်တွင် နိုင်ငံ့ဝန်ထမ်းများအတွက် ပထမဆုံးရည်ရွယ်ကာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ထားသော မြန်နန္ဒာနိုင်ငံ့ဝန်ထမ်းအငှား အိမ်ရာ ၄၇၆ ခန်းသည် ယခုအခါတွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ယခုမေလအတွင်းမှစတင်ကာ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများကို ဦးစားပေးအငှားချပေးသွားမည်ဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာန မြန်နန္ဒာဝန်ထမ်းအငှားအိမ်ရာ စီမံခန့်ခွဲရေးကော်မတီမှသိရသည်။

"အဓိကကတော့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လက်ရှိ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းတွေကို ဦးစားပေးငှားပေးဖို့ ဖြစ်ပါတယ်။ အိမ်ရာကော်မတီ ဖွဲ့ထားပါတယ်။ ဒီကော်မတီကနေပဲ သက်ဆိုင်ရာဌာနဆိုင်ရာတွေကိုလည်း စာတွေ ထုတ်ပေးထားပါတယ်။ တချို့ ဌာနတွေဆိုရင် ဝန်ထမ်းတွေကို အိမ်ရာမပေးနိုင်ပါဘူး။ ပြင်ပမှာ ငှားရမ်းနေပြီး အလုပ်ဆင်းနေရတဲ့ဝန်ထမ်းတွေကို ဦးစားပေး သွားမှာဖြစ်ပါတယ်။ *စာမျက်နှာ ၁၇ ကော်လံ ၃* ❖

အချပ်ပို ၈ မျက်နှာပါရှိ

၂၇-၅-၂၀၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

ရှမ်းပြည်နယ် နမ့်စန်မြို့နယ်၊ မိုင်းပျဉ်းမြို့နယ်၊ ဟိုပုံးမြို့နယ်၊ လွိုင်လင်မြို့နယ်၊ ရပ်စောက်မြို့နယ်၊ တာချီလိတ်မြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခြင်း အချပ်ပို ၈ မျက်နှာ ဖော်ပြပါရှိပါသည်။

အပစ်အခတ်ရပ်စဲမှုဖြင့် ပြည်သူတွေရဲ့ အသက်တွေကို ကာကွယ်နိုင်ခဲ့တဲ့ အစ္စရေးနဲ့ ဂါဇာတို့ရဲ့ ပဋိပက္ခ စာ ၁၄

အနုပညာကို အရောင်မဆိုးကြလေနှင့် စာ ၂၀

## ဒိန်းမတ်ပထမတန်းကလပ်တွင် ကစားနေသည့် ချင်းလူငယ်ကစားသမားတစ်ဦး ဒိန်းမတ် ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံရ

ရန်ကုန် မေ ၂၆

ဒိန်းမတ်ပထမတန်းကလပ် Esbjerg FB အသင်း လူငယ်အသင်းတွင် ပါဝင်ကစားနေသည့် ချင်းလူမျိုး လူငယ်ကစားသမားတစ်ဦးဖြစ်သည့် Phun Za Mang သည် ဒိန်းမတ် ယူ-၁၆ လူငယ်လက်ရွေးစင် အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ဒိန်းမတ် ယူ-၁၆ အသင်းတွင် Phun Za Mang ရွေးချယ်ခံရမှုကို မြန်မာ နေရှင်နယ်လိဂ်ကလပ် Chinland အသင်းက ဖော်ပြခဲ့ပြီး ဂုဏ်ယူဝမ်းမြောက်ကြောင်းပါ ရေးသားဖော်ပြခဲ့သည်။

### လူငယ်အသင်းတွင် ပါဝင်ကစားနေ

Phun Za Mang သည် ချင်းပြည်နယ် မတူပီမြို့မှ ဒိန်းမတ်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်သူဖြစ်ပြီး အသက် ၁၆ နှစ်ရှိသေးကာ တိုက်စစ်နေရာနှင့် တောင်ပံတိုက်စစ်နေရာတို့တွင် ကစားနေသူဖြစ်သည်။ Phun Za Mang သည် ဒိန်းမတ် ယူ-၁၂ အသင်းတွင်လည်း ရွေးချယ်ခံရဖူးပြီး ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းတွင် ထပ်မံရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ ၎င်းသည် ဒိန်းမတ်ပထမတန်းကလပ် Esbjerg FB အသင်း၏ လူငယ်အသင်းတွင် ပါဝင်ကစားနေသူဖြစ်ပြီး ၂၀၂၀-၂၀၂၁ ရာသီတွင် စီနီယာအသင်းအတွက်ပါ ကစားခဲ့ရကြောင်း သိရသည်။ Phun Za Mang သည် ယခုရာသီတွင် Esbjerg FB လူငယ်အသင်းအတွက် ရှစ်ပွဲကစား နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဒိန်းမတ် ယူ-၁၆ အသင်းသည် ဇွန် ၃ရက်နှင့် ၅ ရက်တွင် ပေါ်တူဂီ ယူ-၁၆ အသင်းနှင့် ခြေစမ်းပွဲကစားမည်ဖြစ်ပြီး Phun Za Mang သည် ယင်းပွဲအတွက် ရွေးချယ်ခံရခြင်းဖြစ်သည်။



သတင်း - ရဲရင့်လွင်

ဓာတ်ပုံ - Phunmang Instagram

## ပဲလေ့စ်တိုက်စစ်ကစားသမား ဇာဟာ ကို အဲဗာတန်နှင့် စပါးအသင်းတို့ ခေါ်ယူရန် ဆန္ဒရှိနေ




ခရစ္စတယ်ပဲလေ့စ် တိုက်စစ်ကစားသမား ဇာဟာ။

ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းနှင့် စပါးအသင်းတို့သည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ခရစ္စတယ်ပဲလေ့စ်တိုက်စစ်ကစားသမား ဇာဟာကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ တိုက်စစ်ကစားသမား ဇာဟာကိုယ်တိုင်အသင်းမှ ထွက်ခွာလိုကြောင်း ဆန္ဒရှိနေသည့်အတွက် ပဲလေ့စ်အသင်းအနေဖြင့် အဆိုပါ ကစားသမားကို ထိန်းထားရန် မလွယ်ကူကြောင်းလည်း ဖော်ပြထားသည်။

ထို့အပြင် တိုက်စစ်ကစားသမား ဇာဟာအနေဖြင့် ပဲလေ့စ်အသင်းမှ ထွက်ခွာရန်ဆန္ဒရှိနေသည့် အဓိက အကြောင်းအရင်းမှာ အသင်းနည်းပြ ရွိုင်းဟော့ဆန် ထွက်ခွာမှုကြောင့်ဖြစ်နိုင်ဖွယ်ရှိကြောင်းလည်း သတင်းများတွင် ဖော်ပြထားသည်။ ရွိုင်းဟော့ဆန်သည် ပဲလေ့စ်အသင်းအတွက် နောက်ဆုံးပွဲစဉ်ကို *စာမျက်နှာ ၁၇ ကော်လံ ၁* ✻